


www.burmeseclassic.com
BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

၉၅၉.၁
ကြီးစကျွ
သိင်္ဂါရွှေရည်နရဏ်ကျော့ကွင်း/ကြီးစကျွ။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၂၂၆ – စာ၊ ၁၂.၅ × ၁၈.၃ စင်တီ။
(၁) ကြီးစကျွ

ထုတ်ဝေသူ ဦးအောင်မြင့်၊ ဖြန့်ချိရေး အောင်မြင်စာပေ၊
အတွင်းပုံနှိပ် နှင့် မျက်နှာဖုံးပုံနှိပ် အောင်မြင်ပုံနှိပ်တိုက်၊ ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ (နိုဝင်ဘာလ)၊ အုပ်ရေ(၅၀၀)။



# အမှာစာ

ဤဝတ္ထုရေးသားရာမှာ...

သမိုင်းအထောက်အထားအချို့ကို အောက်ပါ စာအုပ်များမှ...ကိုးကားရေးသားခဲ့ပါသည်။

(၁) မြန်မာ့စွယ်စုံကျမ်း (အတွဲ-၁၂)
(၂) ဆရာဖိုးကျော် (မဟာဓိဒ္ဒိ)
(၃) ဆရာကြီးလင်းယုန်သစ်လွင်
(သေမင်းတမန်လမ်းပေါ်ဝယ်)
(၄) ဦးလှဒင် ဘာသာပြန်သော...
ဆာဂျေစကော့၏(မြန်မာပြည်အတွေ့အကြုံများ)
Scott of the Shan Hillas,
Edited by G.E Mitton (Lady Scott)
အစရှိသော စာအုပ်များဖြစ်ပါသည်။

(စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

## ဒဿနလက်ဆောင်

❖ တစ်ယောက်တည်း သွားရမယ့်ခရီးကို
အဖော်လိုတယ်ဆိုရင်တော့
ဘဝခရီးဖော်ကို ရှာရပါမယ်၊
အများနဲ့ သွားရမယ့်ခရီးကို
တစ်ယောက်တည်း သွားချင်ရင်တော့
အလှတရား ရှာဖွေခြင်းဖြစ်ပါတယ်။

❖ ကြောက်ရွံ့ခြင်းရဲ့နယ်နိမိတ်အဆုံးမှာ
ရက်စက်ခြင်း ရှိပါတယ်၊
အမုန်းရဲ့နယ်နိမိတ်အဆုံးမှာလည်း
မျှော်လင့်ခြင်းဆိုတာ ရှိနေတတ်တယ်။

❖ အချစ်ကို မစွန့်ခွာနိုင်သမျှ
အမုန်းရဲ့အရသာကို သိရမှာ မဟုတ်ပါဘူး။
ဒီလိုပါပဲ...
အမုန်းကို မစွန့်လွှတ်သမျှတော့
အချစ်ရဲ့အနှစ်သာရကို
တွေ့ရမှာမဟုတ်ပါဘူး။

BURMESE CLASSIC .com

## ဒဿနလက်ဆောင်

❖ မျှော်လင့်ချက်တစ်ခုနဲ့တော့
အချစ်မပါဘဲ လက်မတွဲပါနဲ့၊
ဘာကြောင့်လဲဆိုတော့
နောက်ထပ်လက်တွဲဖော်တွေ
မကြာခဏ တွေ့ရတော့မှာမို့ပါပဲ။

❖ ချစ်သူဘဝ မရောက်ခင်က
ပြောခဲ့တဲ့စကားတွေကို သတိရနေခြင်းဟာ
အချစ်ကို ခိုင်မြဲစေသော
အကြောင်းအချက်တစ်ခုအဖြစ် ပါဝင်ပါတယ်။

❖ ပါရမီဆိုတာ
လေ့ကျင့်ပျိုးထောင်မှ ရပါတယ်၊
လေ့ကျင့်ပျိုးထောင်မှုဆိုတာ
ရည်မှန်းချက်အတွက် လက်နက်ကောင်းတစ်ခု
ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဘဝသန္တလက်ဆောင်

❖ ဆေးပင်တစ်ပင် ပျိုးထောင်ရင်
ပေါင်းပင်တွေက ပွားလာတတ်တယ်၊
ကြာတော့ ပေါင်းပင်ကိုပင်
အသုံးဝင်တဲ့ဆေးပင်လိုလို
ထင်ယောင်ထင်မှား ဖြစ်လာတတ်ပါတယ်။

❖ ပန်းတစ်ပွင့် အလှဆုံးအချိန်ကို လိုချင်ရင်
အဖူးဘဝမှာ မခူးဆွတ်ပါနဲ့
မိတ်ဆွေကောင်း လိုချင်ရင်လည်း
စိတ်ရှည်သည်းခံမှု ရှိရပါမယ်။

❖ ရန်သူကို မိတ်ဆွေဖွဲ့ခြင်းဟာ
အန္တရာယ်များပါတယ်၊
ထို့ထက် မိတ်ဆွေဖြစ်ပြီးသား
လမ်းခွဲရခြင်းက
ပိုပြီးဆုံးရှုံးမှု များပါတယ်။

# ဘဝသန္တလက်ဆောင်

❖ အရှည်လျားဆုံးခရီးတွေထဲမှာ
သံသရာခရီးက အရှည်ဆုံးဖြစ်ပါတယ်
ရပ်ချင်ပေမယ့် ရပ်လို့မရဘူး
အတိုဆုံးလမ်းကတော့ အချစ်ခရီးပါပဲ
ဆက်သွားချင်ပေမယ့်
တစ်နေ့ကျရင် မရပ်ချင်ဘဲ ရပ်ကြရတယ်။

❖ ပါးစပ်က ချီးမွမ်းနေရင်
ကြားလိုက်ရပေမယ့် ကြာရှည်မခံပါဘူး။
နှလုံးသားထဲက ချီးကျူးမှုတွေက
ထာဝစဉ် တည်မြဲတဲ့ ချီးကျူးမှုဖြစ်ပါတယ်။

❖ နေ့သစ်တစ်နေ့ဟာ
စိတ်ကို ရွှင်လန်းတက်ကြွစေပါတယ်၊
ထိုနေ့သစ်ဟာ သေမင်းဆီကို
ခြေတစ်လှမ်းတိုးသွားခြင်းဆိုတာတော့
ဆင်ခြင်သင့်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# ဤစာအုပ်တွင်ပါဝင်သောအခန်းများ


အခန်း(၁) အရှေ့တောင်မှ သေမင်းတမန်လမ်း

အခန်း(၂) လီဒို(သို့မဟုတ်) မရဏလမ်းမကြီး

အခန်း(၃) သေမင်းခံတွင်းသက်ဆင်းရသူများ

အခန်း(၄) တောင်ပေါ်ဒေသမှ လက်ဖက်ယဉ်ကျေးမှု

အခန်း(၅) မမြင်နိုင်သော သဘာဝအန္တရာယ်များ

အခန်း(၆) တောနက်ထဲမှ သေမင်းရနံ့

အခန်း(၇) မြေကျင်းထဲမှ အသားစားသတ္တဝါများ

အခန်း(၈) မာရီယာနှင့် အန္တရာယ်ကျော့ကွင်း

အခန်း(၉) ဒုတိယမြောက် အန္တရာယ်ဘေးမှ ကယ်ရသူ

အခန်း(၁၀) သံလှောင်အိမ်ထဲမှ သံပခြုပ်ဆင်နေသူ

အခန်း(၁၁) ဆီပူအိုးမှ မီးပုံအတွင်း ရောက်ရသူများ

အခန်း(၁၂) အန္တရာယ်စက်ကွင်းမှာ ရုန်းထွက်ရခြင်း

အခန်း(၁၃) မရဏတမန်များနှင့် အပေးအယူ

အခန်း(၁၄) သိဂီရှေ့ရည်ကျော့ကွင်း

အခန်း(၁၅) သေမင်းကျော့ကွင်းသက်ဆင်းကြရခြင်း

အခန်း(၁၆) မရဏလမ်းမှ လက်မတင်လွတ်ကြရခြင်း

အခန်း(၁၇) သွေးရောင်လမ်းမှ မေတ္တာပန်း


BURMESE CLASSIC .com



## အခန်း (၁)

# အရှေ့တောင်မှ သေမင်းတမန်လမ်း

ကမ္ဘာပေါ်မှာ ထင်ရှားကျော်ကြားသော လမ်းမကြီးများ၊ ရှည်လျားသော လမ်းမကြီးများ ရှိလေသည်။ သို့စေကာမူ . . များများတော့ ရှိသည်မဟုတ်ပေ။

အချို့နေရာမှာ ရှိကြသော လမ်းမကြီးများမှာ ရှိပင်ရှိကြသော်လည်း . . . ထင်ရှားမှု မရှိကြပေ။ လူသိများခြင်းလည်း မရှိပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံအတွင်းတွင် ထင်ရှားသောလမ်းမကြီးနှစ်ခု ရှိလေသည်။ တောင်ဘက်ပိုင်းတွင် တစ်ခု၊ မြောက်ဘက်ပိုင်းတွင် တစ်ခုတို့ ဖြစ်ကြလေသည်။

ထိုလမ်းမကြီးများကို (၁၉၄၂)ခု ပတ်ဝန်းကျင်အချိန် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေသောအချိန်တွင် ဖောက်လုပ်ခဲ့ကြခြင်းဖြစ်၏။

ထိုလမ်းနှစ်ခုစလုံးကို 'သေမင်းတမန် လမ်းကြီးများ'ဟုပင် ခေါ်ဝေါ်ကြသည်။

မူလအမည်များ ရှိပြီးဖြစ်သော်လည်း ထိုအမည်များကိုပင် အခေါ်များကြလေသည်။

သေမင်းတမန် လမ်းမကြီးများဟု ခေါ်ဝေါ်ခြင်းကပင် ထိုလမ်းအမည်များနှင့် လိုက်ဖက်လှပေသည်။

အဘယ့်ကြောင့်ဆိုသော် . . .

ထိုလမ်းမကြီးများ ဖောက်လုပ်ခဲ့စဉ်က ချွေးတပ်သားပေါင်း ထောင်သောင်းနှင့်ချီပြီး . အသက်သေဆုံးခဲ့ကြသောကြောင့်ပင်ဖြစ်သည်။

တောင်ဘက်ပိုင်းဒေသတွင် ဖောက်လုပ်ခဲ့သော သေမင်းတမန်လမ်းမကြီးမှာ (၁၉၄၂)ခုနှစ်၊ ဒုတိယကမ္ဘာစစ်ကြီးတွင်းက ဖောက်လုပ်ခဲ့သော ယိုးဒယား သံဖြူဇရပ်လမ်းပင် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသမှ အိန္ဒိယနိုင်ငံ လီဒိုသို့ရောက်သည်အထိ ဖောက်လုပ်ခဲ့သော သေ





မင်းတမန်လမ်းမကြီးတို့ပင် ဖြစ်သည်။

ယိုးဒယားမြန်မာ လမ်းမကြီးသည် အရှေ့တောင်ဘက်၌ရှိပြီး အိန္ဒိယမြန်မာ(လီဒိုလမ်း)လမ်းမကြီးသည် အနောက်မြောက်ဘက်၌ ရှိပေသည်။

ထိုလမ်းမကြီးနှစ်ခုလုံးမှာ (၁၉၄၂)ခုနှစ်ဝန်းကျင်၊ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေချိန်က ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်နေရာပေါင်း ချွေးတပ်သားပေါင်း မြောက်မြားစွာ အသုံးပြုခဲ့ကြရသည်။

ချွေးတပ်သားစခန်းများတွင် သေဆုံးခဲ့ကြသော ချွေးတပ်သားအရေအတွက်မှာလည်း သောင်းဂဏန်းအရေအတွက် ရှိခဲ့လေသည်။

သို့ကြောင့် ထိုလမ်းမကြီးနှစ်ခုစလုံးကို 'သေမင်းတမန် လမ်းမကြီးများ' ဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ပေသည်။

ထိုလမ်းမကြီးနှစ်ခုအကြောင်းကို စစ်သတင်းထောက်များနှင့် သက်ဆိုင်ရာပုဂ္ဂိုလ်များက မှတ်တမ်းရေးထားခဲ့ကြသည်။

ယိုးဒယားသံဖြူဇရပ်လမ်းမကြီး ဖောက်လုပ်ခဲ့စဉ်က အတွေ့အကြုံများကို စာရေးဆရာကြီး လင်းယုန်သစ်လွင်က 'သေမင်းတမန်လမ်းပေါ်ဝယ်' အမည်ဖြင့် ဝတ္ထုရှည်တစ်ပုဒ် ရေးခဲ့သည်။

လီဒိုလမ်းမကြီးအကြောင်းကို အခြေခံပြီး ဆရာဖိုးကျော့က 'မဟာလီဒို'အမည်ဖြင့် ဝတ္ထုရှည်တစ်ပုဒ် ရေးသားထုတ်ဝေခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သေမင်းတမန်လမ်းပေါ်ဝယ်. . စာအုပ်၌ဖော်ပြထားသော သမိုင်းအထောက်အချို့မှာ. . .

ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ယိုးဒယား-မြန်မာ မီးရထားလမ်းကို (၁၉၄၂)ခု မှ(၁၉၄၅)ခုအထိ ဂျပန်တို့ ဖောက်လုပ်ခဲ့လေသည်။

ယိုးဒယားနိုင်ငံ (Ban Pong) ဘန်ပေါင်ဘူတာမှ မြန်မာနိုင်ငံ သံဖြူဇရပ်ဘူတာအထိ (၁၇၅)မိုင် ရှည်လျားလေသည်။

မီးရထားလမ်းဖောက်လုပ်ရာတွင် ယိုးဒယားနိုင်ငံဘက်မှ (Kra) ကရာကျွန်းဆက်ကို ဖြတ်၍ (Chum Phon) ချန်ပုံမှ ဝိတိုရိယအငူမြောက်ဘက်ရှိ (Pak Chan) ပတ်ချန်မြစ်ကမ်းနဖူးအထိ စတင်ဖောက်လုပ်ခဲ့ကြသည်။

ခရီးမိုင်အကွာအဝေးအားဖြင့် (၅၅)မိုင် ဖြစ်သည်။

ဂျပန်တို့သည် ယိုးဒယားမြန်မာ မီးရထားလမ်း ဖောက်လုပ်ရာတွင် မြန်မာပြည်အနယ်နယ်အရပ်ရပ်မှ ချွေးတပ်သားပေါင်း. . (၁၇၇,၀၀၀)တစ်သိန်းခုနစ်သောင်းခုနစ်ထောင် ရရှိအောင် စုဆောင်းစေခဲ့သည်။

သို့ရာတွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးသွား၍ မဟာမိတ်စစ်သချိုင်းကော်မရှင်က ဂျပန်တို့ကို စစ်ဆေးသည့်အခါ၌မူ မြန်မာပြည် အရပ်ရပ်အနယ်နယ်မှ ချွေးတပ်သားပေါင်း. . . (၁၃၀,၀၀၀)တစ်သိန်းသုံးသောင်း စုဆောင်းခဲ့ကြောင်း၊ ထိုအထဲတွင် (၄၀၀၀၀)လေးသောင်း လမ်းခုလတ်၌ ထွက်ပြေးခဲ့ကြကြောင်း။





ချွေးတပ်သားပေါင်း (၁၃၅၀၀) တစ်သောင်းသုံးထောင့်ငါးရာတို့ကို ၎င်းတို့၏အလုပ်တာဝန် ပြီးဆုံးသဖြင့် ပြန်လွှတ်လိုက်ကြောင်း အစီရင်ခံလေသည်။

ဂျပန်တို့ အထက်ပါအစီရင်ခံချက်ကို စစ်သချိုင်း ကော်မရှင်က စိတ်ချယုံကြည်နိုင်ဖွယ်မရှိဟု ယူဆကြလေသည်။

(၁၉၄၇)ခု၊ အောက်တိုဘာလ(၇)ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာသော လန်ဒန်မြို့ ဗြိတိသျှနိုင်ငံခြားရေးရုံးမှ ထုတ်ပြန်ကြေညာချက်တွင်မူ မြန်မာနိုင်ငံမှ ချွေးတပ်သားပေါင်း. . . (၈၀၀၀၀)ရှစ်သောင်းကျော် သေကျေပျက်စီးသည်ဟု ခန့်မှန်းလေသည်။

စစ်သချိုင်းကော်မရှင်လည်း (၃၀,၀၀၀)သုံးသောင်းမှ (၈၀,၀၀၀)ရှစ်သောင်းအထိ သေကျေပျက်စီးမည်ဟု ခန့်မှန်းကြသည်။

ထိုစာရင်းမှာ မြန်မာပြည်မှ ချွေးတပ်သားများ သေကျေပျက်စီးမှု ခန့်မှန်းခြေစာရင်းသာဖြစ်သည်။

ထိုခန့်မှန်းခြေစာရင်းတွင် ယိုးဒယားပြည်ဘက်မှာ ဖြစ်သော ယိုးဒယား၊ မလေး၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် တရုတ် စသော ချွေးတပ်သားများ မပါဝင်ကြသေးပေ။

အထက်ဖော်ပြပါ ခန့်မှန်းချက်စာရင်းမှာလည်း သာမန်အရပ်သားများဖြစ်သော ချွေးတပ်အလုပ်သမားများ၏ စာရင်းသာ ဖြစ်လေသည်။

စစ်သုံ့ပန်း၊ ချွေးတပ်သားတို့၏စာရင်း မပါဝင်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



စစ်သချိုင်းကော်မရှင်သည် စစ်သုံ့ပန်း ချွေးတပ်သားများနှင့် ပတ်သက်၍ သေကျေပျက်စီးမှုကို အောက်ပါအတိုင်း ဖော်ပြလေသည်။

သံဖြူဇရပ် စစ်သချိုင်းတွင် စစ်သုံ့ပန်းချွေးတပ်သားများ ဖြစ်ကြသော ဗြိတိသျှစစ်သားပေါင်း (၁၇၂၈)တစ်ထောင့်ခုနစ်ရာ နှစ်ဆယ့်ရှစ်ယောက်။ ဩစတေးလျစစ်သားပေါင်း (၁၁၆၃) တစ်ထောင့်တစ်ရာ ခြောက်ဆယ့်သုံးယောက်။

ဒတ်ချ်စစ်သားပေါင်း (၆၂၁)ခြောက်ရာနှစ်ဆယ့်တစ် ယောက်၊ စုစုပေါင်း (၃၅၁၂)သုံးထောင်ငါးရာတစ်ဆယ့်နှစ် ယောက် မြှုပ်နှံခဲ့ရကြောင်း ဖော်ပြလေသည်။

ထိုစာရင်းတွင် ယိုးဒယားပြည်၌ မြှုပ်နှံခဲ့ရသော စစ်သုံ့ ပန်း ချွေးတပ်သားတို့ မပါဝင်ကြသေးပေ။

ယိုးဒယားပြည်တွင် ဗြိတိသျှ၊ ဩစတေးလျနှင့် ဒတ်ချ် စစ်သုံ့ပန်း ချွေးတပ်သား (၈၄၀၀)ရှစ်ထောင့်လေးရာ မြှုပ်နှံခြင်း ပြုခဲ့ရသည်ဟု 'စစ်သချိုင်းကော်မရှင်'က ဖော်ပြလေသည်။

စစ်သချိုင်းကော်မရှင်က. . .

ယိုးဒယားနိုင်ငံတွင်လည်းကောင်း၊

မြန်မာနိုင်ငံ သံဖြူဇရပ် စစ်သချိုင်းတွင်လည်းကောင်း မြှုပ်နှံခြင်းပြုခဲ့ရသော စစ်သုံ့ပန်းအလောင်းများအပါအဝင် သေမင်းတမန် မီးရထားလမ်းကို အကြောင်းပြု၍ 'သေကျေပျက်စီးခဲ့ ရသည့် စစ်သုံ့ပန်း ချွေးတပ်သား စုစုပေါင်းသည် (၁၃၅၀၀) တစ်သောင်းသုံးထောင့်ငါးရာထက်မနည်း ရှိလိမ့်မည်ဟု ခန့်မှန်း





ကြသည်။

ဂျပန်တို့သည် သေမင်းတမန် မီးရထားလမ်းကို ဖောက် လုပ်ရာ၌ ရန်ကုန်-မန္တလေး မီးရထားသံလမ်းတစ်လမ်းကို ဖြုတ်ယူအသုံးပြုခဲ့ကြလေသည်။

စစ်ကြီးပြီးသွားသောအခါ ဗြိတိသျှအစိုးရသည် ယိုး ဒယားနိုင်ငံဘက်မှလမ်းကို ပေါင်တစ်သန်းကျော်ဖြင့် ရောင်းချပြီး မြန်မာနိုင်ငံဘက်မှလမ်းကိုမူ ပေါင်တစ်ဆယ့်ခြောက်သန်းဖြင့် ရောင်းချလေသည်။

ထိုမှရသောငွေများကို အသက်မသေဘဲ ကျန်ရစ်ခဲ့ကြ သော ဗြိတိသျှ စစ်သုံ့ပန်းချွေးတပ်သားများအား ခွဲဝေပေးလေ သည်။

သံဖြူဇရပ် စစ်သချိုင်း ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီ ခရိုင် သံဖြူဇရပ်မြို့တွင် (၁၉၄၆)ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်နေ့ တွင် ကျင်းပခဲ့သည်။

ထိုအခမ်းအနားဖွင့်ပွဲသို့ လွတ်လပ်ရေးခေါင်းဆောင် ကြီး ဗိုလ်ချုပ်အောင်ဆန်း၊ မြန်မာဘုရင်ခံ ဆာဟူးဘတ်ရန့်စ်၊ တနင်္သာရီတိုင်းမင်းကြီး ဦးခင်မောင်ရင်၊ ခရစ်ယာန်ဂိုဏ်းအုပ် ဘုန်းတော်ကြီး လော့ဘိရှော့ပ် စသောပုဂ္ဂိုလ်ကြီးများနှင့် ထိုစဉ် အခါက အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

အထက်ပါအကြောင်းအရာများမှာ (The Burma Siam Railway ၁၉၄၂-၄၅) စာအုပ်၌ ရေးသားဖော်ပြထား သောအကြောင်း ဆရာကြီးလင်းယုန်သစ်လွင်က ၎င်းရေးသားခဲ့



www.burmeseclassic.com

www.burmeseclassic.com



သောစာအုပ်နိဒါန်း၌ ရေးသားဖော်ပြထားခဲ့ပေသည်။

အထက်ပါ ရေးသားဖော်ပြချက်အချို့မှာ မြန်မာနိုင်ငံ အရှေ့တောင်ဒေသဘက်တွင် နာမည်ကြီးလှသည့် သေမင်းတမန်လမ်းနှင့် ပတ်သတ်သည့် အချက်အလက်အချို့သာ ဖြစ်ပေသည်။

ထိုအချိန်က မြန်မာယိုးဒယားလမ်း ဖောက်ရာတွင် ပါသွားခဲ့ကြသူများ၊ ချွေးတပ်သားဘဝ ရောက်ခဲ့ကြရသူများမှာ သေမင်းတမန်နိုင်ငံသို့ အပို့ခံရသည်နှင့် မခြားလှဘဲ ရှိကြလေသည်။

မိမိတို့နေရပ်သို့ အသက်ရှင်လျက်နှင့် ပြန်ရောက်နိုင်ရန် ဘယ်လိုမှ မမျှော်လင့်နိုင်ကြပေ။

နေပူမရှောင်၊ မိုးရွာမရှောင် တောတောင်ထဲမှာ ပင်ပင်ပန်းပန်း လုပ်ကြရသည်က တစ်ကြောင်း၊

အစားအသောက် ချို့တဲ့သည်က တစ်ကြောင်း၊

ငှက်ဖျားနှင့် ဝမ်းပျက်ရောဂါများ နှိပ်စက်သည်က တစ်ကြောင်း၊ ရောဂါဖြစ်လာလျှင်လည်း ဆေးဝါးမရရှိသည်က တစ်ကြောင်းအပြင် ဂျပန်စစ်သားတို့ ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက်မှုများကြောင့် သေကျေပျက်စီးခဲ့ကြရသည်။

သို့ဖြင့် ပင်ပန်းမှုဒဏ်ကို မခံနိုင်ကြသည်ကတစ်ကြောင်း၊ ဂျပန်တို့နှိပ်စက်မှုကို မခံနိုင်ကြသည်က တစ်ကြောင်းကြောင့် အသက်စွန့်ပြီး ထွက်ပြေးခဲ့ကြသူများလည်း ရှိကြလေသည်။

ထိုသို့ထွက်ပြေးလျှင် သေဒဏ်ဟု အမိန့်ထုတ်ထားပြီး





ဖြစ်သောကြောင့် ဂျပန်စစ်သားများက မရမနေ လိုက်လံရှာဖွေကာ သတ်ပစ်ကြသည်။

ထွက်ပြေးသဖြင့် အသတ်ခံရသူများ၏ အလောင်းများကို အခြားသူများမြင်အောင် ပြကြသည်။

ထို့သို့ပြသဖြင့် ကျန်သူများမှာ ကြောက်ရွံ့ပြီး နောက်ထပ် ထွက်မပြေးဝံ့စေရန် ရည်ရွယ်ပြီး တမင်ပြခြင်းဖြစ်သည်။

ဂျပန်တို့သည် မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ချွေးတပ်သားများကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြပြီး သံဖြူဇရပ် ချွေးတပ်စခန်းသို့ ပို့သည်။

ထိုသံဖြူဇရပ်ချွေးတပ်စခန်းမှာ အမှတ်(၁) အခြေစိုက်စခန်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ချွေးတပ်သားတို့ကို ထိုစခန်းသို့ အရင်ပို့လိုက်သည်။

ထိုစခန်းမှတစ်ဆင့် တောထဲမှာရှိသော အလုပ်စခန်းများသို့ အဆင့်ဆင့် ပို့ပေးကြသည်။

အလုပ်လုပ်ကြသောနေရာများမှာ တောထဲတောင်ထဲ၌ဖြစ်ကာ တကယ့်ငရဲစခန်းများဖြစ်သည်။

နေပူမရှောင်၊ မိုးရွာမရှောင် တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ကြရသည်။

ရထားလမ်းဖောက်မည့်နေရာမှာ ရှိနေသော တောင်များကို ဖြိုချကြရသည်။

အချို့ ထက်ခြမ်းခွဲပစ်ရသည်။

သစ်ပင်ကြီးများကို လှဲပစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်မြစ်များကို တူးပစ်ရသည်။ သစ်လုံးကြီးများကို လူအားဖြင့် အခြားနေရာရွှေ့ရသည်။

ထူထပ်လှသော ချုံနွယ်ပိတ်ပေါင်းများ၊ ဆူးချုံဆူးတောများကို ခုတ်ထွင်ဖယ်ရှားကြရသည်။

အချို့နေရာများတွင် ချောင်းများ ရှိနေပါက ရွှံ့နွံတောများကြားမှာ တံတားဆောက်ရသည်။

ထိုသို့ဆောက်ရာမှာလည်း သာမန်လူသွားရုံမျှ မဟုတ်ဘဲ ရထားတစ်စင်း ဖြတ်မောင်း၍ရအောင် ခိုင်ခံ့အောင် သစ်လုံးပေါင်းများစွာ စိုက်ထူအသုံးပြုပြီး တံတားဆောက်ပေးကြရသည်။

ကျောက်ဆောင်များ တွေ့လျှင် ကျောက်တုံးကြီးများကို ဖယ်ရှားပစ်ကြရသည်။

မိုးလင်းသည့်အချိန်မှ နေဝင်ချိန်ရောက်သည့်တိုင်အောင် မရပ်မနား လုပ်ကြရသည်။

ဂျပန်တို့က ကျွဲနွားတိရစ္ဆာန် ခိုင်းသည်ထက်ပင် ပိုမိုဆိုးဝါးစွာ ရက်ရက်စက်စက် ခိုင်းကြသည်။

စစ်ရေးအရ အခြေအနေမကောင်းတော့သည့် ဂျပန်တို့မှာ မည်သူ့ကိုမှ မညှာဘဲ ရက်စက်စွာ ခိုင်းစေကြသည်။ ကျွေးတော့ မဝရေစာဖြစ်ပြီး ရောဂါဖြစ်လျှင်လည်း ဆေးဝါးမရှိပေ။

ဂျပန်စစ်သားများ ချွေးတပ်စခန်းသို့ သွားမည့်သူများကို ငှက်ဖျားရောဂါအတွက် ကွီနိုင်ဆေး သုံးပြားစီသာ ဝေပေးလိုက်သည်။

အခြားရောဂါအတွက် မည်သည့်ဆေးမှ မပေးပေ။





သို့ကြောင့် အလုပ်လုပ်ရင်းနှင့် ရောဂါတစ်ခုခု ရပါက ဆေးမရှိသောကြောင့် အသက်သေရသူတွေ များစွာရှိကြသည်။

နွေရာသီ ပူပြင်းသောအချိန်တွင် သောက်ရေမရသဖြင့် တွေ့သမျှရေကို သောက်ကြရသောကြောင့် ဝမ်းရောဂါရကြသည်။

ဝမ်းရောဂါဖြစ်သည်နှင့် ဆေးမရှိသောကြောင့် အစုလိုက် အပြုံလိုက် သေဆုံးကြရသည်။

မိုးရာသီရောက်သည့်အခါ ခြင်ကိုက်ခံရသဖြင့် ငှက်ဖျားရောဂါ ရကြသည်။

ဂျပန်တို့ပေးလိုက်သော ကွီနိုင်ဆေးသုံးပြားမှာ တကယ်ငှက်ဖျားရောဂါဖြစ်လာသည့်အခါ ဘယ်လိုမှ အကာအကွယ်မပေးနိုင်ကြပေ။

သို့ကြောင့် မိုးရာသီရောက်သောအခါ ငှက်ဖျားရောဂါကြောင့် အစုလိုက်အပြုံလိုက် သေကြရသည်။

နွေရာသီတွင် ငှက်ဖျားရောဂါ မရသော်လည်း သောက်ရေမရသဖြင့် ဝမ်းရောဂါဖြစ်သည်။

မိုးရာသီရောက်တော့ မိုးရေရသော်လည်း ငှက်ဖျားရောဂါက တစ်ပါတည်း ပါလာလေသည်။

ချွေးတပ်စခန်းမှာ သေဆုံးသွားလျှင်တော့ တောတွင်းမှာသေ၊ တောထဲမှာပဲ မြှုပ်ထားခဲ့သည်။

သရဏဂုံတင်ပေးမည့် ဘုန်းကြီးမရှိ၊ ရက်လည်ဆွမ်းသွတ်ပြီး အမျှအတန်း ဝေပေးမည့်သူ မရှိပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် အမှုမရသဖြင့် မကျွတ်မလွတ်သော ဘဝမျိုးဖြင့် ပရလောကမှာ နေကြရသူ ဘယ်လောက်များမည်ကိုပင် မသိနိုင်ကြတော့ပါချေ။

အချို့လည်း ချွေးတပ်စခန်းမှာ ဆက်နေပါက သေရမည့်အတူတူ အရဲစွန့်ကာ ထွက်ပြေးကြသည်။

လွတ်မြောက်ကြသူအချို့ ရှိသော်လည်း အများအားဖြင့်တော့ ဂျပန်တို့လက်က မလွတ်ကြပေ။

ထွက်ပြေးသဖြင့် မိလာလျှင်တော့ မသက်သာတော့ပေ။ လက်သည်းခွဲ ခွာခံရခြင်း၊ ရေနွေးပူပူဖြင့် အလောင်းခံရခြင်းများအပြင် နောက်ဆုံး ရက်ရက်စက်စက် သတ်ပစ်ကြသည်။

သို့ကြောင့် စာရင်းမပေါ်ဘဲ သေဆုံးသွားခဲ့ကြသော ချွေးတပ်သားပေါင်း မည်ရွေ့မည်မျှ ရှိသည်ကိုပင် မခန့်မှန်းနိုင်အောင် ရှိတော့သည်။

ဤကား မြန်မာနိုင်ငံ အရှေ့တောင်ဘက်၌ရှိသော. . သေမင်းတမန်လမ်းဟု နာမည်ကြီးလှသည့် သံဖြူဇရပ် ယိုးဒယားရထားလမ်း ဖောက်လုပ်ခဲ့စဉ်က အဖြစ်ဆိုးများပင်ဖြစ်တော့သည်။





# အခန်း (၂)

# လီဒို သို့မဟုတ် ဓရကာလမ်းမကြီး

မြန်မာနိုင်ငံ၏အရှေ့တောင်တွင် သေမင်းတမန် လမ်းမကြီးဟု နာမည်ကြီးခဲ့သော ယိုးဒယားမြန်မာ မီးရထားလမ်းရှိသလို အနောက်မြောက်ဘက်မှာတော့ လီဒိုလမ်းမကြီး ရှိလေသည်။

လီဒိုလမ်းမကြီးမှာလည်း စတီးဝဲလမ်းဟု အခြားအမည်တစ်မျိုးဖြင့် ကျော်ကြားခဲ့သောလမ်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားသောအချက်မှာ ယိုးဒယားမြန်မာ မီးရထားလမ်းကို ဂျပန်တို့ ဖောက်လုပ်ခဲ့ကြခြင်းဖြစ်ပြီး လီဒိုလမ်းမကြီးကတော့ အမေရိကန်တို့ ဖောက်လုပ်ခဲ့ကြသောလမ်းပင်ဖြစ်ပေသည်။

ထိုလမ်းနှစ်ခုစလုံး ဖောက်လုပ်ရာမှာ မြန်မာနိုင်ငံမှ တိုင်းရင်းသားမြောက်မြားစွာ ပါဝင်ခဲ့ကြရပြီး အသက်ပေါင်းများစွာ စတေးခဲ့ရသော သေမင်းတမန်လမ်းများလည်း ဖြစ်ကြလေသည်။

လီဒိုလမ်းမကြီးမှာ ဒုတိယကမ္ဘာစစ်အတွင်းက အိန္ဒိယနိုင်ငံမှ တရုတ်နိုင်ငံသို့ အရေးကြီးသည့် စစ်ပစ္စည်းကိရိယာများ သယ်ယူပို့ဆောင်နိုင်ရန် ဖောက်လုပ်ခဲ့ရသည့် ရှည်လျားလှသော လမ်းမကြီးတစ်ခုပင်ဖြစ်သည်။

စစ်ကာလအတွင်းက ဖောက်လုပ်ခဲ့ကြသည် ဆိုသော်လည်း အမေရိကန်တို့၏ အင်ဂျင်နီယာပညာရပ်များကို အသုံးပြု တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း ထင်ရှားလေသည်။

(၁၉၄၂)ခုနှစ်ဝန်းကျင်လောက်က မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအားလုံးကို ဂျပန်တပ်မတော်က သိမ်းပိုက်လိုက်သောကြောင့် အမေရိကန်တို့သည် တရုတ်နိုင်ငံနှင့် အဆက်အသွယ်ပြတ်တောက်သွားတော့သည်။

မည်သည့်ပစ္စည်းမျှ မတင်ပို့နိုင်ဘဲ အဆက်အသွယ် ပြတ်တောက်သွားသောကြောင့် (၁၉၄၂)ခုနှစ်၊ ဒီဇင်ဘာလမှာပင် လီဒိုလမ်းမကြီးကို ဖောက်လုပ်ရန် စတင်စီစဉ်ခဲ့ကြခြင်းဖြစ်





ပေသည်။

(၁၉၄၃)ခုနှစ်၊ အောက်တိုဘာလသို့ ရောက်သောအခါ အမေရိကန်ပြည်ထောင်စု အင်ဂျင်နီယာတပ်များမှ ဗိုလ်မှူးချုပ် လူးဝစ်အေပစ်က လီဒိုလမ်း ဖောက်လုပ်ရာတွင် ကွပ်ကဲတာဝန်ယူရလေသည်။

တပ်သားများနှင့်အတူ လီဒိုလမ်းကြောင်းကျသော နေရာများမှာရှိသော ရွာများမှလူများကိုပါ ခေါ်ယူကာ လုပ်ကိုင်ကြရလေသည်။

ဂျပန်တို့ ချွေးတပ်ဆွဲသကဲ့သို့ ၎င်းတို့လည်း ဒေသခံများကို အတင်းအဓမ္မ ခေါ်ယူစေခိုင်းခဲ့ကြခြင်းပင်ဖြစ်သည်။

လီဒိုလမ်းဖောက်လုပ်ရာတွင် တောင်မြင့်ကြီးများ၊ လျှိုမြောင်ချိုင့်ဝှမ်းများကို ဖြတ်ကျော်ဖောက်လုပ်ကြရသည်။ အများအားဖြင့်တော့ တောနက်ကြီးများအတွင်းမှ ဖောက်လုပ်ရသောကြောင့် သဘာဝဘေးများနှင့် သားရဲတိရစ္ဆာန်တို့ ဘေးအန္တရာယ်ကြောင့် လူပေါင်းများစွာ သေကျေပျက်စီးခဲ့ရသည်။

ဟူးကောင်းချိုင့်ဝှမ်းများမှာ တောတောင်ထူထပ်ပြီး အန္တရာယ်များသော ဒေသတစ်ခုဖြစ်သည်။ ထိုအချိန်က ဟူးကောင်းတောင်ကြား၊ ဟူးကောင်းချိုင့်ဝှမ်းဒေသတွင် ကျားဆိုးများ ပေါလှသောကြောင့် ကျားဆွဲသဖြင့် သေကျေပျက်စီးကြရသည်ပင် မနည်းလှပေ။

နောက်ပိုင်းမှာတော့ မြန်မာနိုင်ငံအတွင်း ပန်းဆော်မြို့အထိ ရောက်သည်အထိ ဖောက်လုပ်ကာ တရုတ်-မြန်မာ လမ်းမ



www.burmeseclassic.com

www.burmeseclassic.com



ကြီးနှင့် ဆက်ပေးလိုက်နိုင်သည်။

လီဒိုလမ်းမကြီးကို အမေရိကန်ဒေါ်လာ(၃၇)သန်း အကုန်အကျခံ၍ ဖောက်လုပ်ခဲ့ရာ (၁၉၄၅)ခုနှစ်၊ ဇန်နဝါရီလတွင် ပြီးစီးခဲ့လေသည်။

ထိုလမ်းမကြီး အောင်မြင်စွာ ဖောက်လုပ်ပြီးသွားသောကြောင့် မြန်မာနိုင်ငံကို ဂျပန်တပ်များက သိမ်းယူခဲ့ပြီးနောက် အဆက်အသွယ် ပြတ်တောက်ခဲ့ရသည့် တရုတ်နိုင်ငံနှင့် ပြန်လည်ဆက်သွယ်နိုင်ခဲ့လေသည်။

တရုတ်နိုင်ငံကို အမေရိကန်တို့၏ စစ်လက်နက်ပစ္စည်းများကို ရာပေါင်းများစွာသော ကုန်တင်ကားကြီးများဖြင့် သယ်ယူပို့ဆောင်နိုင်ခဲ့ကြသည်။

၎င်းတို့ ဖော်ပြထားသော စာရင်းဇယားများအရ လီဒိုလမ်းမကြီး ဖောက်လုပ်ရာတွင် အလုပ်သမား တစ်ထောင်ကျော်တို့မှာ ရေဘေး၊ ငှက်ဖျားရောဂါဘေး၊ သားရဲတိရစ္ဆာန်များဘေး၊ ဂျပန်တို့၏ကျည်ဆန်ဘေးအန္တရာယ်ကြောင့် သေဆုံးသွားခဲ့ရသည်ဟု ဖော်ပြထားလေသည်။

လီဒိုလမ်းကို အိန္ဒိယနိုင်ငံ၊ အာသံပြည်နယ်၊ လီဒိုအမည်ရှိသောနေရာမှ စတင်ဖောက်လုပ်ခဲ့သဖြင့် လီဒိုလမ်းဟု ခေါ်ဝေါ်ခဲ့ကြသည်။

ထိုလမ်းမကြီးမှာ အိန္ဒိယနိုင်ငံမှစတင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်းသို့ ရောက်သောအခါ ပတ်ကွိုင်တောင်တန်းကြီးကို ဖြတ်ကျော်ဝင်ရောက်လာပြီးလျှင် တောင်ဘက် မိုးကောင်း၊ မြစ်ကြီး





နားနှင့် ဗန်းမော်မြို့များအထိ ရောက်လေသည်။

ထိုမှတစ်ဆင့် တရုတ်နိုင်ငံထိအောင် ခရီးပေါက်ခဲ့လေသည်။ ထိုလမ်းမကြီး နောက်ဆုံးအပိုင်းဖြစ်သော အစိတ်အပိုင်းသည် နှစ်ရာပေါင်းများစွာကတည်းက ရှိခဲ့သော မာကိုပိုလိုလမ်းအတိုင်းပင်ဖြစ်လေသည်။

လီဒိုလမ်းမကြီးမှာ မိုင်ပေါင်း(၁၀၃၀) ရှည်ပြီး တံတားပေါင်း(၇၀၀)ကျော် ဆောက်လုပ်ဖြတ်ကျော်ခဲ့ရသည်။ လမ်းမှာ မြေသားသက်သက်လမ်းဖြစ်သောကြောင့် အမာခံ ကျောက်တုံးကျောက်ခဲများ မရှိသလောက်ပင်။

ထိုလမ်းမကြီး ဖောက်ပြီးသွားသောအခါ လီဒိုလမ်းဟုပင် ခေါ်ကြသော်လည်း (၁၉၄၅)ခုနှစ် ဇန်နဝါရီလတွင် စစ်သူကြီးချန်ကေရှိတ်က လီဒိုလမ်းကို ပထမဦးဆုံး ကြံစည်စိတ်ကူးခဲ့သော အမေရိကန်ဗိုလ်ချုပ်ကြီး ဂျိုးဇက်စတီးဝဲအမည်ကို ဂုဏ်ပြုသောအားဖြင့် စတီးဝဲလမ်းဟု မှည့်ခေါ်စေခဲ့သည်။

နောက်ပိုင်း တရုတ်ပြည်ဘက်မှ ပိုးကုန်သည်များ အသွားအလာများသဖြင့် ပိုးလမ်းမကြီးဟုလည်း ခေါ်ဝေါ်ခဲ့ကြသေးသည်။

ထိုလမ်းမကြီး ဖောက်လုပ်ခဲ့ခြင်းနှင့်ပတ်သက်ပြီး အခြားစိတ်ဝင်စားစရာ အချက်အလက်အချို့လည်း ရှိပေသေးသည်။

(ထိုမှတ်တမ်းများကို ဆရာဖိုးကျော့က ၎င်း၏ မဟာလီဒို စာအုပ်အရှေ့ပိုင်းတွင် နိဒါန်းအဖြစ်ဖော်ပြထားခဲ့လေသည်)

လီဒိုဆိုသောလမ်းမှာ အိန္ဒိယနိုင်ငံ အာသံပြည်နယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဘင်္ဂလားနယ်တို့ကို ဆက်သွယ်ကာ လီဒိုမှအစပြုခဲ့သော လမ်းမကြီးဖြစ် သည်။

မြန်မာနိုင်ငံအတွင်း ပတ်ကွိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်း မိုးကောင်း၊ မြစ်ကြီးနားမှ ဧရာဝတီမြစ်ကို ဖြတ်ကာ ဗန်းမော်၊ လားရှိုးမှဆက်ကာ တရုတ်ပြည်ဘက်၌ရှိသော မာကိုပိုလိုလမ်းမကြီးနှင့် ဆက်သွယ်ထားသည်။

ထိုလမ်းဖောက်လုပ်ရာတွင် တံတားအတိုအရှည်ပေါင်း (၁၃၀၀)ကျော်၊ အရေးပေါ်အဆောက်အအုံ (၂၃၀၀)ကျော်၊ မော်တော်ကားစက်ပြင်ရုံနှင့် လက်နက်တပ်ဆင်ရုံပေါင်း (၇၀) ကျော်၊ ဟူးကောင်းတောင်ကြားရှိ ရှင်ဗွေယံအတွက် စက်ကြီး၊ စက်ငယ် (၂၀)ကျော်၊ ခုနှစ်တန်လေးသော တွင်ခုံစက်ကြီး (၂) လုံးနှင့် စက်ပြင်ရုံ နှစ်ရုံ၊

ထိုစက်ပြင်ရုံတို့တွင် မော်တော်ကားစက်ပစ္စည်း အစိတ်အပိုင်းအားလုံးကို အပြီးအစီးပြုလုပ်ပေးနိုင်သည်အထိ ပြီးပြည့်စုံမှုရှိလေသည်။

ထို့အပြင် လမ်းတစ်လျှောက်တွင် လေယာဉ်ကွင်း (၃၀) ကျော်နှင့် အရေးပေါ်လူနာသယ် လေယာဉ်ကွင်းငယ် အစိတ်အပိုင်းပေါင်း (၆၀၀)ကျော်ကို. . သီးသန့်အလုပ်သမားပေါင်း (၁၆၀၀၀)နှင့် ဖောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

လမ်းစတင်ဖောက်လုပ်သည်မှ ပြီးဆုံးသည့်အချိန်အထိ (၃)နှစ်မျှ အချိန်ကြာမြင့်လေသည်။

(၁၉၄၃)ခုနှစ်မတိုင်မီကာလနှင့် (၁၉၄၅)ခုနှစ်ကာလကို





စစ်အထူးသတင်းထောက် (Frank Owen)က သူရေးသားခဲ့သည့် (The Campaign in Burma) စာအုပ်၌ အောက်ပါအတိုင်း ရေးသားဖော်ပြထားလေသည်။

မိုးကာလတစ်နေ့တွင် မောင့်ဘက်တန်သည် စတီးဝဲနှင့် တွေ့ဆုံရန် ဟူးကောင်းတောင်ကြားပေါ်မှ လေယာဉ်ပျံဖြင့် ဖြတ်သန်းသွားစဉ် အောက်၌ မြစ်တစ်ခုကိုတွေ့သဖြင့် အရာရှိတစ်ဦးကို မေးကြည့်ရာ. . .

"ဒါ မြစ်မဟုတ်ဘူးဗျ. . လီဒိုလမ်းလေ"

ဟု ပြန်ပြောလေသည်။

စတီးဝဲသည် ထိုလမ်းမကြီးဖောက်လုပ်ရန် စတင်စိတ်ကူးပေါ်သဖြင့် မြေတိုင်းအရာရှိများနှင့် ဆွေးနွေးညှိနှိုင်းသောအခါ အားလုံးက မဖြစ်နိုင်သောအရာဟု ထင်ခဲ့ကြသည်။

စတီးဝဲ၏ အကြမ်းဖျင်းလျာထားချက်တွင် လူနှစ်ရာလောက်နှင့် မြေတွန်းကျွဲရိုင်းစက်(၃)လုံးလောက်ဆိုပါက ဖြစ်နိုင်လောက်သည်ဟု ယူဆခဲ့သည်။

တကယ်တမ်းလုပ်သောအခါ ရွှံ့ဗွက်ကြီးထဲ နစ်မြုပ်နေသော (၂)မိုင်ခန့်ရှည်သော လမ်းတိုကလေးကိုပင် သစ်သား၊ သစ်တုံးများဖြင့် ရက်ပေါင်း(၄၀)ကျော်ကြာအောင် နေ့ရောညပါ လုပ်မှ လွတ်မြောက်သွားခဲ့ပေသည်။ ထို့နောက်မှာတော့ ပတ်ဝန်းကျင်မှာရှိသော ရွာများမှာရှိသော လူများကိုပါ ချေးတပ်ဆွဲခေါ်ယူကာ အသုံးပြုခဲ့ရသောကြောင့် လူပေါင်း(၅၀၀၀၀) ကျော်အထိ ရှိခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလမ်းမကြီးဖောက်လုပ်ရာ လမ်းတစ်လျှောက်မှာရှိကြသော ရွာငယ်များမှ တိုင်းရင်းသားများ ချွေးတပ်ဆွဲခြင်း ခံကြရသည်။

ပထမတော့ ထိုလမ်းမကြီးကို စိတ်ကူးဖြင့်ဖောက်ခဲ့ကြခြင်းဖြစ်သည်။

နောက်ပိုင်းမှာတော့ လူအား၊ စက်အားများအသုံးပြုပြီး တရကြမ်းဖောက်လုပ်ခဲ့သောကြောင့် (၃)နှစ်ကြာသောအခါ အကောင်အထည်ပေါ် လာခဲ့ခြင်း ဖြစ်ပေသည်။

တကယ်တော့ ထိုလမ်းမကြီး ပေါ်ပေါက်လာခြင်းမှာ လွယ်လွယ်ကူကူတော့မဟုတ်ပါချေ။

အချို့တောင်မြင့်ကြီးများမှာ ပေ(၅၀၀၀)ကျော်အထိရှိခဲ့ကြပြီး အနိမ့်ပိုင်းရောက်သည့်အခါ နွံအိုင်များ၊ ချိုင့်ဝှမ်းများအထိဆင်းပြီး အလုပ်လုပ်ကြရသည်။

နွေရာသီရောက်ပါက အလွန်ပူပြီး သောက်ရေရှားလှသည်။

တောင်မြင့်ကြီးများပေါ်မှာ ရေမရှိတော့လျှင် ဘယ်နေရာမှ ရေရှာ၍မရတော့ပေ။

သောက်ရေကို ရေသယ်သောကားများဖြင့် မိုင်ပေါင်းများစွာဝေးသောနေရာအထိ လိုက်လံပို့ပေးရသည်။

အကြောင်းအမျိုးမျိုးကြောင့် ရေသယ်သောကားများရောက်မလာက ပူပြင်းသောအချိန်ကာလတွင် အလုပ်ကြမ်းလုပ်နေကြသူများ လျှာထွက်လုမတတ်ရေငတ်ကြတော့သည်။





မိုးရာသီရောက်သောအခါ ရေများများရသော်လည်း တွေ့သည့်ရေတိုင်း သုံးမရ၊ သောက်မရကြပေ။

ဖက်သွပ်ရေများမှာ ငှက်ဖျားရောဂါပိုးများကို သယ်ဆောင်လာသည့်အပြင် ဝမ်းရောဂါကို ဖြစ်စေနိုင်သည်။

ငှက်ဖျားရောဂါနှင့် ဝမ်းရောဂါဖြစ်ပြီဟေ့ဆိုလျှင်တော့ တစ်ယောက်ချင်းမဟုတ်ဘဲ အစုလိုက်အပြုံလိုက် သေကြရလေသည်။

ထို့ပြင် မိုးများပါသော တောင်ကျရေအန္တရာယ်ကလည်း ကြောက်စရာကောင်းလှသည်။

သစ်ပင်သစ်တုံးများ၊ တိရစ္ဆာန်အသေကောင်များတို့ကို သယ်ဆောင်လာကာ တောင်အမြင့်ကြီးများပေါ်မှ တစ်ဟုန်ထိုးဆင်းလာသော တောင်ကျရေအန္တရာယ်ကြောင့် လူမဆိုထားနှင့် တောထဲမှာ ကျင်လည်ကျက်စားသော တိရစ္ဆာန်များပင် သေကျေပျက်စီးနိုင်သည်။

တောင်ကျရေ ဆင်းလာပြီဆိုသည်နှင့် ဆောက်ထားပြီးသော တံတားများ၊ လမ်းများ၊ ရေတိုက်စားမှုကြောင့် ပျက်စီးကြရသည်။ အချို့ ရေအောက်ရောက်ကုန်သဖြင့် ရှေ့မဆက်နိုင်တော့ဘဲ နောက်ကြောင်းပြန်လှည့်ကြရလေသည်။

အချို့လမ်းများမှာ ဗွက်ပေါက်ကုန်သဖြင့် မော်တော်ကားများ သွားမရသည်အထိဖြစ်ကြသည်။

အချို့ကားများ စက်ယန္တရားများမှာ မြေမာစဉ်က ရှိထားခဲ့သော်လည်း မိုးရွာချသဖြင့် မြေသားပျော့သွားသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကားအစီးလိုက် မြေအောက်သို့ ကျွံဝင်သွားခြင်းမျိုးနှင့်လည်း တွေ့ရသည်။

အဆိုးဝါးဆုံးအန္တရာယ်မှာ ဝမ်းရောဂါနှင့် ငှက်ဖျားရောဂါ အန္တရာယ်များဖြစ်ပြီး . . ကျန်တာကတော့ သဘာဝဘေး အန္တရာယ်များ ဖြစ်သည်။

ထိုအချိန်အခါက တောတောင်များမှာ ယခုအချိန်အခါကဲ့သို့ တောမပြုန်းသေးသောကြောင့် သားရဲတိရစ္ဆာန်တို့၏ အန္တရာယ်ကလည်း ကြောက်စရာအကောင်းဆုံးဖြစ်တော့သည်။

ဟူးကောင်း၊ ရှင်ဗွေယံဘက်တွင် 'ဟူးကောင်းတောင်ကျား' ဟု နာမည်ကြီးသော တောကောင်ကြီးများ အမြောက်အမြားရှိသည်။

နေ့ညမရှောင် အလစ်ချောင်းပြီး အလုပ်သမားတို့ကို ဝင်ဆွဲလေ့ရှိသည်။

တောဆင်ရိုင်းအုပ်များနှင့်တွေ့လျှင်တော့ သေနတ်ဖြင့် ပစ်ခတ်ခြောက်လှန့်သော်မှ ထွက်ပြေးခြင်းမပြုဘဲ လူများရှိရာသို့ တရကြမ်း ဆင်းလာပြီး ရန်မူကြလေသည်။

အခြားအန္တရာယ်များကတော့ ကြွက်များ၊ ကင်းခြေကောက်၊ ခါချဉ်နက်များ၊ မြွေကြီးများ၊ ပဒူကျင်းများ၊ လူသားစားပေါရိသာရ ငါးများ၊ ပင့်ကူကြီးများနှင့် အဆိပ်ပင်များပင်ဖြစ်လေတော့သည်။

အမေရိကန်စစ်သားများက ကျားနှင့်ဆင်ရိုင်းများကိုသာ လူကို အန္တရာယ်ပေးနိုင်သော သားကောင်များအဖြစ် သတ်မှတ်





ကြသော်လည်း အခြားတိရစ္ဆာန်များကိုတော့ အန္တရာယ်ဟုမထင်ကြပေ။

အခြားအန္တရာယ်များကြောင့် အစုလိုက်အပြုံလိုက် သေစေနိုင်သည်ကို သူတို့မသိကြပေ။

လမ်းဖောက်လုပ်ရာတွင် စစ်သားများကို အသုံးပြုခဲ့သည် ဆိုသော်လည်း . . အများဆုံးအသုံးပြုခဲ့သည်ကတော့ မြောက်ပိုင်းဒေသမှာ နေထိုင်ကြသော တိုင်းရင်းသားများသာ ဖြစ်ကြလေသည်။

ရှမ်း၊ ချင်း၊ ကချင်၊ နာဂ၊ လီဆူ၊ ကတူးကနန်း၊ ပလောင်စသော တိုင်းရင်းသားတို့ အများဆုံးပါဝင်ကြလေသည်။

၎င်းတို့သည် တောတောင်များအတွင်း၌ပင် အေးအေးချမ်းချမ်းနေထိုင်ကာ ဝမ်းစာအတွက် ရှာဖွေစားသောက်ကြသူများ ဖြစ်ကြသည်။

ဒုတိယကမ္ဘာစစ်ကြီး မီးတောက်နေသည်ကိုလည်း သူတို့မသိပေ။

မိမိတို့နေသောနေရာကို အခြားသူများက မတရားဝင်ရောက်သိမ်းပိုက်ကြသည်ကိုလည်း အစွန်းအစသာ သတင်းကြားပြီး ဘယ်သူက ဘယ်လိုဝင်ရောက် သိမ်းပိုက်သည်ကိုပင် သိကြသူများ မဟုတ်ပေ။

သူတို့အတွက် အရေးကြီးဆုံးက စားစရာရနေပြီး အေးအေးချမ်းချမ်းနေကြရန်အတွက်သာ ဖြစ်သည်။

သို့သော်လည်း လီဒိုလမ်းမကြီး ဖောက်သောအခါ . .



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ အန္တရာယ်များက သူတို့နယ်နိမိတ်အတွင်းသို့ ရောက်လာတော့သည်။

ထိုလမ်းမကြီးဖောက်သောကိစ္စမှာ သူတို့အတွက် တကူးတက လာဖောက်ပေးသည်မဟုတ်ပေ။ အမေရိကန်စစ်သားများက ၎င်းစစ်ရေးအတွက် အရေးပေါ်အသုံးပြုရန် လာရောက်ဖောက်ကြခြင်းဖြစ်သည်။

လမ်းဖောက်ရာတွင် တာဝန်ယူထားကြသူများက ခရစ်ယာန်ဘာသာဝင် ဒေသခံလူယုံများကို လက်ရင်းတပည့်အဖြစ်ထားပြီး ပြောစရာရှိပါက ၎င်းတို့မှတစ်ဆင့် အပြောခိုင်းကြလေသည်။

ထိုစကားပြန်များကလည်း အမေရိကန်စစ်သားများက ကောင်းကောင်းကျွေး၊ ကောင်းကောင်းပေးထားသောကြောင့် ၎င်းတို့သခင်များအတွက်သာ ပြောကြသည်။

"ဒီလမ်းကြီးဖောက်တယ်ဆိုတာ သခင်ကြီးတွေက ခင်ဗျားတို့ကောင်းကျိုးရအောင် တကူးတကလာပြီး ဖောက်ပေးကြတာသိရဲ့လား"

စကားပြန်က ထိုသို့ပြောသော်လည်း မျက်လုံးအပြူးသားနှင့်သာ ပြန်ကြည့်နေကြသည်။

"ဒီလမ်းကြီးပြီးသွားရင်. . ခင်ဗျားတို့ အိန္ဒိယကိုလည်း သွားချင်သွားလို့ရမယ်၊ တရုတ်ပြည်ဘက်ကိုလည်း သွားလို့ရမယ် ဒါမှမဟုတ် မြန်မာပြည်မဘက်ကို သွားချင်လည်း လမ်းပွင့်သွားပြီ"





"ဒီလောက်ဝေးတဲ့နေရာတွေကို ငါတို့က ဘယ်လိုသွားရမှာလဲ၊ ဘာနဲ့သွားရမှာလဲ"

ထိုအခါ စကားပြန်မှာ ပြန်မပြောတတ်တော့သဖြင့်. .

"ဒါကတော့ လမ်းပေါက်သွားမှတော့ သွားချင်တာနဲ့ သွားကြပေါ့ဗျာ"

ဟုသာ ပြန်ပြောလေသည်။

"လမ်းဖောက်တာက အရေးမကြီးဘူး၊ ထမင်းစားရဖို့ကသာ အရေးကြီးတယ်၊ ငါတို့က ဘာလုပ်ပေးရမှာလဲ"

"လမ်းဖောက်တဲ့ဆီမှာ လာပြီးလုပ်အားပေးကြရမယ်၊ ဒီလိုလာလုပ်ပေးရင် ထမင်းလည်း စားရမယ်၊ ပိုက်ဆံလည်း များများရတယ်"

"ငါတို့သွားတော့ အိမ်ကလူတွေ ဘယ်သူရှာကျွေးမလဲ"

"ဒီတော့လည်း သူတို့ဘာသာ ရှာစားကြပေမပေါ့. . .၊ ခင်ဗျားတို့တွေ ဒါကြောင့် ဆင်းရဲတွင်းက မတက်နိုင်ကြတာပဲ၊ သခင်ကြီးတွေက ဒီလောက်အနစ်နာခံပြီး လာလုပ်ပေးတာတောင် ဝိုင်းမကူချင်ကြဘူး"

"ငါတို့အတွက် အဲဒါတွေက အရေးမကြီးပါဘူးကွာ၊ သူတို့ပေးတဲ့ပိုက်ဆံလည်း မလိုချင်ပါဘူး၊ ငါတို့အတွက် တစ်နေ့စာတစ်နေ့ စားဖို့ရနေရင် ကျေနပ်ပါပြီ၊ အခြားဘာမှ မလိုချင်ပါဘူး"

ဟုပြောရာ စကားပြန်မှာ ဘယ်လိုပြောရမှန်းပင် မသိတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ ချော့ပြောရာ မရသဖြင့် ခြောက်လှန့်ပြောရပြန်လေသည်။

"ခင်ဗျားတို့မလိုက်ချင်လို့လည်းမရဘူး၊ အခုမြန်မာပြည်ကို သခင်ကြီးတွေက သိမ်းပိုက်ထားတာဆိုတော့ သူတို့အမိန့်ကို လွန်ဆန်လို့မရဘူး၊ ဒီရွာမှာရှိတဲ့ ယောကျ်ားမှန်သမျှ တစ်အိမ်တစ်ယောက် လိုက်ကြရမယ်"

ဟု ခေါ်တော့မှ မလိုက်ချင်ဘဲ လိုက်ကြရသည်။

အမေရိကန်တို့မှာ ၎င်းတို့အသုံးပြုရန်အတွက် မြန်မာပြည်မြောက်ဖျားမှ တိုင်းရင်းသားတို့၏ လုပ်အားများကို အသုံးပြုခဲ့ကြသည်။

တိုင်းရင်းသားတို့၏ အသက်၊ သွေး၊ ချွေးတို့ဖြင့် စတေးခဲ့ကြလေသည်။ လမ်းမကြီးဖောက်ရာ. . လမ်းကြောင်းတစ်လျှောက်မှာရှိသော ရွာများဖျက်ဆီးခဲ့ရသည်။

အချို့ရွှေ့ပြောင်းပေးကြရသည်။

အချို့လယ်ယာမြေများ၊ စိုက်ခင်းများ၊ လက်ဖက်ခင်းများ ပျက်စီးခဲ့ကြရသည်။

လီဒိုလမ်းမကြီးသည် မြန်မာနိုင်ငံအတွင်း၌ အစိတ်အပိုင်း တစ်ခုအနေဖြင့် ပါဝင်ခဲ့သော်လည်း တိုင်းရင်းသားတို့အတွက်ကတော့ ဂုဏ်ယူဖွယ်ရာ မဟုတ်ခဲ့ပါချေ။





# အခန်း (၃)

# ဒေသမင်းခံတွင်းသက်ဆင်းခဲ့ရသူများ

အချိန်မှာ (၁၉၄၂)ခုနှစ် ပတ်ဝန်းကျင်အချိန် ဖြစ်ပေသည်။ ယခင်က လူသူအရောက်အပေါက်နည်းပြီး အေးအေးချမ်းချမ်းရှိခဲ့သော မြောက်ပိုင်းဒေသများမှာ ယခုအခါ အေးချမ်းမှုမရှိကြတော့ပေ။

ယခင်က လူသူအရောက်အပေါက်နည်းလှသော နာဂရွာများပင် ယခုတော့ ကျီးလန့်စာစား ဖြစ်နေကြရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



နေ့ညမရွေး စကားပြန်များနှင့် မျက်နှာဖြူစစ်သားများ ရောက်လာပြီး ချွေးတပ်သားအဖြစ် ခေါ်သွားသောကြောင့် ကျိုး လန့်စာစား ဖြစ်နေကြရသည်။

မျက်နှာဖြူစစ်သားများနှင့် ဒေသခံ စကားပြန်တို့မှာလည်း လမ်းဖောက်ရန်အတွက် . . လူသူစုဆောင်းရသည်မှာ မလွယ်ကူကြပေ။

အချို့နေရာနှင့် အချို့ရွာများတွင် လွယ်လွယ်ကူကူနှင့် စုဆောင်း၍ရသော်လည်း အချို့နေရာများမှာတော့ အခက်အခဲ များနှင့် တွေ့ကြရသည်။

အသက်ဘေးအန္တရာယ်များနှင့် တွေ့ကြရသည်။

ဒေသခံများမှာ နယ်မြေကျွမ်းကျင်ကြသည်။

အန္တရာယ်ဖြစ်မည့် အကြောင်းအရာများကိုသိကြသည်။ သူတို့အတွက် ရေဒါမလိုဘဲ အန္တရာယ်ရှိသောနေရာများနှင့် အကြောင်းအရာများကို သိကြသည်။

ချွေးတပ်ဆွဲမည့် စစ်သားများရောက်လာလျှင် တောထဲ၌ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြသည်။

အချို့နေရာများတွင် ရွာများကိုသာတွေ့ရပြီး လူများ တစ်ယောက်မှ မတွေ့ရပေ။

အချို့ရွာများမှာ သက်ကြီးရွယ်အိုများ၊ မိန်းမများနှင့် ကလေးများကိုသာ တွေ့ရပြီး . . ယောကျ်ားများကိုတော့ တစ်ယောက်မှ မတွေ့ကြရပေ။

အချို့ဆိုလျှင် တောထဲမှာ မလှမ်းမရှောင်သာ တွေ့လျှင်





သော်မှ ရန်မူပြီးထွက်ပြေးကြသည်။

အထူးသဖြင့် တောထဲမှာနေကြသော နာဂများမှာ အခြားသူများနှင့် ရောရောထွေးထွေးမနေလိုကြပေ။

၎င်းတို့ကို လာရောက်နှောင့်ယှက်လျှင်လည်း မနှစ်သက်ကြပေ။

လီဒိုလမ်းဖောက်နေသော အချိန်က နာဂရွာတစ်ရွာသို့ ရောက်သွားသော စကားပြန်နှင့် ဂေါ်ရခါးစစ်သားများ၏ အဖြစ်မှာ ကြောက်စရာကောင်းလှသည်။

သူတို့သည် တောတွင်းမှာရှိနေသော နာဂရွာတစ်ရွာသို့ ရောက်သွားသောအခါ မိန်းမများနှင့် အသက်အရွယ်ကြီးသော နာဂအဘိုးကြီးတစ်ယောက်ကိုသာ တွေ့ရသည်။ သူတို့ရောက်သွားသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သည်။

နွေရာသီပင်ဖြစ်သော်လည်း သစ်တောများထူထပ်လှသောကြောင့် အမှောင်ရိပ်များ သမ်းစပြုနေပြီ။

"ဒီရွာမှာ ယောကျ်ားတွေမရှိကြဘူးလား၊ သူတို့ဘယ်သွားသလဲ"

စကားပြန်က နာဂဘာသာစကားဖြင့် မေးသည်။

"အချို့လည်း အလုပ်သွားတာ ပြန်မလာသေးဘူး၊ အချို့လည်း ဟိုဘက်နားက ယဇ်ပူဇော်ပွဲသွားကြတယ်"

ထိုစကားကိုတော့ ဘာသာပြန်က စိတ်ဝင်စားသွားလေသည်။ အဘယ့်ကြောင့်ဆိုသော် ယဇ်ပူဇော်ပွဲမှာ နာဂတို့အလေး ထားသော ပွဲဖြစ်ပြီး ထိုနေရာတွင် နာဂအဘော်များများ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေ တတ်သောကြောင့်ဖြစ်သည်။

"ခင်ဗျားအဲဒီရွာကို သိသလား"

"သိတာပေါ့"

"အတော်ဝေးသလား"

"ဒီနားတင်ပါပဲ ကွမ်းတစ်ယာညက်လောက်သွားရင် ရောက်နိုင်တယ်"

စကားပြန်က နောက်မှာပါလာသော ဂေါ်ရခါးစစ်သားများကို အကျိုးအကြောင်းပြောပြသည်။

"အဲဒီနေရာသွားရင်တော့ သူတို့ကိုလူစုပြီးသားတွေ့ရမယ် ချွေးတပ်သားတွေလည်း အများကြီးရနိုင်တယ်"

"အချိန်မရှိတော့ဘူး၊ အမှောင်ထဲမှာသွားလို့ သင့်ပါ့မလား တော်ကြာရန်သူနဲ့တွေ့ရင် ခက်မယ်"

"ဒီနယ်မှာတော့ ခင်ဗျားတို့ကို အန်တုဝံ့တဲ့သူမရှိပါဘူး"

ဟု စကားပြန်ကပြောသဖြင့် ဂေါ်ရခါးစစ်သားခေါင်းဆောင်လည်း သွားရန်သဘောတူလေသည်။

ထိုအခါ စကားပြန်က နာဂအဘိုးကြီးကို မေးသည်။

"အဲဒီနေရာကို ခင်ဗျားလိုက်ပို့ပေးမလား"

"တန်ရာတန်ကြေးရရင်တော့ လိုက်ပို့ပေးပါ့မယ်"

"ခင်ဗျားဘာလိုချင်သလဲ ကျုပ်တို့မှာ ငါးသေတ္တာဘူး၊ နို့ဆီဘူးတွေ၊ ဘီစကစ်မုန့်ခြောက်တွေပဲပါလာတယ်"

"အဲဒါတွေ ငါတို့မကြိုက်ဘူး၊ စားလည်းမစားဘူး"

စကားပြန်မှာ အခက်တွေ့သွားလေသည်။





သူ့စိတ်ထဲမှာ နာဂအဘိုးကြီးက ပိုက်ဆံလိုချင်သည်ဟု ထင်နေသည်။ သို့သော် မဟုတ်ပေ။

နာဂအဘိုးကြီးက ဂေါ်ရခါးစစ်သားတစ်ယောက် ဖွာနေသော ဆေးပြင်းလိပ်ကို ကြည့်နေသည်ကို တွေ့ရတော့မှ သဘောပေါက်သွားလေသည်။

သို့ကြောင့် ဂေါ်ရခါးစစ်သားထံမှ ဆေးပြင်းလိပ်သုံးလိပ်နှင့် ယမ်းမီးခြစ်တစ်ဘူးကို ပေးလိုက်တော့မှ သဘောအကျကြီး ကျသွားတော့သည်။

ထို့နောက်မှာတော့ ဆေးပြင်းလိပ်ကို အတန်ကြာအောင် နမ်းရှူ့နေပြီးမှ ပလိုင်းထဲ ထည့်ထားလိုက်ပြီးနောက် ယဇ်ပူဇော်နေသော ရွာရှိရာသို့ ခေါ်သွားလေတော့သည်။

သူတို့သည် တောလမ်းအတိုင်း သွားကြရာ လမ်းတစ်လျှောက်လုံးမှာတော့ မည်သည့်အန္တရာယ်မှ မတွေ့ကြရသဖြင့် စိတ်သက်သာရာ ရကြလေသည်။

နာဂအဘိုးကြီးက လှံတစ်ချောင်းကိုကိုင်ကာ ရှေ့မှသွားနေရင်းမှ ပါးစပ်မှလည်း ၎င်းတို့ဘာသာဖြင့် တစ်စုံတစ်ရာကို ရွတ်ဆိုသွားလေသည်။

"ယဇ်ပူဇော်တယ်ဆိုတာ တောစောင့်နတ်၊ တောင်စောင့်နတ်များကို အသက်ဖြင့်ပူဇော်ခြင်း၊ သွေးဖြင့်ပူဇော်ခြင်း ဖြစ်ပါတယ်၊ နတ်မင်းများအတွက် ယဇ်ပူဇော်ရန် သားကောင်များ ရောက်ပါပြီ. . . သင်တို့လာကြပါလော့. . . လာကြပါကုန်လော့. . ."



www.burmeseclassic.com

www.burmeseclassic.com



ဟူသော အဓိပ္ပာယ်ဖြစ်လေသည်။

လမ်းပြမှာ နာဂဘာသာစကား အတော်များများကို တတ်ကျွမ်းသော်လည်း နာဂလူမျိုးစစ်စစ်တစ်ယောက်တော့ မဟုတ်ပါပေ။

သို့ကြောင့် နာဂတို့၏ မလေ့ထုံးစံအတော်များများကိုတော့ မသိနိုင်ပေ။

ယခုလည်း နာဂအဘိုးကြီး ရွတ်ဆိုနေသော သီချင်း၏ စာသားအဓိပ္ပာယ်များကို နားလည်သော်လည်း ဘယ်လိုရည်ရွယ်ချက်ဖြင့် ရွတ်ဆိုနေသည်ကိုတော့ မသိပေ။

နာဂမျိုးနွယ်ကြီး (၄)မျိုးဖြစ်သော ဆွမ္မရာနာဂ၊ ထန်ဂန်နာဂ၊ စန်းနာဂ၊ ဟိုင်းမီနာဂ စသောမျိုးမှာ နာဂအမျိုးအနွယ်ပေါင်း မြောက်မြားစွာခွဲထွက်သွားလေရာ နာဂဆိုတိုင်း နာဂဘာသာစကားတိုင်းကို နားမလည်ပေ။

စကားပြန်လုပ်သူမှာ စကားပြန်အလုပ်အတွက် နာဂစကား ကို သင်ထားသော်လည်း အတော်များများကိုတော့ သူမသိပေ။

သို့ကြောင့်. . . နာဂအဘိုးကြီး ရွတ်ဆိုနေသည်ကို လုံးစေ့ပတ်စေ့မသိပေ။

အတန်ငယ်သွားမိသောအခါ ဒေါ်ဟစ်ဆူညံနေသော အသံများကို ကြားရသဖြင့် စစ်သားများမှာ ဝမ်းသာသွားကြလေသည်။ ကြားနေရသော အသံများမှာ အတော်များသောကြောင့် လူအတော်များမည်ဟု ခန့်မှန်းကြသည်။





အဘိုးကြီးက သီချင်းလေးတအေးအေးဖြင့် လျှောက်သွားရာ ကျောက်တောင်နံရံများ ကာဆီးထားသော တောင်ကြားတစ်ခုသို့ ရောက်သွားလေသည်။

ထိုနေရာရောက်သည်အထိတော့ ထူးထူးခြားခြား မတွေ့ကြရသေးပေ။

ကျောက်တောင်ကြားသို့ အနည်းငယ်ဝင်သွားသောအခါ ဂူပေါက်ဝတစ်ခုကို တွေ့ကြရသည်။

ထိုဂူပေါက်အတွင်းမှ မီးရောင်များတွေ့ရသည်။

အသံများ ကြားနေရသည်။

"သူတို့ ဒီဂူထဲမှာ ယဇ်ပူဇော်ပွဲလုပ်နေကြတယ်"

"ငါဝင်လို့မဖြစ်ဘူး၊ ငါ့ကိုမြင်ရင် အချင်းချင်းအထင်လွဲကြလိမ့်မယ်၊ မင်းတို့ဝင်သွားပါ၊ ရွာကယောကျ်ားတွေမှန်သမျှအဲဒီဂူထဲမှာ ရှိကြတယ်"

ဟုပြောကာ ပြန်လှည့်သွားလေသည်။

စကားပြန်နှင့် ဂေါ်ရခါးစစ်သားများမှာ သေနတ်များကို အဆင်သင့်ပြင်ပြီးနောက် ဂူအတွင်းသို့ဝင်သွားကြလေသည်။

ဂူအတွင်းမှာ မှောင်နေသော်လည်း အတွင်းမှ ထွက်နေသောမီးရောင်ကြောင့် အတန်အသင့် အလင်းရောင် ရနေလေသည်။

ဂေါ်ရခါးစစ်သားများကတော့ ချွေးတပ်သား အတော်များများ ရတော့မည်မို့ ဝမ်းသာနေကြသည်။

အဘယ့်ကြောင့်ဆိုသော်. . .



www.burmeseclassic.com

www.burmeseclassic.com



ဂူအတွင်းပိုင်းဘက်မှ ကြားနေရသောအသံများမှာ အတော်များသောကြောင့်ဖြစ်သည်။

တဖြည်းဖြည်းနှင့် ဝင်သွားကြရာ မီးရောင်ကဲ့သို့ အလင်းရောင် ထွက်ပေါ်နေသည့်နေရာနှင့် မနီးမဝေးနေရာ ရောက်သည်နှင့် ကြားနေရသောအသံများမှာ ရုတ်တရက် တိတ်ဆိတ်ငြိမ်သက်သွားလေတော့သည်။

သူတို့စိတ်ထဲမှာ ထင်လိုက်မိသည်ကတော့ သူတို့ ဝင်လာမှန်း ခြေသံကြားရသဖြင့် အတွင်းမှအသံများ တိတ်သွားသည်ဟု ထင်လိုက်ကြသည်။

သို့ကြောင့် သတိထားပြီး ဝင်သွားသောအခါ ကြမ်းပြင်ပေါ်တွင် အတုံးအရုံး ပြန့်ကျဲနေသောအရာများကို တွေ့ကြရသည်။ လူတို့၏ အရိုးစုများပင်ဖြစ်တော့သည်။

ထိုအရိုးစုများကို တွေ့မြင်ကြရသဖြင့် အံ့သြသွားကြလေသည်။ ရှေ့သို့ ဆက်ဝင်သွားသောအခါ အခန်းကျယ်တစ်ခုအတွင်းသို့ ရောက်သွားပြီး ကြောက်စရာကောင်းသော ရုပ်တုကြီးများကို တွေ့ကြရသည်။

ရုပ်တုများမှာ လူအရိုးဦးခေါင်းခွံပုံသဏ္ဌာန်များ ဖြစ်ကြပြီး ကျောက်တုံးများအပေါ်မှာ တင်ထားကြလေသည်။

မျက်လုံးပေါက်၊ နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက်များမှာ ကြီးမားလှသည်။

မီးရောင်ကဲ့သို့ထွက်နေသောနေရာမှာ အရိုးခေါင်းကြီးတစ်ခု မျက်လုံးပေါက်နှစ်ပေါက်အတွင်းမှ ထွက်နေခြင်းဖြစ်





သည်။

ထိုမျက်လုံးပေါက်အတွင်းမှ ထွက်နေသည့် အလင်းရောင်မှာ ကျောက်ဂူကြီးတစ်ခုလုံး လင်းနေလေသည်။

အရိုးခေါင်းများသာရှိနေသော ကျောက်ဂူအခန်းထဲမှာ အခြားကို ထွက်သွားစရာလည်းမရှိပါပဲ လူတစ်ယောက်မှ မတွေ့ကြရသည်ကတော့ ထူးဆန်းသည်။

"လူတွေဘယ်ရောက်သွားပြီလဲ"

"အရိုးခေါင်းတွေထဲ ဝင်ပုန်းနေတာလား"

"ဒါမှမဟုတ် စောစောကကြားရတာ ဒီအရိုးခေါင်းတွေဆီကလား"

ဟု အချင်းချင်းပြောနေကြစဉ် အရိုးခေါင်းကြီးဆီမှ လင်းနေသော အလင်းရောင်များက တဖြည်းဖြည်းနည်းလာသည်။ ရေနံဆီကုန်သဖြင့် အလင်းရောင်လျော့လာသော မီးအိမ်ကဲ့သို့ ဖြစ်လာသည်။

ကြည့်နေရင်းမှာပင် ထိုအလင်းရောင်များ . . တဖြည်းဖြည်း အားနည်းလာကာ နောက်ဆုံးမှာ လုံးဝပျောက်ကွယ်သွားလေရာ ဂူအတွင်း၌ မှောင်ကျသွားလေတော့သည်။

ထိုအခါမှ ဂေါရခါးစစ်သားများမှာ စိုးရိမ်ထိတ်လန့်စိတ်ဝင်လာကြသည်။

အမှောင်ရိပ်များထဲမှာ ဟိုဟိုဒီဒီကြည့်နေကြစဉ်မှာ အသံများကြားလာရသည်။

အသံများမှာ အရိုးခေါင်းများရှိရာဘက်မှ ဖြစ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် လက်နှိပ်မီးရောင်များဖြင့် ထိုးကြည့်သော်လည်း ဘာမှ မတွေ့ကြရပေ။

နောက်ဆုံး အခြေအနေမကောင်းတော့မှန်းသိသဖြင့် ဂူအတွင်းမှ နောက်ကြောင်းပြန်ထွက်ရန် ကြိုးစားကြသော်လည်း သူတို့အတွက် အခွင့်အရေးမရကြတော့ပေ။

သူတို့အားလုံး၏ အသက်ကိုယူမည့် သေမင်းက သူတို့ရှိရာသို့ ရောက်လာလေတော့သည်။

နောက်ပိုင်းမှာတော့ နာဂရွာများသို့ သွားရောက်ပြီး ချွေးတပ်သား စုဆောင်းကြသော စကားပြန်နှင့်ဂေါ်ရခါးစစ်သားများ တစ်ယောက်မှ စခန်းသို့ပြန်မရောက်လာတော့ပေ။

ထိုအချိန် လမ်းဖောက်လုပ်ရေးတာဝန်ကို ထမ်းဆောင်နေသူမှာ အမေရိကန်စစ်ဗိုလ်ချုပ် စတီးဝဲလ်ဖြစ်သည်။

၎င်းလက်အောက်မှာ တာဝန်ထမ်းဆောင်နေသော အရာရှိအရာခံများလည်း ရှိကြသည်။

ထိုသတင်းကို စတီးဝဲလ်ကြားသောအခါ ကာနယ်ရော့သ်ဘရောင်းကို ခေါ်မေးသည်။

"မင်းလူတွေ တစ်ယောက်မှ ပြန်ရောက်မလာပုံထောက်တော့ ရန်သူနဲ့တွေ့ပြီထင်တယ်"

"ကျွန်တော်တော့ ဒီလိုမထင်မိဘူး ဗိုလ်ချုပ်"

"မင်းက ဘယ်လိုယူဆသလဲ"

"သူတို့ ရန်သူနဲ့တွေ့ရင် သေနတ်သံ ကြားရလောက်ပါတယ်၊ သေနတ်သံ မကြားရတဲ့အထိလည်း ဝေးဝေးသွားကြမယ်





မထင်ပါဘူး၊ ကျွန်တော်ထင်တာတော့ အန္တရာယ်နဲ့ တွေ့ရင်တောင် သာမန်အန္တရာယ်မျိုးတော့ ဟုတ်မယ်မထင်ပါဘူး"

"ဘယ်လိုအန္တရာယ်မျိုး ဖြစ်နိုင်သလဲ"

"တောတောင်ထဲမှာရှိတဲ့ သဘာဝအန္တရာယ်မျိုးတွေနဲ့ တွေ့တာလည်း ဖြစ်ဖို့များပါတယ်၊ ဒီတောတောင်တွေဟာ လူသူအရောက်အပေါက်နည်းပြီး လူတွေရဲ့အသက်ကို အန္တရာယ်ပေးနိုင်တဲ့ တိရစ္ဆာန်တွေ၊ သဘာဝအန္တရာယ်တွေ မရေမတွက်နိုင်အောင် ရှိပါတယ်"

ဘရောင်းမှာ အမှတ်(၂၂) တရုတ်တပ်မှာ တာဝန်ထမ်းဆောင်နေသူ ဖြစ်သော်လည်း မြန်မာနိုင်ငံတောတောင်များထဲသို့ ရောက်ခဲ့သည်မှာ အတော်ကြာနေပြီဖြစ်သောကြောင့် ထိုနေရာများအကြောင်း၊ အန္တရာယ်များအကြောင်းကို အတော်သိနေသူဖြစ်သည်။

သို့ကြောင့် စတီးဝဲလ်က ကာနယ်ဘရောင်းကို ထိုကိစ္စတာဝန်ယူစုံစမ်းရန် စေလွှတ်လိုက်သည်။

ဂေါ်ရခါးတပ်ကြပ်က ၎င်းတပ်မှ လက်ရွေးစင်တပ်သားအချို့ကို လက်နက်အပြည့်အစုံ ယူဆောင်စေလျက် ခေါ်ဆောင်ကာ တောထဲသို့ လိုက်လံရှာဖွေကြသည်။

နောက်ဆုံး နာဂရွာတစ်ရွာ ရောက်သွားသောအခါ စကားပြန်တစ်ဦးနှင့် ဂေါ်ရခါးတပ်သားများ ရောက်လာပြီး . . တောင်ကြားဘက်သို့ သွားခဲ့ကြောင်း ထိုရွာမှ ရွာခံနာဂများက လမ်းညွှန်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ၎င်းတို့ညွှန်ပြသောဘက်သို့ ခရီးဆက်ခဲ့ကြလေသည်။

အချိန်မှာ နေ့လည်ပိုင်းအချိန်ဖြစ်သောကြောင့် တောတွင်း၌ အလင်းရောင်များ ကောင်းစွာရနေသည်။

နေရောင်ခြည်ကိုပင် တွေ့မြင်နေရသေးသည်။

၎င်းတို့သည် လိုက်လံရှာဖွေကြည့်ရင်းနှင့် တောင်ကြားလမ်းတစ်ခုသို့ ရောက်သွားကြပြီးနောက် ဂူပေါက်ဝတစ်ခုကိုပါ တွေ့ကြရသည်။

ထိုဂူပေါက်ဝမှာ ခြေရာလက်ရာ အစအနများတွေ့ရသဖြင့် သေနတ်များကို အဆင်သင့်ပြင်ပြီ ထိုဂူအတွင်းသို့ ဝင်ကြလေသည်။

"ဂူထဲမှာ မီးရောင်လိုလိုတွေ့ရတယ်ဟေ့ သတိထားကြ"

အားလုံး သတိဖြင့်ဝင်သွားကြရာ အတွင်းရောက်သောအခါ အလင်းရောင်များထွက်နေသော အရိုးခေါင်းကြီးနှင့် အခြားအရိုးခေါင်းများကိုပါ တွေ့ရသည်။

ဂူကြမ်းပြင်ပေါ်မှာတော့ အရိုးစုအဟောင်းများနှင့်အတူ ၎င်းတို့တပ်သားများကိုပါ တွေ့ကြရသည်။ သို့သော် မူလအခြေအနေအတိုင်းတော့ မရှိတော့ပေ။ ဝတ်ထားသော အဝတ်၊ ဦးထုပ် စသည်တို့မှာ စုတ်ပြဲနေပြီး တစ်ကိုယ်လုံး အရိုးစုများသာ ကျန်ခဲ့လေသည်။

"ဟင်. . . ဒါဘယ်လိုဖြစ်တာလဲ. . . သူတို့ကို ဒီလိုဖြစ်အောင် ဘယ်သူလုပ်သွားတာလဲ. . . ဘယ်လိုအန္တရာယ်မျိုးနဲ့





တွေ့လို့ အခုလိုအဖြစ်မျိုးရောက်သွားတာလဲ"

ခေါင်းဆောင်ဖြစ်သူက အထိတ်တလန့်ဖြင့် မေးသော်လည်း မည်သူမှ ပြန်မပြောတတ်ကြပေ။

ဂူကြမ်းပြင်ပေါ်မှာတော့ မြင်ကွင်းက မကောင်းလှပေ။ အဝတ်အစားနှင့် သေနတ်များကိုတွေ့ရသောကြောင့်သာ ထိုအရိုးစုများကို မိမိတို့တပ်သားများဖြစ်သည်ကို သိသော်လည်း အသားမရှိတော့ပေ။

ထိုဂူအတွင်းမှာ အန္တရာယ်တစ်စုံတစ်ရာရှိနေမှန်း ရိပ်မိသောကြောင့် သေနတ်များပြင်ပြီး လိုက်လံရှာဖွေသော်လည်း ဘာမှမတွေ့ရပေ။

အခြားဂူပေါက်လည်းမရှိဘဲ သူတို့ဝင်လာသော ဂူပေါက်သာ ရှိသောကြောင့် အံ့သြနေကြသည်။

ထိုဂူအတွင်းမှာ ထူးထူးခြားခြား ရှိနေသည်ကတော့ ကြီးမားသော လူအရိုးခေါင်းကြီးများပင်ဖြစ်သည်။

"ဒီအရိုးခေါင်းကြီးတွေကများ သူတို့ကို စားပစ်လိုက်ရော့သလား မသိဘူး"

"ဒီအရိုးခေါင်းတွေကတော့ လူတွေကိုစားပစ်တာ မဖြစ်နိုင်ပါဘူး၊ ဒီထက်ကြောက်စရာကောင်းတဲ့ အန္တရာယ်မျိုးနဲ့တွေ့တာပဲ ဖြစ်ရမယ်"

"ဒါထက်. . . အရိုးခေါင်းကြီးတွေထဲက ဘာကြောင့် အလင်းရောင် ထွက်နေတာလဲ၊ လျှပ်စစ်မီးလုံးတွေအတိုင်း လင်းနေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ထူးတော့ထူးဆန်းတယ်. . . ငါ အပေါ်တက်ကြည့်လိုက်ဦးမယ်"

ဟုပြောပြီး ဂေါ်ရခါးတပ်သားတစ်ယောက်က သေနတ်ကို ကျောမှာလွယ်ပြီး အလင်းရောင်ထွက်နေသော အရိုးခေါင်းကြီးရှိရာဘက် တက်သွားသည်။

အလင်းရောက်ထွက်နေသော နေရာသို့ရောက်၍ အတွင်းသို့ ကြည့်လိုက်သောအခါ မီးလုံးကြီးများအတိုင်း နီရဲနေသည်ကိုသာ တွေ့ရပြီး ဘာမှန်းတော့ သေသေချာချာမသိရပေ။

"အလင်းရောင်တွေကတော့ ထွက်နေတာပဲ. . . သေနတ်နဲ့ ပစ်ကြည့်ရင်ကောင်းမလား"

ထိုသို့ပြောဆိုနေကြစဉ် ဂူပေါက်ဝမှ နာဂအဘိုးကြီးတစ်ယောက်ဝင်လာလေသည်။

"အဲဒါကို ဖျက်ဆီးရင် မင်းတို့အားလုံးသေကြလိမ့်မယ်"

ထိုစကားကြောင့် အံ့ဩသွားကြသည်။

"ခင်ဗျားက ဘယ်သူလဲ"

"ငါက ဒီနားတစ်ဝိုက်မှာနေတဲ့သူပဲ"

"ဒါက ဘာလဲ"

ခေါင်းဆောင်လုပ်သူက အလင်းရောင်ထွက်နေသောနေရာကို လက်ညှိုးထိုးပြီးမေးသည်။

"ဒါ တန်ခိုးရှိတဲ့ နတ်တွေပဲ"

"အရိုးခေါင်းတွေက နတ်တွေဖြစ်သလား၊ ဒီအလင်းရောင် ထွက်နေတာဘာလဲ၊ အထဲမှာဘာရှိသလဲ"





"ဒီအလင်းရောင်တွေက သေမင်းရောင်ခြည်တွေပဲ မင်းတို့ ဖျက်ဆီးရင် အားလုံးသေမှာပဲ"

"ကျုပ်တို့လူတွေ ဒီဂူထဲမှာ ဘာကြောင့်သေတာလဲ ခင်ဗျားတို့ သတ်ပစ်တာလား"

"မဟုတ်ဘူး သူတို့ဘာသာသေတာ"

ဟုပြောပြီး နာဂအဘိုးကြီး မည်သူ့ကိုမှ ဂရုမစိုက်ဘဲ အလင်းရောင်များထွက်နေသော အရိုးခေါင်းကြီးရှိရာသို့သွားပြီး အရိုအသေပေးလေသည်။

ဂေါ်ရခါးတပ်သားများမှာ ထိုအဘိုးကြီး၏ ပြုမူနေပုံကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြတော့သည်။

အဘိုးကြီးကတော့ သူလုပ်စရာရှိသည်ကို လုပ်ပြီးနောက် ဂူအတွင်းမှ ပြန်ထွက်သွားလေတော့သည်။

ဂေါ်ရခါးတပ်သားများမှာ ထိုအဘိုးကြီးပြောသွားသောစကားများကို ယုံကြည်ရအခက်၊ မယုံကြည်ရအခက်ဖြစ်နေကြသည်။ နောက်ဆုံးမှာတော့ သေဆုံးသွားသူများ၏ အရိုးစုများကို ထိုဂူထဲမှာပင် မြှုပ်နှံခဲ့ပြီး ကျန်ခဲ့သောလက်နက်များကိုယူပြီး ဂူအတွင်းမှ ပြန်ထွက်ခဲ့ကြလေသည်။

၎င်းတို့အတွက်ကတော့ အဖြေမပေါ်သောပုစ္ဆာတစ်ခု တိုးလာခဲ့လေပြီ။


www.burmeseclassic.com

www.burmeseclassic.com





(၁၈၉၀)ခုနှစ် နာဂအမျိုးသားများပုံ

# အခန်း (၄)

# တောင်ပေါ်ဒေသမှ လက်စက်ယဉ်ကျေးမှု

ပတ်ကွိုင်တောင်တန်းအပါအဝင် မြောက်ပိုင်းဒေသမှာ တောင်မြင့်ကြီးများရှိကြလေသည်။

နာဂတောင်တန်း၊ စာရာမေတိတောင်တန်းကြီးတို့မှာ မြန်မာနိုင်ငံအနောက်ဘက်တွင် တံတိုင်းကြီးများသဖွယ် ကာရံထားကြလေသည်။

မြောက်ပိုင်းဒေသများမှာ အများအားဖြင့်တော့ တော



www.burmeseclassic.com

www.burmeseclassic.com



တောင်များကသာ နေရာယူထားကြလေသည်။

တောင်ပိုင်းဒေသများမှာ မြစ်ဝကျွန်းပေါ်သစ်တောကြီးများနှင့်ပင်လယ်ရေများက ဝန်းရံထားသကဲ့သို့ မြောက်ပိုင်းဒေသများမှာတော့ တောတောင်များက နေရာယူထားကြလေသည်။

တောင်ပေါ်ဒေသတွင် နေထိုင်ကြသူများမှာ အေးအေးချမ်းချမ်းနေလိုသူများဖြစ်သည်။

၎င်းတို့အတွက် စီးပွားဖြစ်ရန်မလိုဘဲ စားသောက်ဖို့ရနေလျှင်ပင် ကျေနပ်နေကြသူများဖြစ်ကြသည်။

တောင်ပေါ်နေသူများမှာ အများအားဖြင့် တောင်ယာလုပ်ငန်းများ၊ သီးနှံစိုက်ခင်းများ စိုက်ပျိုးအသက်မွေးကြသူများလေသည်။

ဂျုံ၊ စပါး၊ အာလူး၊ ပြောင်း၊ လိမ္မော် အစရှိသော အသီးအနှံများ စိုက်ပျိုးကြသည့်အပြင် လက်ဖက်စိုက်ပျိုးခြင်းကိုလည်း အဓိကလုပ်ငန်းတစ်ခုအတွက် လုပ်ကိုင်ကြလေသည်။

လက်ဖက်စိုက်ပျိုးသောအလုပ်ကို ပလောင်လူမျိုးများက စတင်လုပ်ကိုင်ခဲ့ကြပြီး နောက်ပိုင်းမှာတော့ ရှမ်းတိုင်းရင်းသားများကပါ ကျယ်ကျယ်ပြန့်ပြန့်လုပ်ကိုင်ခဲ့ကြသည်။

ပလောင်အမျိုးအနွယ်တို့မှာ. . .

ပလေးပလောင်၊ ကွမ်ဟယ်ပလောင်၊ ဇယန်းပလောင်နှင့် ဟူးမိုင်းပလောင်ဟူ၍ လေးမျိုးရှိလေသည်။

တောင်ပိုင် သမိုင်းတစ်ခုတွင် အလောင်းစည်သူမင်းကြီးတိုင်းခန်းလှည့်လည်စဉ် တောင်သူကြီး ခုနစ်ယောက်တို့အား





လက်ဖက်စေ့များ ပေးခဲ့သည်ဟု အဆိုရှိလေသည်။

ထိုလက်ဖက်စေ့များပေးခဲ့သော နေရာမှာ. . လွယ်ဆိုင်တောင်ထိပ်ဖြစ်လေသည်။

လွယ်ဆိုင်တောင်ဆိုသော အဓိပ္ပာယ်မှာ 'ကျောက်သံပတ္တမြားတောင်' ဟု အဓိပ္ပာယ်ရှိလေသည်။

ထိုတောင်မှာ ပေပေါင်း(၅၅၀၀)အမြင့်ရှိသည်။

ထိုတောင်ထိပ်တွင် ဘုရင်က လက်ဖက်စေ့ပေးပုံ၊ ပလောင်များက လှမ်းယူနေပုံကို အထိမ်းအမှတ်ဖြစ်စေရန် ကျောက်လုံးရုပ်များ ထုလုပ်ထားသည်ကို ယနေ့တိုင်တွေ့မြင်နိုင်သေးသည်။

ထိုတောင်ထိပ်မှာရှိသော လက်ဖက်ပင်ကြီးနှစ်ပင်ကိုလည်း ရွှေချထားလေသည်။

နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သော လက်ဖက်ပင်ကြီးများမှာ ရွှေရောင်တဝင်းဝင်းနှင့် အဓိကရရှိလေသည်။ ထိုလက်ဖက်ပင်ကြီးများအနီးတွင် ရှေးဟောင်းစေတီတစ်ဆူလည်း ရှိပေသေးသည်။

လက်ဖက်ယဉ်ကျေးမှုမှာ ကမ္ဘာအရပ်ရပ်တွင် ရောက်ရှိနေသကဲ့သို့ မြန်မာနိုင်ငံ၌လည်း နှစ်ပေါင်းများစွာကတည်းက ရောက်နေခဲ့ကြောင်း မှတ်တမ်းများရှိလေသည်။

လက်ဖက်ကို နှစ်ပေါင်းများစွာကတည်းက စိုက်ပျိုးသုံးစွဲခဲ့ကြရာ လက်ဖက်အမျိုးအစားများစွာ ရှိလေသည်။

ထိုလက်ဖက်များထဲတွင် ရွှေဖီမိုးလွတ်လက်ဖက်မှာ



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်သည်။

ရွှေဖီမိုးလွတ်ဆိုသည်မှာ မိုးမကျခင် သင်္ကြန်မတိုင်မီ တပေါင်း၊ တန်ခူး ပေါ်ဦးပေါ်ဖျား လက်ဖက်ကို မိုးရေလွတ်သဖြင့် ရွှေဖီမိုးလွတ်လက်ဖက်ဟု ခေါ်ကြခြင်းဖြစ်ပေသည်။

ထိုလက်ဖက်မှာ ရှေးအခါကတည်းက တော်သုံးနန်းသုံး လက်ဖက်အမျိုးအစားဖြစ်သည်။

ရွှေဖီမိုးလွတ်ထက် ပိုကောင်းသော လက်ဖက်တစ်မျိုး လည်း ရှိသေးသည်။

ထိုလက်ဖက်မှာ ပြာသို၊ တပို့တွဲ လက်ဖက်ရွက်ကြမ်းများ ကြွေတော့မည့်ဆဲဆဲတွင် နှင်းအားကို အမှီပြု၍ ထွက်သော လက်ဖက်ရွက်နုကလေးများဖြစ်သည်။

ထိုလက်ဖက်ကိုတော့ နှင်းလက်ဖက်ဟု ခေါ်ကြသည်။

သို့သော်လည်း ထိုလက်ဖက်မျိုးမှာ လက်ဖက်အချိန်အခါ မဟုတ်သဖြင့် ရွှေဖီမိုးလွတ်လက်ဖက်ကဲ့သို့ ပေါပေါများများ မရနိုင်ပေ။

ထိုလက်ဖက်မျိုးမှာ ရောင်းချရလောက်အောင် မရသဖြင့် ဒေသခံများသာ တွေ့မြင်သုံးစွဲခွင့်ရပြီး အခြားအရပ်ဒေသလူများ သုံးစွဲဖို့မဆိုထားနှင့် နာမည်ကိုပင် မကြားဘူးကြပေ။

ရှေးအခါက ထိုလက်ဖက်မျိုးကို လက်ဖက်စိုက်ပျိုးသူတို့ပင် မသုံးစွဲဘဲ စော်ဘွားများ၊ ဘုရင်များကို သွားရောက်ဆက်သကြလေသည်။

ဆူးချွန်အပ်ချောင်းကလေးများကဲ့သို့ ပုံသဏ္ဌာန်ရှိပြီး





နူးညံ့မှုရှိသည်။

လက်ဖက်ရည်အဖန်အိုးတစ်လုံးကို လက်သည်းခွံဖျားမျှ ခတ်လိုက်ရုံဖြင့် အဖန်ရေအရသာတစ်ရေနှစ်ရေအထိ မပျက်ပေ။

ရွှေဖီမိုးဦးနှင်းတက်လက်ဖက်၊ ရွှေဖီမိုးလွတ်လက်ဖက်၊ ခါးတွက်(ခါးဝှက်)လက်ဖက်၊ ခါးနိုင်လက်ဖက်ဟူ၍ လက်ဖက်အမျိုးမျိုးရှိသည်။

အချို့ဒေသခံ အမှတ်အသားများတွင်. . .

မိုးမကျသင်္ကြန်မတိုင်မီ ခူးသောလက်ဖက်ကို ရွှေဖီမိုးလွတ် သို့မဟုတ် ရွှေပြည်လက်ဖက်။

သင်္ကြန်အပြီး နယုန်ဝါဆိုတွင် ခူးသောလက်ဖက်ကို ခါကျင်လက်ဖက်။

ဝါခေါင်၊ တော်သလင်းလတွင် ခူးသောလက်ဖက်ကို ခါရောက်လက်ဖက်။

သီတင်းကျွတ်၊ တန်ဆောင်မုန်းလ၌ ခူးသောလက်ဖက်ကို ခါရင်းလက်ဖက် သို့မဟုတ် 'နောက်တက်' ဟု အမည်အမျိုးမျိုး မှည့်ခေါ်ကြသည်။

သို့သော်. . အားလုံးတွင် မိုးလွတ်ရွှေဖီ(ရွှေဖီမိုးလွတ်) လက်ဖက်ကား အကောင်းဆုံးဖြစ်ရာ အခြားလက်ဖက်မျိုးတို့မှာ ရွှေဖီ၏နောက် ဒုတိယနှင့် တတိယတန်း အမျိုးအစားများသာ ဖြစ်ကြဟန်ရှိ၏။

အချို့အဆိုတွင်မူ ရွှေဖီလက်ဖက်ခြောက် ပြုလုပ်ရန်



www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရွက်များကို မတ်လမှ မေလအထိ ခူးရ၏။

(ခါးကန်) လက်ဖက်ကို ဇွန်လမှ ဩဂုတ်အထိ၊ ခါးဗုက် (ခါးတွတ်)လက်ဖက်ကို စက်တင်ဘာလမှ အောက်တိုဘာလအထိ ခါးနိုင်(နောက်တက်)လက်ဖက်ကို နိုဝင်ဘာမှ ဒီဇင်ဘာအထိ ခူးယူရသည်ဟု ဆိုကြသည်။

ရွှေဖီ၊ ခါးကန်၊ ခါးဗုက်၊ နောက်တက် လက်ဖက်များကို အတွင်းတောင်၊ အပြင်တောင်၊ မြောက်ပိုင်း တောင်ပိုင်းမခွဲခြား အချိန်နှင့်လ၊ ရက်များသာ ခြားနား၍ ခူးယူလုပ်ကိုင်ကြသည်ဟု ဆို၏။

အချို့အဆိုအရမူ အပြင်တောင်ထက် အတွင်းတောင် လက်ဖက်များက ပို၍လူကြိုက်များ ကျော်ကြားသည်ဟု အဆို ရှိပြန်သည်။

အတွင်းတောင်ဆိုသည်ကား လွယ်ခမ်း၊ တောင်ကျော်၊ ကွမ်ဟယ်၊ မြို့နစ်၊ နမ့်တွေစသော အရပ်ဒေသများကို ဆိုလိုသည်။ လက်ဖက်ခူးသောအချိန်မှာ နေအလွန်ပူပြင်းသော. . တန်ခူး၊ ကဆုန် အချိန်ဖြစ်သည်။

သို့မှုလည်း ထိုခူးပြီးသော လက်ဖက်ရွက်များကို ပေါင်းတင်ကာ နေခြောက်လှန်းနိုင်မည်ဖြစ်သည်။ နေခြောက်အောင် မလှန်းနိုင်၍ နေပူရှိန် ကောင်းစွာမရသော လက်ဖက်များမှာ လက်ဖက်ခြောက်အဖြစ်သို့ မရောက်ဘဲ အချိုခြောက် သို့မဟုတ် လက်ဖက်စို၊ လက်ဖက်စိမ်းဘဝသို့ ရောက်သွားရလေသည်။

လက်ဖက်တွင် အဖန်ခြောက်၊ အချိုခြောက်၊ လက်ဖက်





စို ဟူ၍ သုံးမျိုးခွဲခြားထားသည်။

တန်ခူး၊ ကဆုန် နေရှိန်ပူပြင်းချိန်တွင် လက်ဖက်ရွက်များကို ခူး၍ ပေါင်းအိုးကြီးများတွင် သွင်း၍ ပေါင်းတင်ရသည်။

ပေါင်းတင်ပြီး နေလှန်းရသည်။ နေမလှန်းမီ ပေါင်းတင်ထားသော လက်ဖက်များကို နယ်သားကျအောင် နယ်ပေးရသည်။

လက်ဖက်အနယ်ကောင်းမှ လက်ဖက်ကောင်းထွက်သည်ဟု ဆိုသည်။

ထိုသို့နယ်ပြီးသော လက်ဖက်ကို နေပူရှိန်ပြင်းပြင်းတွင် တစ်နေကုန် နေလှန်းရသည်။ နေလှန်းရာတွင် နေ့မကူးစေရ။

တစ်နေ့နှင့် အပြီးလှန်း၍ ခြောက်သောလက်ဖက်မှသာ လက်ဖက်ကောင်းဟုဆိုသည်။

နယ်သားမကျ၍လည်းကောင်း၊ နေပူမရဘဲတစ်နေ့နှင့် မခြောက်လျှင်လည်းကောင်း၊ လက်ဖက်မှာ ပွယောင်းလုံးထွေး သွားတတ်ကာ လက်ဖက်ခြောက်အကောင်းစားမဖြစ်နိုင်ဘဲ ဈေးမရ တန်ဖိုးလျော့သွားရသည်။

နေကောင်းစွာမရလျှင် ခေါင်းပုပ်စော်(လက်ဖက်ပုပ်စော်) နံတတ်သည်။

နေမရ၍ ကြပ်တိုက်ရလျှင် ကြပ်ခိုးစော်နံသည်။ ထိုအချက်များကြောင့် လက်ဖက်တန်ဖိုးယုတ်ကာ ဈေးကျခြင်းပင်ဖြစ်သည်။

လက်ဖက်သုံးမျိုးတွင် နေပူရှိန်များများရ၍ အနယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသော လက်ဖက်မှာအကောင်းဆုံး အဖန်ခြောက်ပင်ဖြစ်ရာ အဖန်ခြောက်ဘဝသို့ ရောက်မလာသောလက်ဖက်များမှာ အချိုခြောက် သို့မဟုတ် လက်ဖက်စိုအဖြစ်သို့ ရောက်သွားရသည်။

အချိုခြောက်တွင် အခြားအနံ့များထည့်သွင်းနိုင်၍ အဖန်ခြောက်လောက် လူမစွဲ၊ တန်ဖိုးမရှိပေ။

အချိုခြောက် လက်ဖက်ခြောက်ပြုလုပ်ပုံမှာ လက်ဖက်ရွက်စိမ်းများကို စက်ဖြင့်လည်းကောင်း၊ မောင်းဆုံတွင်ထည့်၍လည်းကောင်း၊ ပထမဦးစွာ ကြိတ်ချေခြင်းကို ပြုလုပ်ရသည်။

ထိုကြိတ်ချေပြီးသော လက်ဖက်ရွက်စိမ်းများကို အရည်ညှစ်ထုတ်ပြီးနောက် လေသလပ်ခံကာ သွေ့ခြောက်သွားလျှင် ဆန်ခါ(စကာ)အစိပ်အကျဲပေါ်တွင်တင် ချရသည်။

ထိုဆန်ခါချပြီး လက်ဖက်ရွက်အမှုန့်များကို မီးဖြင့်လည်းကောင်း၊ မီးပူအငွေ့စက်ဖြင့်လည်းကောင်း ခြောက်သွေ့စေရပြန်သည်။

ထိုခြောက်သွေ့သွားသော လက်ဖက်ခြောက်ကို အချိုခြောက်အဖြစ် အသုံးပြုလေ့ရှိကြသည်။

လက်ဖက်အစိုပြုလုပ်ပုံမှာ လက်ဖက်ရွက်စိမ်းများကို ပေါင်းအိုးတွင်ထည့်၍ အစိမ်းရောင်မှအဝါရောင်ဖြစ်အောင် နွမ်း၍သွားသည်အထိ ပေါင်းရသည်။

ထိုပေါင်းပြီး လက်ဖက်ကို ကြေမွလုံးထွေးသွားသည်အထိ နယ်ရသည်။





ထိုနယ်ပြီးလက်ဖက်များကို နွားချေးသုတ် အခြောက်ခံထားသည့် ပုတ်ကြီးအတွင်းသို့ထည့်၍ အနည်းဆုံးခြောက်လလောက်အထိ မြေတွင်း၊ မြေတိုက်တွင်းသွင်း၍ ထားရသည်။

အချို့မှာ စဉ့်အိုးဖြင့်ထည့်၍ ပြုလုပ်ကြသည်။

မြေတိုက်တွင်းသို့ သွင်းထားသော လက်ဖက်စိုများကို အချိန်စေ့ရောက်သည့်အခါ ဖော်ထုတ်၍ လက်ဖက်ပိုများထဲသို့ ထည့်၍ ရောင်းချကြခြင်းဖြစ်သည်။

အချို့အိမ်တွင်းစားရုံလောက် အနည်းငယ် လုပ်သူများမှာ လက်ဖက်ရွက်များကို မကျက်တကျက် ပေါင်းပြီးသော် ခြင်းထဲတွင် ဝါးဖက်ခံ၍ထည့်ကာ ရေလောင်းပေးပြီးနောက် လေမဝင်ရန် ပျဉ်ပြားပတ်၍ ရက်ကြာစွာထားပြီးမှ လက်ဖက်စိုဘဝသို့ ရောက်ရသည်ဟု ဆိုသည်။

လက်ဖက်ခြောက်မှာမူ မြေတိုင်းမြေတွင်း အတွင်းသို့ မသွင်းရပေ။

ရှမ်းပြည်တောင်ပိုင်းနယ်များတွင် နေထိုင်ကြသော ဓနု၊ ပလောင်အမျိုးသားများသည် မိုးမကျ သင်္ကြန်မတိုင်မီ မိုးလွတ်လက်ဖက်ရွက်များကိုခူးရန် တောင်ဦးများတွင်ရှိသော လက်ဖက်ခြံများသို့ တက်ကြသည်ကို အစွဲပြု၍ 'လက်ဖက်ကောင်း စားလိုလျှင် ပလောင်တောင်အတက်မနေးစေနှင့်'ဟု ဆိုစမှတ်ပြုကြသည်။

လက်ဖက်နှင့်ပတ်သက်ပြီး ကမ္ဘာ့အရပ်ရပ်တွင် ရှေးဟောင်းမှတ်တမ်းများ၊ ထူးခြားမှုများရှိသည်။ ရှေးနှစ်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com



စွာကတည်းက တရုတ်ပြည်၌ လက်ဖက်ယဉ်ကျေးမှုများ ပေါ်ပေါက်ခဲ့သည်။

ရှေးအခါက တရုတ်လူမျိုးတို့မှာ ပင်လယ်ကမ်းခြေ၊ မြစ်ချောင်းများအနီးတွင် နေထိုင်ကြကာ သားငါးရှာဖွေစားသောက်ရာမှ နောက်ပိုင်း လက်ဖက်ပင် အပါအဝင် အခြားသီးနှံများ စိုက်ပျိုးစားသောက်ခြင်းဓလေ့ပေါ်ပေါက်လာခဲ့ကြသည်။

နောက်ဆုံး လက်ဖက်ယဉ်ကျေးမှု တိုးတက်လာသည်နှင့်အမျှ လက်ဖက်ရည်သောက်သုံးခြင်းကိုပါ မင်းခမ်းမင်းနားဝင်အဖြစ် သတ်မှတ်ကာ ကြွေအိုး၊ ကြွေပန်းကန်များ ပြုလုပ်သုံးစွဲခဲ့ကြရာ တရုတ်တို့၏ ကြွေထည်ပြုလုပ်သော နည်းပညာမှာ ကမ္ဘာ့အရပ်ရပ်က အသိအမှတ်ပြုရလောက်အောင် လှပတင့်တယ်ခဲ့သည်။

တရုတ်ယဉ်ကျေးမှုသည် လက်ဖက်သုံးစွဲခြင်း အပါအဝင် အခြားယဉ်ကျေးမှုများပါ တိုးတက်ခဲ့ကြသည်။ ဂျပန်ပြည်သို့သွားသော တရုတ်ပြည်သား ဗုဒ္ဓဘာသာရဟန်းတော်များက လက်ဖက်ကို ဆေးဝါးအဖြစ်သောက်သုံးရန် ယူဆောင်သွားသည်မှ အစပြုပြီး ဂျပန်ပြည်သို့ လက်ဖက်ရောက်ရှိခဲ့သည်။

နောက်ပိုင်းမှာတော့ ဂျပန်တို့၏ လက်ဖက်သုံးစွဲပုံယဉ်ကျေးမှုမှာ ခမ်းနားထည်ဝါမှုရှိလာခဲ့သည်။ ဂျပန်တွင် မိမိတို့အဆင့်အတန်းအလိုက် လက်ဖက်ရည်သုံးဆောင်ရန် အဆောင်များကိုပင် သီးခြားဆောက်လုပ်သုံးစွဲခဲ့ကြသည်။

ဂျပန်တွင် လက်ဖက်ရည်သောက်သော အလေ့အထ





ကို ဂျပန်ယဉ်ကျေးမှုအနေဖြင့် သီးသန့်ထားကြသည်။ ထိုစည်းကမ်းကိုလည်း ကျပ်တည်းစွာ လိုက်နာကျင့်သုံးကြရသည်။

လက်ဖက်ရည်ငှဲ့ပုံ၊ ပန်းကန်ကိုင်ပုံ၊ သောက်ပုံကအစ ယဉ်ကျေးမှုတစ်ခုအနေဖြင့် စည်းကမ်းအတိုင်းသောက်သုံးကြသည်။

လက်ဖက်ရည်သောက်သော အမှုအရာကိုကြည့်ရုံဖြင့် ထိုသူ၏ အဆင့်အတန်းကို အကဲခတ်သိနိုင်ကြသည်။ ဂျပန်ပြည်မှာတော့ လက်ဖက်ကို အရွက်လိုက်အတိုင်းမသုံးဘဲ အမှုန့်ကြိတ်ပြီး သုံးစွဲကြသည်။

လက်ဖက်ကို တရုတ်နှင့်ဂျပန်တို့က (ချ၊ ကျ)ဟုခေါ်ကြပြီး၊ အိန္ဒိယလူမျိုးများက (ကျာဘိ)ဟုခေါ်သည်။ အနောက်တိုင်းသားများက ပသျှူးတို့ခေါ်သည့်အသံအတိုင်း (တီး)ဟု ခေါ်ကြသည်။

အချို့နေရာများမှာ တရုတ်ပြည်တောင်ပိုင်းနှင့် မြောက်ပိုင်းမှာပင် အခေါ်အဝေါ်ခြင်းမတူကြပေ။

တောင်ပိုင်း လက်ဖက်ကို (တေ)ဟု ခေါ်ကြပြီး၊ မြောက်ပိုင်းက (ချာ)ဟု ခေါ်ကြသည်။

(တေ)မှ (တီး)ဟူသော အခေါ်အဝေါ်ပြောင်းလဲလာသလို (ချာ)မှ (ကျာဘိ၊ ကျာရိ)ဟူသော အခေါ်လည်းဖြစ်လာနိုင်ပေသည်။

လက်ဖက်ပင်မှာ အစေ့ကိုစိုက်ပျိုးရပြီး သုံးနှစ်ကြာလျှင် ခူးဆွတ်အသုံးပြုနိုင်သည်။ တစ်နှစ်လျှင် လေးကြိမ်ခူးဆွတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သည်။

လက်ဖက်အကြောင်းကို နောက်မှသိရသော အနောက်နိုင်ငံသားများက စစ်ကြီးမဖြစ်မီကပင် မြန်မာနိုင်ငံသို့ ရောက်လာပြီး ဘုံဘေဘားမားကုမ္ပဏီ ထူထောင်ကာ လက်ဖက်အစိုအခြောက်များကို သိမ်းယူသွားကြလေသည်။

မြန်မာနိုင်ငံမှ ထွက်သောလက်ဖက်ကို တန်ဖိုးအနည်းငယ်ပေးကာ ဝယ်ယူပြီးနောက် ကမ္ဘာနေရာအနှံ့အပြားသို့ တန်ဖိုးကြီးကြီးဖြင့် ဈေးမြှင့်ကာ ရောင်းချခဲ့ကြလေသည်။

နောက်ပိုင်း စစ်ကြီးပြီးသည့်နောက်တွင် လွတ်လပ်ရေးနောက်ပိုင်းတွင် ဘုံဘေဘားမားကုမ္ပဏီကလည်း အကြီးအကျယ် ဆက်လုပ်ခဲ့သည့်အပြင် မြင့်သိန်းဘရားသားစက်ရုံ ဦးဘိုးဒွေး၊ ဦးဘိုနီ လက်ဖက်အချိုခြောက်စက်ရုံများ ပေါ်ပေါက်လာခဲ့သည်။

နောက်ပိုင်းမှာတော့ ရှမ်းပြည်နယ်တစ်ခွင်မှာလည်း လက်ဖက်ခြောက်စက်ရုံများ ပေါ်ပေါက်လာခဲ့သည်။

မြန်မာနိုင်ငံမှာ စစ်ဘေးစစ်ဒဏ်များ ကျရောက်နေစဉ်က တောင်ပေါ်ဒေသများမှာ နေထိုင်သူတို့မှာ တောင်ယာစိုက်ပျိုးခြင်းအလုပ်များအပြင် လက်ဖက်စိုက်ပျိုးခြင်းကြောင့် ဝမ်းစာရခဲ့ကြလေသည်။





# အခန်း (၅)

# မမြင်နိုင်သော သဘာဝအန္တရာယ်များ

အချိန်က နံနက်ပိုင်းအချိန်သာရှိသေးသည်။

တောပေါ်မှာ နေရောင်ခြည်များ ဖြာဆင်းလာနေပြီဖြစ်သော်လည်း နှင်းမှုန်များက ရှိနေဆဲပင်။

သစ်ပင်၊ သစ်ရွက်များအပေါ်မှာ တင်ကျန်နေခဲ့သော နှင်းရည်စက်များအပေါ်သို့ နေရောင်ခြည်ကျလာသောအခါ အလင်းရောင် အစက်အပြောက်များဖြစ်လာကြသည်။ ထိုနည်းသို့



www.burmeseclassic.com

www.burmeseclassic.com



သော လှပသော နံနက်ခင်းအချိန်တွင် နန်စီဘောင်ရွာကလေးမှာ ငြိမ်သက်စွာဖြင့် အိပ်မောကျနေဆဲပင်ရှိသေး၏။

ထိုအချိန်တွင် ပန်ဆောင်ရှိရာဘက်မှ ပန်တုံးခေါက်သံပေါ် ထွက်လာလေသည်။

ပန်တုံးမှာ အရေးအကြောင်းမရှိဘဲ ခေါက်လေ့မရှိရာ ယခုလည်း ရွာမှာရှိကြသူများ ပန်အဆောက်အအုံရှိရာသို့ လာကြရန် ခေါက်သော အချက်ပေးသံဖြစ်မှန်း သိကြလေသည်။

နန်စီဘောင်ရွာမှာ ပတ်ကွိုင်တောင်တန်းအရှေ့ဘက်၌ရှိသော ရွာငယ်တစ်ခုဖြစ်လေသည်။

အိမ်ခြေပေါင်း (၅၀)ကျော်ခန့်သာရှိပြီး နာဂရွာတစ်ရွာပင် ဖြစ်သည်။ နာဂရွာဟုသာဆိုသော်လည်း တောင်ယာလုပ်ငန်းများ လာရောက်လုပ်ကိုင်နေကြသည့် အခြားတိုင်းရင်းသားများလည်း ရှိကြလေသည်။

နီမောင်မှာ ထိုရွာ၌နေထိုင်သူတစ်ဦး ဖြစ်သည်။ သူသည် မိခင်ဖခင်တို့နှင့်အတူ ထိုရွာသို့ လာရောက်နေထိုင်ခြင်းဖြစ်ပြီး ထိုကဲ့သို့ မြေပြန့်နှင့် ဝေးလံခေါင်သီလှသည့်နေရာတွင် လာရောက်နေထိုင်ရသောအကြောင်းလည်း ရှိပေသည်။

အခြားတော့မဟုတ်ပေ။

မိခင်ဘက်မှ ဆွေမျိုးသားချင်းများက ထိုတောင်ကြောပေါ်မှာ သီးနှံစိုက်ခင်းနှင့် လက်ဖက်စိုက်ခင်းများ ရှိကြရာ နီမောင်တို့မိသားစု လုပ်ကိုင်စားသောက်ရန် လက်ဖက်စိုက်ခင်းတစ်ခင်း ပေးသဖြင့် လာရောက်လုပ်ကိုင်နေခြင်းဖြစ်သည်။





နီမောင်တို့မှာ မြေပြန့်ဒေသများမှာ အနေကြာခဲ့သောကြောင့် တောင်ပေါ်ဒေသသို့ ရွှေ့ပြောင်းစက မနေတတ်အောင်ရှိကြသည်။

လက်ဖက်စိုက်ခင်း ပေးသည့်တိုင် ကောင်းစွာမလုပ်တတ်ကြသော်လည်း နောက်ပိုင်းအနေကြာလာသောအခါ နေသားကျသွားသည်။

လက်ဖက်စိုက်ခင်းနှင့် ပတ်သက်သော အတွေ့အကြုံများကိုလည်း ဒေသခံများ၊ ဆွေမျိုးသားချင်းများက ဝိုင်းဝန်းကူညီပေးကြသဖြင့် တဖြည်းဖြည်းတတ်ကျွမ်းလာခဲ့လေသည်။

နောက်ပိုင်း အချိန်ကြာလာသောအခါ တောင်ပေါ်မှာ နေထိုင်ရသည်ကိုပင် နေသားကျလာခဲ့သလို အလုပ်လုပ်ရသည်မှာလည်း အဆင်ပြေလာသည်။

စိတ်ထဲမှာလည်း ပျော်ရွှင်စရာကောင်းလာသည်။

ထိုအခြေအနေများက သူတို့နေသောရွာတစ်ဝိုက်သို့ လီဒို လမ်းမကြီးဖောက်လုပ်နေသောကိစ္စ ရောက်မလာခင်အချိန်အထိသာ ဖြစ်သည်။

ယခုတော့ သူတို့တစ်ရွာလုံးအတွက် သတင်းဆိုးကြီးတစ်ခု ရောက်လာလေတော့သည်။

ထိုသတင်းဆိုးမှာ သူတို့ဘဝတစ်သက်တာတွင် လုံးဝမမျှော်လင့်ခဲ့သော သတင်းမျိုးပင်ဖြစ်သည်။

ထိုသတင်းကို အနောက်ပိုင်းဘက်မှ ထွက်ပြေးလာသော လူတစ်ယောက်က သယ်ဆောင်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏အမည်မှာ 'ကျောန်' ဆိုသူဖြစ်သည်။

ကျောန်မှာ အသက်သုံးဆယ်ကျော်အရွယ်ခန့်ရှိသော နာဂတိုင်းရင်းသားတစ်ဦးဖြစ်သည်။

ကျောန်နေသောရွာမှာ ပတ်ကွိုင်တောင်တန်း အနောက်ဘက်တွင်ဖြစ်ပြီး လီဒိုလမ်းဖောက်ရာတွင် ဦးစွာထိတွေ့ခဲ့သော ရွာလည်းဖြစ်သည်။

လမ်းဖောက်လုပ်ရာတွင် မလွတ်သဖြင့် ကျောန်တို့နေကြသော နာဂတစ်ရွာလုံး ဖျက်ပေးခဲ့ရရုံသာမက သူတို့ရွာမှ လူငယ်လူရွယ်အတော်များများ ချွေးတပ်သားအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်း ခံကြရသည်။

ရွာပျက်သွားရုံမက ၎င်းတို့စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများနှင့် လက်ဖက်စိုက်ခင်းများပါ ပျက်စီးခဲ့ရလေသည်။

ကျောန်မှာ ချွေးတပ်သားအဖြစ် ပါသွားရာမှ ပင်ပန်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ထွက်ပြေးလာရာမှ နီမောင်တို့နေသော နန့်စီဘောင်ရွာသို့ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

"ကျုပ်တို့နေတဲ့ရွာတွေတော့ ပျက်သွားပြီ၊ ကျုပ်တို့ ဝမ်းစာအတွက် လုပ်ကိုင်စားသောက်နေတဲ့ သီးနှံစိုက်ခင်းတွေ၊ လက်ဖက်စိုက်ခင်းတွေလည်း အဖျက်ဆီးခံလိုက်ရပြီဗျ"

"ဘယ်သူတွေက လာပြီးဖျက်ဆီးတာလဲ"

"ကုလားဖြူတွေပေါ့ဗျာ. . . ဘယ်သူရှိပါ့မလဲ"

"ကိုယ့်နေရာလာပြီး မတရားလုပ်ရင် တိုက်ထုတ်ပစ်ပေါ့ကွ"





"မရလို့ပေါ့ဗျ. . . သူတို့မှာ လူတွေကလည်း အများကြီး၊ လက်နက်တွေကလည်း အများကြီးရယ်၊ ရွာတွေ၊ စိုက်ခင်းတွေ ပျက်ရုံမကဘူး၊ တစ်ရွာလုံးမှာ ရှိသမျှလူတွေကိုလည်း အကုန်ခေါ်သွားသေးတယ်"

"ဘာလုပ်ဖို့လဲ"

"ချွေးတပ်ဆွဲတယ်ဆိုလား . . . လုပ်အားပေးဆိုလားပဲ၊ လမ်းဖောက်တဲ့ဆီခေါ်သွားပြီး ပင်ပန်းတဲ့ အလုပ်ကြမ်းတွေမှန်သမျှ အကုန်လုပ်ခိုင်းတော့တာပါပဲ၊ ကျုပ်တော့ ဟိုရောက်မှ မခံနိုင်တော့လို့ ဒီကိုထွက်ပြေးလာခဲ့ရတာ ရွာကိုလည်း မပြန်ဝံ့တော့ဘူး"

"ရွာတွေဖျက်၊ စိုက်ခင်းတွေဖျက်တော့ ဘာနဲ့ လုပ်စားကြမလဲ၊ နောက်ပြီး ယောကျ်ားတွေ ဖမ်းခေါ်သွားမှတော့ ကျန်ခဲ့တဲ့ သက်ကြီးရွယ်အိုတွေ၊ ကလေးတွေ၊ မိန်းမတွေကို ဘယ်သူရှာကျွေးမလဲ"

"မသိတော့ပါဘူးဗျာ၊ ကိုယ့်ဘာသာရှာစားနိုင်ရင်ရှာစား မစားနိုင်ရင်တော့ သေကြမှာပေါ့"

ကျောန် ပြောပြနေသော အကြောင်းများက သူတို့တစ်ရွာလုံးအတွက် ရင်လေးစရာပင်ဖြစ်ပေတော့သည်။

"ဒါထက် အဲဒီလမ်းမကြီးဖောက်တာ ဘာလုပ်ကြဖို့လဲ"

"ကျုပ်လည်း ဘယ်သိပါ့မလဲ. . . ကုလားပြည်ကနေ တရုတ်ပြည်အထိရောက်အောင် ဖောက်မယ်လို့တော့ ပြောသံကြားခဲ့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . . အဝေးကြီးပါလား၊ ဒီလောက်ရှည်တဲ့လမ်းမကြီး ဖောက်နေတာ ဘယ်တော့မှ ပြီးမှာလဲ"

"အဲဒါလည်းမသိဘူး၊ ဒါပေမယ့် တောင်ပေါ်မှာရှိတဲ့ လမ်းဖောက်တဲ့နေရာနဲ့ မလှတ်တဲ့ရွာတွေနဲ့ သီးနှံစိုက်ခင်းတွေ အတော်များများတော့ ကုန်ပြီ"

"ဒါထက် အဲဒီလမ်းကြီးဖောက်နေတာ ဘယ်နေရာအထိ ရောက်လာပြီလဲ"

"ပတ်ကွိုင်တောင် အနောက်ဘက်ကတော့ ဒီဘက် ကျော်လာနေပြီ. . ."

"နေစမ်းပါဦး အဲဒီလမ်းကြီးက ဘယ်နေရာကိုဦးတည်နေတာလဲဟ. . ."

"ကျုပ်လည်း ဘယ်သိပါ့မလဲ. . . ဒါပေမယ့် မကြာခင်တော့ ခင်ဗျားတို့ရွာတွေဘက် ရောက်လာတော့မှာ သေချာတယ်"

ကျန်ပြောသွားသောစကားများမှာ စိုးရိမ်စရာဖြစ်သော်လည်း ထိုအချိန်ကတော့ မိမိတို့ရှိရာသို့ မရောက်သေးသောကြောင့် သိပ်စိုးရိမ်ကြခြင်းတော့ မဖြစ်ကြသေးပေ။

အချို့ကလည်း မိမိတို့ရွာများဘက်သို့ ရောက်ချင်မှ ရောက်မည်ဟု ပေ့ါပေ့ါတွေးကြသည်။

အချို့စိတ်ပူတတ်သူများကတော့ မိမိတို့ရွာများဘက်သို့ အန္တရာယ်ပေးသော နဂါးကြီးတစ်ကောင်ဦးတည်လာနေသကဲ့သို့ စိုးရိမ်စိတ်ဝင်နေကြသည်။





သူတို့ရွာသို့ ကျွန်ရောက်လာခဲ့သည်မှာပင် ရက်အတန်ကြာသွားခဲ့ပေပြီ။

ဒီကနေ့ နံနက်ပိုင်းရောက်သောအခါ ရွာလူကြီးရှိသော ပန်အဆောက်အအုံရှိရာမှ ပန်တုံးခေါက်သံကြားကြရလေသည်။

ထိုအသံမှာ သူတို့အားလုံးအတွက် ငှက်ဆိုးထိုးသံပမာ ထိတ်လန့်စရာဖြစ်ပေတော့သည်။

သို့သော်လည်း ရွာလူကြီးက ခေါ်ပြီဆိုလျှင်တော့ မည်သူမှ မသွားဘဲ မနေဝံ့ကြပေ။

နီမောင်လည်း အိပ်ရာမှထပြီး ပန်အဆောက်အအုံရှိရာသို့ သွားရန်ပြင်လေသည်။

ထိုအခါ ဖခင်ဖြစ်သူက စိုးရိမ်စွာမေးသည်။

"ရွာလူကြီးကတော့ ခေါ်နေပြီ ဟိုဖောက်နေတဲ့လမ်းကြီးများ ငါတို့ရွာတွေဘက် ရောက်လာပြီလား မသိဘူး"

"မသိပါဘူး အဖေရယ်. . ."

"မတော်တဆ တို့ရွာထဲကို မျက်နှာဖြူစစ်သားတွေ ရောက်လာပြီးတော့ ချွေးတပ်ဆွဲရင်တော့ အခက်ပဲ"

ဟု လူကြီးပိပိ စိတ်ပူစွာပြောနေလေသည်။

နီမောင်ကတော့ ဘာမှပြန်မပြောတော့ပေ။ သို့သော်လည်း သူ့စိတ်ထဲမှာတော့ စိုးရိမ်စိတ် ဝင်နေမိလေသည်။

ထိုအခိုက်မှာပင် သူတို့ရှိရာသို့ စောထီးနှင့်ငမဲအောင်တို့ ရောက်လာကြသည်။

"ပန်တုံးခေါက်သံ ကြားရပြီ၊ မင်းသွားမှာမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



နီမောင်"

နီမောင် ခေါင်းညိတ်ပြပြီး အိမ်ရှေ့သို့ ထွက်လာသည်။ လမ်းရောက်တော့မှ စောထီးက ပြောသည်။

"ရွာထဲကလူတွေတော့ ပြောနေသံ ကြားရတယ်၊ စောစောက ငါတို့ရွာထဲကို မျက်နှာဖြူစစ်သားတွေ ရောက်လာတယ်တဲ့"

"ဒါဆိုရင်တော့ ဟိုလမ်းဖောက်တဲ့ကိစ္စပဲဖြစ်မှာပဲ"

"ငါတို့ရွာတွေများ ဖျက်ပေးရမလား မသိဘူး"

"ရွာဖျက်ရင် နောက်တစ်ရွာရွှေ့ဆောက်ရင် သိပ်မကြာဘူး၊ သီးနှံစိုက်ခင်းတွေနဲ့ လက်ဖက်ခင်းတွေ ဖျက်ပေးရရင်တော့ အခက်ပဲ"

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြသည်။ ရွာလမ်းတစ်လျှောက်မှာတော့ အခြားသူများလည်း အလျှိုအလျှို ထွက်လာကြသည်ကို တွေ့ကြရသည်။

၎င်းတို့ မျက်နှာပြင်များပေါ်မှာလည်း တစ်စုံတစ်ရာအတွက် စိုးရိမ်သောကရောက်နေကြသည့် အမူအရာများ ပေါ်လွင်နေကြလေသည်။

ပန်အဆောက်အအုံမှာ ရွာလည်ပိုင်းတစ်နေရာ၌ ရှိလေသည်။ ပန်ဟူသော ဝေါဟာရမှာ ထိုအဆောက်အအုံမှာ ကျေးရွာနှင့်ပတ်သက်သည့် သာရေးနာရေးကိစ္စများကို စုဝေးတိုင်ပင်ကြသည့် နေရာတစ်နေရာပင် ဖြစ်သည်။

ထိုနေရာရောက်တော့ ရွာထဲမှ လူများအပြင် သေနတ်





များကိုင်ထားသော မျက်နှာဖြူတပ်သား၊ ဂေါ်ရခါးတပ်သားများကို တွေ့ရသည်။

စကားပြန်လုပ်သူမှာ သံပချိုင် ဆိုသူဖြစ်ပြီး တိုင်းရင်းသားတစ်ဦးလည်းဖြစ်သည်။

ရွာလူကြီး ဦးထန်ဖုန်းရှိန်ကတော့ ဂေါ်ရခါးတပ်သားများကို ဝတ်ကျေတမ်းကျေ ဧည့်ခံနေရသော်လည်း မျက်နှာကတော့ မသာမယာဖြစ်နေသည်။

ရွာသားများ စုံသလောက်ရှိတော့ သံပချိုင်ကပြောသည်။

"ကျုပ်တို့ အခုဒီရွာကိုရောက်လာတာကတော့ လမ်းဖောက်ဖို့ကိစ္စအတွက်ပဲ. . ."

ထိုစကားကြောင့် အားလုံးမှာ စိတ်မသက်မသာဖြင့် သက်ပြင်းချလိုက်ကြသည်။ ၎င်းတို့တစ်ရွာလုံး စိုးရိမ်သောကရောက်နေသော အရာကတော့ ရောက်လာခဲ့ချေပြီ။

နဂါးတစ်ကောင် ဝင်ရောက်လာလျှင်သော်မှ တစ်ရွာလုံး ဝိုင်းဝန်းသတ်ဖြတ်နိုင်ကြသော်လည်း ယခုရောက်လာသော မျက်နှာဖြူတပ်သားများကိုတော့ ဘယ်လိုမှ မတတ်နိုင်ကြတော့ပေ။

"အခုဖောက်နေတဲ့လမ်းကြီး အိန္ဒိယကနေ တရုတ်ပြည်ရောက်အောင်ဖောက်မယ့် အရှည်လျားဆုံးလမ်းမကြီးတစ်ခုပဲ. . ဒီလမ်းကြီး ဖောက်ပြီးသွားရင်တော့ ခင်ဗျားတို့တစ်ခွေ သွားချင်တဲ့နေရာ သွားလို့ရလာလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက အားရပါးရပြောနေသော်လည်း မည်သူကမှ စိတ်ဝင်စားဟန် မရှိကြပေ။

"ဒီလမ်းကြီးပေါက်သွားရင် အိန္ဒိယဘက်ကရော. . တရုတ်ပြည်ဘက်ကရော အဝတ်အစားတွေ၊ အသုံးအဆောင်ပစ္စည်းတွေနဲ့ အစားအသောက်တွေ အများကြီးရလာကြလိမ့်မယ်"

"အလကားပေးမှာလား"

လူအုပ်ထဲမှ တစ်ယောက်က ထမေးသောကြောင့် သံပချိုင်မှာ ဘယ်လိုပြန်ပြောရမှန်းမသိအောင် ဖြစ်သွားတော့သည်။

နောက်မှ. . .

"အင်း. . တချို့လည်း အလကားရမှာပေါ့၊ တချို့လည်း ပိုက်ဆံနဲ့ဝယ်ရမှာပေါ့ အရေးကြီးတာက ဒီလမ်းမကြီး မြန်မြန်ပြီးသွားဖို့ပဲ၊ ဒီလမ်းမကြီး အမြန်ပြီးဖို့ ခင်ဗျားတို့ရွာက လူတွေ အကူအညီပေးကြရမယ်"

"ဒါထက်. . . ခင်ဗျားတို့လမ်းမကြီးက ဘယ်နေရာက ဖောက်မှာလဲ"

တစ်ယောက် မေးမြန်းသဖြင့် သံပချိုင်က ချက်ချင်းပြန်မဖြေသေးဘဲ သူ့နောက်နားမှာ ရပ်နေသော မျက်နှာဖြူတစ်ယောက်ကို လှည့်ပြောပြနေသည်။

အရာရှိဖြစ်ဟန်ရှိသော ထိုလူက ၎င်းယူလာသောမြေပုံစာရွက်လိပ်ကို ဖြန့်ကြည့်နေပြီး သံပချိုင်ကို တစ်စုံတစ်ခု ပြန်ပြောပြနေသည်။





နောက်မှ သံပချိုင်က ပြန်ရှင်းပြသည်။

"လမ်းကြောင်းဆွဲထားတဲ့နေရာက ဒီတောင်ကြောပေါ်က လမ်းအတိုင်းဆိုတော့ ခင်ဗျားတို့ရွာနဲ့ မလွတ်တဲ့အတွက် နေရာရွှေ့ပေးရမယ်"

ထိုစကားကြောင့် အားလုံး မျက်စိမျက်နှာ ပျက်သွားကြသည်။

"အိမ်တစ်လုံး ဆောက်ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ကျုပ်တို့ ဆောက်ပြီးသားအိမ်တွေတော့ မဖျက်နိုင်ဘူး၊ ခင်ဗျားတို့ ဖောက်နေတဲ့လမ်းက တခြားကသာဖောက်ပေတော့. . ."

ဟု ပြောသူကပြောသည်။ ထိုစကားကြားသောအခါ သံပချိုင်က လေသံမာမာဖြင့် ပြောပြလေသည်။

"သခင်ကြီးတွေက တိုင်းပြည်တစ်ခုလုံးကိုတောင် သိမ်းပိုက် အုပ်ချုပ်နေကြတာဆိုတော့ ဘယ်နေရာမဆို သူတို့ကြိုက်တာ လုပ်ခွင့်ရှိတယ်"

"သူတို့က အခုမှရောက်လာကြတာပဲ၊ ကျုပ်တို့က ဒီတောင်ပေါ်မှာ တစ်သက်လုံးနေလာကြတာပဲ၊ ဒါကျုပ်တို့ပိုင်တဲ့ နေရာပဲ"

ဟု ဒေါသတကြီးပြန်ပြောသူက ပြောသည်။

"ဘာပဲဖြစ်ဖြစ် ဒီလမ်းအတိုင်းဖောက်မယ့်လမ်းကတော့ ဖောက်ရမှာပဲ. . မလွတ်တဲ့ဟာတွေကိုလည်း ဖယ်ရှားသွားရမှာပဲ အေးအေးဖယ်ခိုင်းလို့ မဖယ်ရင် မြေတူးစက်တွေနဲ့ တွန်းဖယ်ပစ်တာ ခံရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာတွေကတော့ ထားပါတော့၊ ကျုပ်တို့စိုက်ပျိုးထားတဲ့ သီးနှံစိုက်ခင်းတွေ၊ လက်ဖက်ခင်းတွေကရော ဘယ်လိုလုပ်မှာလဲ"

"မလွတ်တာတွေအားလုံးကတော့ ဖယ်ပစ်ရမှာပဲ. . ၊ သခင်ကြီးတွေရဲ့အမိန့်ကို ဘယ်သူမှလွန်ဆန်လို့မရဘူး၊ လွန်ဆန်ရင် အပြစ်ပေးခံရမှာပဲ"

ရွာသားများမှာ မိမိတို့နေသောရွာများသာမက သီးနှံစိုက်ခင်းများပါ အဖျက်ဆီးခံရတော့မည်ဖြစ်သဖြင့် အားလုံး မကျေမနပ်ဖြစ်နေကြသည်။

လက်နက်အင်အား၊ လူအင်အားချင်းမမျှသောကြောင့်သာ မလှုပ်သာသော်လည်း. . ဖြစ်နိုင်လျှင် စကားပြန်နှင့်တကွ မျက်နှာဖြူ တပ်သားများကို အမှုန့်ချေပစ်ချင်နေကြသည်။

ပြီးနောက် စကားပြန်က ဆက်ပြောသည်။

"ဒါ့အပြင် ကျုပ်တို့အခုလာတာက လမ်းဖောက်တဲ့ နေရာမှာ လူလိုနေတယ်၊ ဒါကြောင့် ခင်ဗျားတို့ရွာ ချွေးတပ်သားတွေအတွက် ထည့်ပေးရမယ်၊ ရွာလူကြီးက စီစဉ်ပေးပါ"

ထိုအခါ ဦးထန်ဖုန်းရှိန်က ပြောသည်။

"ကျုပ်တို့ရွာမှာ တစ်နေ့လုပ်မှ တစ်နေ့စားကြရတယ်၊ ခင်ဗျားတို့ဆီ လိုက်နိုင်မယ့်သူမရှိဘူး"

"လုံးဝမလိုက်လို့တော့မရဘူး တစ်အိမ်မှာ နှစ်ယောက်ရှိရင် တစ်ယောက်လိုက်မယ်၊ အထူးသဖြင့် လူပျိုလူလွတ်တွေကို ရွေးပြီး ထည့်ပေးပါ"





ဟု ပြောရာ ဦးထန်ဖုန်းရှိန်က ရွာသားများကို ပြန်ပြောပြလေသည်။

ထို့နောက်မှာတော့ မျက်နှာဖြူတပ်သားများနှင့် စကားပြန်ကို အခြားတစ်နေရာမှာထားပြီး ရွာလူကြီးများနှင့် ရွာသားများမှာ ခေါင်းချင်းဆိုင်ကာ တိုင်ပင်ကြရလေသည်။

"ကိုင်းဘယ်လိုလုပ်ကြမလဲ၊ ဒီမျက်နှာဖြူတွေကတော့ မလိုက်ရင်လည်း အတင်းဆွဲခေါ်ကြမှာပဲ"

"စိတ်မပူပါနဲ့သူကြီး ကျွန်တော်တို့ လူလွတ်တွေ လိုက်သွားပါမယ်၊ ဟိုရောက်တော့မှပဲ အခြေအနေကြည့်ပြီး လုပ်ခဲ့ပါမယ်"

နီမောင်က ပြောလိုက်လေရာ ဦးထန်ဖုန်းရှိန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"သူကြီးက သူတို့ဆီမှာ တစ်ခုပဲခွင့်တောင်းပေးပါ"

"ဘာကိုခွင့်တောင်းပေးရမှာလဲ"

"ကျွန်တော်တို့က လက်ဖက်ခင်း၊ စိုက်ခင်းတွေလည်း ဖျက်ကြရတဲ့အပြင် ရွာကိုလည်း ရွှေ့ပေးရမှာဆိုတော့ ချက်ချင်းတော့ မလိုက်သေးဘူး၊ နောက်တစ်ပတ်လောက်ကျမှ လိုက်နိုင်မယ်ဆိုတာ ပြောပေးပါ"

"အေးပြောပေးမယ်. . . မင်းတို့သွားရင်လည်း စိတ်ဖြောင့်ဖြောင့်သာသွားကြ၊ ကျန်ခဲ့တဲ့သူတွေကိုလည်း စိတ်မပူကြနဲ့ တစ်ရွာလုံးက ကိုယ့်မိသားစုတွေလိုပဲ မရှိရှိတာ မျှဝေစားသောက်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ဦးထန်ဖုန်းရှိန်ကပြောရာ ခွေးတပ်သားအဖြစ် လိုက်ပါကြမည့် လူငယ်လူရွယ်များမှာ စိတ်သက်သာရာရသွားကြသည်။

"ကျွန်တော်တို့တော့ ဒီမျက်နှာဖြူတွေကို လုံးဝမကျေနပ်ဘူးဗျာ၊ ကျွန်တော်တို့ဘာသာ တောထဲတောင်ထဲမှာ အေးအေးနေကြတာကို လာပြီးဖျက်ဆီးကြတယ်၊ အခု ရွာတွေအပြင် သီးနှံစိုက်ခင်းတွေပါ ပျက်ရတော့မယ်"

"ဟုတ်တယ် သူတို့က လက်နက်အားကိုးနဲ့ မတရားလာလုပ်ကြတာပဲ"

"မင်းတို့က ရွာနဲ့သီးနှံစိုက်ခင်းလောက်ပျက်တာနဲ့ ဒီလောက်ဒေါသထွက်နေကြတယ်၊ တကယ်တော့ ဒီမျက်နှာဖြူတွေက အခုမှ ဒီကိုလာပြီး မတရားလာလုပ်နေတာမှ မဟုတ်တာ"

ဦးထန်ဖုန်းရှိန်က ဝင်ပြောသဖြင့် အားလုံးက ကြည့်လိုက်ကြသည်။

"မြန်မာတစ်ပြည်လုံးကို မတရားသိမ်းပိုက်ပြီး သူတို့လုပ်ချင်တိုင်း လုပ်နေကြတာ နှစ်ပေါင်းတစ်ရာကျော်ခဲ့ပါပြီ၊ ဒီလောက်ကလေး နှိပ်စက်ခံရတာကိုတော့ ပြောမနေကြပါနဲ့တော့ကွာ"

"သူကြီးက မပြောနဲ့ဆိုလည်း ပြောရမှာပဲ၊ ဗမာ တစ်ပြည်လုံး နှိပ်စက်ခံရတာလည်း နာတာပဲ၊ ပိုပြီးနာတာက တစ်သက်လုံး လုပ်ကိုင်စားသောက်လာတဲ့ စိုက်ခင်းတွေ ဖျက်ဆီးခံရ





တာတော့ ပိုပြီးနစ်နာသလိုပဲ"

"သူတို့က လမ်းဖောက်မယ်ဆိုပြီး သစ်ပင်တွေကို ဖျက်ဆီးပစ်တယ်၊ အဲသီးအနှံရတဲ့သစ်ပင်တစ်ပင်ရဖို့ နှစ်ဘယ်လောက်ကြာတဲ့အထိ ပြုစုပျိုးထောင်ရတယ်ဆိုတာ သူတို့မှမသိကြပဲ"

"သူတို့က လက်နက်ရှိတော့ လက်နက်အားကိုးနဲ့ လုပ်ချင်တိုင်း လုပ်နေတာကွ"

"သူတို့မှာ ခေတ်မီလက်နက်တွေရှိသလို ငါတို့မှာလည်း သဘာဝလက်နက်တွေ အများကြီးရှိတာပဲ၊ တွေ့ကြဦးမှာပေါ့"

"ငမဲအောင်ပြောတာ ဟုတ်တယ်ဟေ့၊ ဟိုတလောက နာဂရွာတစ်ရွာကို ခွေးတပ်ဆွဲဖို့သွားတဲ့ စစ်သားတွေ ဂူတစ်ဂူထဲမှာ အုပ်စုလိုက်ပျောက်သွားတယ်လို့ သတင်းကြားလိုက်မိတယ်"

"အဲဒါ သူတို့အားကိုးတဲ့ ခေတ်မီလက်နက်တွေဘာမှ မတတ်နိုင်တဲ့ သဘာဝအန္တရာယ်တွေပဲ နောက်ထပ်လည်း အများကြီးတွေ့ရဦးမှာပါ"


ဟု အချင်းချင်းပြောဆိုနေကြလေသည်။

ထိုသို့ပြောနေသည်ကိုတော့ မျက်နှာဖြူစစ်သားများက မရိပ်မိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



လီဒိုလမ်းမကြီးဖောက်လုပ်နေကြသည့်
ချွေးတပ်သားများ



# အခန်း (၆)

# တောနက်ထဲမှ သေမင်းရနံ့

တကယ်တော့ လီဒိုလမ်းမကြီး ဖောက်လုပ်သောကိစ္စမှာ နှစ်နိုင်ငံချစ်ကြည်ရေးကိစ္စအတွက် အေးအေးဖောက်လုပ်ရသော ကိစ္စမျိုးတော့ မဟုတ်ပါချေ။

စစ်ဆင်ရေးအတွက် အရေးပေါ် ဆောက်လုပ်ကြရခြင်း ဖြစ်ပေသည်။

ထို့ကြောင့် အေးအေးဆေးဆေး စီမံကိန်းဆွဲပြီး လုပ်နေ၍ မရပေ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



မြေပုံအကြမ်းချပြီး ထိုမြေပုံကြမ်းပေါ်မှာ အိန္ဒိယမှ မြန်မာ၊ မြန်မာမှတရုတ်အထိရောက်အောင် သွားနိုင်သော လမ်းကြောင်းကို အကြမ်းဖျင်း သတ်မှတ်သည်။

၎င်းတို့အနေနှင့် ထိုလမ်းကြောင်းကို . . ယေဘုယျလောက်သာ ကြည့်နိုင်ပြီး အသေးစိတ်သိအောင် အေးအေးဆေးဆေး ကြည့်ရှုခွင့်တော့ မရပေ။

သို့ကြောင့် မမြင်ရသော အခက်အခဲများနှင့် အန္တရာယ်များကိုတော့ ကြိုတင်မသိနိုင်ကြပေ။

ကားများသွား၍ရလောက်သော လမ်းကြောင်းတစ်ခုရရန်အတွက်သာ ဦးတည်ပြီးလုပ်ကြသောကြောင့် နယ်မြေနှင့်ပတ်သက်သည့် သဘောသဘာဝများကို ဘာမှ မယ်မယ်ရရမသိကြပေ။

ဦးတည်ထားသောလမ်းကြောင်းပေါ်မှာ တောင်မြင့်ဘယ်နှလုံး၊ ချောက်ဘယ်နှခု၊ မြစ်ချောင်းဘယ်နှခုရှိသည်ကို ကြိုတင်မသိရသောကြောင့် တကယ်ဖောက်လုပ်သောအခါ အခက်အခဲပေါင်းများစွာတို့နှင့် ကြုံတွေ့ကြရတော့သည်။

ရှေမရနိုင်သော ကျောက်တောင်အမြင့်ကြီးများ အပေါ်သို့ ရောက်သည့်အခါရောက်သည်။

အသူတရာနက်သော ချောက်ကြီးများကို ကျော်ဖြတ်ရသည့်အခါ ဖြတ်ရသည်။

ကျယ်ပြန့်လှသော နွံအိုင်ကြီးများအပေါ်မှာ တံတားများထိုးကာ ကျော်ဖြတ်ရသည်များလည်းရှိသည်။





မျက်နှာဖြူ အင်ဂျင်နီယာများကတော့ ၎င်းတို့ အကြမ်းရေးဆွဲထားသော လမ်းကြောင်းများကို ပြောင်းလဲရန် စိတ်မကူးကြပေ။

ရွာ၊ သစ်ပင်၊ သီးနှံစိုက်ခင်းများမှာ လမ်းကြောင်းပေါ်မှာရောက်နေပါက ကွင်းရှောင်သွားခြင်းမျိုးမရှိဘဲ ဖြတ်ဖောက်သွားကြသည်။

ထိုလမ်းမကြီးကို စတင်ဖောက်လုပ်ရန် စိတ်ကူးစဉ်က လူ နှစ်ရာလောက်နှင့် မြေတူးစက်သုံးလုံးလောက်ဆိုလျှင် ဖြစ်နိုင်လောက်ဟု ထင်ထားသည်။

တကယ်တမ်းလက်တွေ့မှာတော့ . . ၎င်းတို့ လျာထားသော လူနှစ်ရာမှာ ဘာမှအသုံးပြု၍မရသောကြောင့် နီးစပ်ရာရွာများမှာရှိသော တိုင်းရင်းသားများကို ချွေးတပ်သားအဖြစ်အတင်းအဓမ္မခေါ်ကာ အသုံးပြုကြရလေတော့သည်။

သို့ကြောင့် မူလက လူနှစ်ရာလောက်နှင့် ဖြစ်မည် ထင်ထားသော လမ်းဖောက်လုပ်သည့်လုပ်ငန်းမှာ နောက်ပိုင်းတွင် လူငါးသောင်းကျော်အထိ ရှိလာခဲ့ခြင်းဖြစ်ပေတော့သည်။

မျက်နှာဖြူများအနေဖြင့် လီဒိုလမ်းမကြီးကို ဖောက်ရာတွင် အေးအေးဆေးဆေး စိတ်ချလက်ချ ဖောက်ကြရခြင်းမျိုးတော့ မဟုတ်ပေ။

ဂျပန်တို့နှင့် စစ်ဖြစ်နေသောအချိန်ကာလ ဖြစ်သဖြင့် ဂျပန်တို့ သိမ်းပိုက်ထားသော နယ်မြေအချို့ကို ဖြတ်ကျော်ရသည့်အခါမှာတော့ အခက်အခဲများစွာ တွေ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲများဖြစ်ကြရသည်။

ဂျပန်တို့ ကျည်ဆန်များကြောင့် စစ်သားများထက် ခွေး တပ်သားများသာ သေဆုံးမှု များကြလေသည်။

သူတို့အတွက် လမ်းဖောက်သောလုပ်ငန်းချည်းသာ မဟုတ်ဘဲ စစ်တိုက်ရင်း လမ်းဖောက်ကြရခြင်းဖြစ်ပေသည်။

စတီးဝဲလ်တို့အနေဖြင့် လမ်းဖောက်ရန် လုပ်ငန်းစသည် နှင့် အခက်အခဲပေါင်းများစွာတို့နှင့် တွေ့ကြုံရင်ဆိုင်ကြရသည်။

မြေတွန်းစက်များ၊ ကျွဲရိုင်းစက်များ၊ မြေကော်စက်ကြီး များ မြေသိပ်စက်ကြီးများ၊ ဝန်ချီစက်များ၊ လမ်းလိမ့်စက်တွေ ကျောက်ခွဲစက်များ စသည့်စက်များကို လီဒိုမီးရထားလမ်းဆုံ ဘူတာသို့ မီးရထားများနှင့် သယ်ယူလာပြီး ချထားလိုက်ကြ သည်။

ထိုစက်များ သယ်ယူလာခဲ့ရသော ခရီးလမ်းကား မိုင် ပေါင်း(၁၂၀၀)ရှည်လျားသော အမေရိကန်မှ အိန္ဒိယအရှေ့ မြောက်စွန်း အာသံမီးရထားဆုံး လီဒိုအထိ ဖြစ်သည်။

တိုက်ကြီး (၃)တိုက်၊ သမုဒ္ဒရာ (၂)စင်းကို ကျော်ဖြတ်၍ ခဲခဲယဉ်းယဉ်းသယ်ပိုးခဲ့ရသော စက်များဖြစ်၏။

စက်များရောက်လာသည်နှင့် တစ်ပြိုင်နက် ဆိုင်းမပါ ဗုံမဆင့် တစ်ခါတည်း အူကြောင်းဆွဲသူကဆွဲ၊ နောက်ကရသမျှ အလုပ်သမားများနှင့် စ၍ဆောင်ရွက်ကြသည်။

တောများကိုရှင်း၊ တောင်များကိုဖြတ်၊ ချောင်းများကို ကျော်၊ ဗွက်များနွံများကို ဖို့ကြရသည်။





တချို့ မြင့်လွန်းသည့် နေရာများလည်းရှိသည်။

အထက်ဘဝဂ် ထိနေလုနီးဖြစ်သည်။

တိမ်များသည် လမ်းလုပ်သားများ၏ ခြေသလုံးကြားမှ ဖြတ်ပြီး တဝေ့ဝေ့ပြေးနေကြသည်။

နိမ့်ပြီးဆင်းသွားသောနေရာမှာလည်း အဝီစိများ နီး နေပြီလားဟုထင်ရ၏။

ဤသို့ဖြင့် တောင်စောင်း၊ တောင်ကမ်းပါးကြီးများ၊ တောကြီးမျက်မည်းများ၊ ချောင်းကြီးများ၊ အိုင်ကြီးများ၊ ဗွက် ကြီးများ အလီလီအလာလာကို ဝေ့ကာ၊ ကွေ့ကာ၊ ဝိုက်ကာ၊ ချိုးကာ. . နိမ့်ချည်တစ်လှည့် မြင့်ချည်တစ်လီဖြင့် အတင်းတရ ကြမ်းဖောက် လာကြလေသည်။

ထိုလမ်းမကြီးမှာ အလွန်စိတ်ကူးယဉ်ယဉ်နှင့် ဖောက် လုပ်ထားသဖြင့် ဥရောပသမိုင်းမှ ရောမခေတ်လမ်းမကြီးမျိုး ထက်ပင် ခန့်ညားသေး၏။

လမ်းမကြီးသည် အကျယ် ပေ(၃၀) ရှိ၍ အသွားလမ်း၊ အပြန်လမ်း နှစ်ကြောင်းတွဲဖြစ်သည်။

ကျောက်ခင်း၊ ကျောက်ကာ၊ ရေဆင်း၊ ရေစီး၊ ဘေး မြောင်းများနှင့် တောင်စောင်းမှကျသည့်ရေကို တမံနှင့်လွှဲထား ပြီး တံတားများမှာလည်း ခန့်ခန့်ထည်ထည်ဖြစ်နေပေသည်။

တစ်ခါတစ်ရံတွင် ပူသည့်နေမင်း၏အရှိန်မှာ သွေးပွက် ပွက်ဆူလာမတတ် ခံစားရသည်။

တစ်ခါတစ်ရံတွင်မူ ချမ်းအေးလိုက်သည်မှာ ခိုက်ခိုက်



www.burmeseclassic.com

www.burmeseclassic.com



တုန်။

အနိမ့်ပိုင်း ဖုန်ထူသည့်နေရာတွေမှာ အသက်ရှူကျပ်
မတတ်။

ပွက်များနွံများ ထူထပ်သည့်နေရာများတွင်မူ ဖက်မုတ်
များ၊ တိရစ္ဆာန်အသေများနှင့် အပုပ်နံ့ တထောင်းထောင်း ထ
လျက်။

မိုးရွာသည့်အခါများမှာ ရေများက ဒလဟော ကျတတ်
မြဲ။

မြူများဆိုင်းလာသည့်အခါတွင် မည်သည့်နေရာကိုမှ
မမြင်ရပေ။ ရှေ့တစ်လံနှစ်လံကိုပင် စမ်းတဝါးဝါးနှင့်သွားရသည်။

သို့သော် အလုပ်သမားများမှာ နေ့ခင်းသာမဟုတ်
ညပိုင်းတွင်ပါ မနားတမ်းလုပ်ကြရသည်။

တစ်နေ့တစ်မိုင်နှုန်းပြီးစီးရမည်ဟူသည့် မဟာဥပဒေကို
အလုပ်သမားတိုင်း လိုက်နာကြရသည်။

ထိုလမ်းတွင် ငှက်ဖျားရောဂါမှာ မင်းအမူဆုံးဖြစ်သည်။

အားလုံးတွင် သောက်သုံးရေမှာ အခက်ခဲဆုံးပြဿနာ
ဖြစ်သည်။

အချို့နေရာတွင် (၁၀)မိုင်အတွင်းရှာကြည့်လျှင် မည်သည့်
ပင်ရှာရှာ ရေတစ်ပေါက်မှ မတွေ့ရပေ။

ထို့ကြောင့် ရေသယ်သည့်ကားများသည် မိုင်ပေါင်းများ
စွာအထိ လိုက်ပို့နေရသည်။

(၁၉၄၄)ခုနှစ်သို့ ရောက်သောအခါ လမ်းမကြီးမှာ အ





ခက်အခဲများကို ကျော်လွှန်၍ ပြီးမြောက်ခါနီးမှာ မိုးကြီး သဲသဲ
မဲမဲက မြန်မာပြည်မြောက်ပိုင်းကို ရွာချလိုက်သည်။

ထိုအခါ လမ်းမကြီး၏ အစိတ်အပိုင်းများစွာသည် ရေ
အောက်သို့ ရောက်သွားသည်။

အချို့ချောင်းကြီးများသည် တစ်ညအတွင်း ပေ(၃၀)ခန့်
ထိ မြင့်တက်လာသော ရေလုံးကြီးများက ဝါးလုံးထိုးလိမ့်ဆင်းကျ
လာသည်။

ရေလုံးကြီးနှင့်အတူ တံတားအတော်များများ လွင့်ပါ
ပျက်စီးသွားသည်။

လမ်းမကြီး၏ နေရာများစွာတို့မှာ ရေတိုက်စားသွား၏။

အဆိုးတကာအဆိုးဆုံးမှာ နာဂတောင်ကြောတစ်ဝိုက်ရှိ
လမ်းမကြီးတစ်လျှောက် နေရာအားလုံးမှာ အကုန်ပွက်ပေါက်
သွားခြင်းဖြစ်သည်။ လမ်းမကြီးမှာ ဗွက်ပင်လယ်ထဲ နစ်မြုပ်သွား
၏။

ထိုနေရာ၌ ရနိုင်သမျှသော ကျောက်များမှာ ဖွတ်ချေး
ကျောက်များသာဖြစ်သည်။

ယင်းဖွတ်ချေးကျောက်ကိုပင် ခင်းခဲ့ကြရသဖြင့် စက်
ကြီးများ၊ ဝန်တင်ကားကြီးများ အလီလီအလာလာ ဖြတ်သန်း
သွားထားရာ ဖွတ်ချေးကျောက်များမှာ ပေါင်ဒါမှုန့်ဖြစ်၍ မိုးရေ
နှင့်မိတ်ဖက်လိုက်သောအခါ ဗွက်ကြီး၊ ရွှံ့ပြင်ကြီး ဖြစ်သွားပြန်
သည်။

ထိုအခါ ပြဟ္မပုတ္တရမြစ်အထိ လှမ်းပြီး မြစ်တွင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စရစ်နှင့် မျက်ဆံကြောင်ကျောက်များကို ကားကြီးများနှင့် သယ်ကြရပြန်သည်။

လုပ်သားများ၊ ကားများမှာ သွက်သွက်လည်ကုန်ကြသည်။

အချို့နေရာတွင် မိုင်ပေါင်းများစွာ တောင်စောင်းတစ်လျှောက် လမ်းမကြီးအိဆင်းသွားခဲ့သည်။

အချို့ချိုင့်ဝှမ်းများကို ဖြတ်ဖောက်ထားသော လမ်းအပိုင်းကမူ လုံးဝပျောက်သွားသဖြင့် တောင်ကမ်းပါးယံအမြင့်ပိုင်းများထိ ရွှေ့ဖောက်ပြန်ဆက်ကြရပြန်သည်။

တံတားဆိုသည်မှာလည်း လီဒိုမှ ယူနန်အထိ ကိုက်နှုန်း (၃)မိုင်လျှင် တစ်ခုကျဆောက်သွားရသည်။

ထိုနှစ်က မိုးဦး (၂)လလောက်တွင် မိုးရေချိန် (၁၇၅) လက်မမျှ ရွာချလိုက်ရာ လမ်းမကြီးတစ်လျှောက်လုံးကို ရေလွှတ်ရာသို့ ပြန်ဖောက်ကြရပြန်လေသည်။

အင်ဂျင်နီယာများက အင်ဂျင်နီယာတွက် တွက်ကြ၏။

စစ်သားများ စစ်မျက်စိနှင့် ကြည့်ကြ၏။

စစ်အတွင်းဖြစ်၍ အင်ဂျင်နီယာက အရှုံးပေးလိုက်ရသည်။

သို့ဖြင့် စစ်အမြင်အတိုင်း လုပ်လိုက်ကြရသည်။

ထိုသို့ ကမောက်ကမ ဖြစ်နေကြချိန်မှာ ဝင်းဂိတ်အထူးတပ်များမှာလည်း အကုန်ပြန်သွားကြသည် မဟုတ်ပေ။

လင်တိန်အဖွဲ့မှာ ကျန်နေခဲ့သေးသည်။





လမ်းရှေ့ဦးနှင့် ဝင်းဂိတ်တို့အဖွဲ့မှာ ကပ်နေလေပြီ။

ကြားတွင် အနည်းငယ်မျှသာ လွှာလွှာကလေးခြားနေသည်။

ဝင်းဂိတ်တပ်ကို လေကြောင်းမှ ဖြည့်တင်း၍ ကောင်းကောင်းပေးနေနိုင်ပါ၏။

သို့သော် ချွေတာရေးမျက်စိနှင့် ကြည့်လျှင် ရက်ရက်စက်စက် စရိတ်ကြီးလေးလှသည်။

လမ်းမကြီးကို အမြန်ဆက်မိရန် အရေးကြီးနေပေသည်။

အမှတ်(၁၄) တပ်မတော်မှာ ထိုအချိန်တွင် မဏိပူရ၌ ဂျပန်များနှင့် မီးကုန်ယမ်းကုန် ကြဲနေရသည်ဖြစ်ရာ စတီးဝဲ(လ)တို့ဘက်ကို လှည့်မကြည့်အားပေ။

ထိုသို့ဖြင့် ဝင်းဂိတ်တပ်ကို စတီးဝဲ(လ)လက်အောက်သို့ ချင်နရယ်စလင်းက လွှဲပေးလိုက်ရ၏။

ထိုအချိန်၌ ယူနန်ဘက်မှ ဖို့(စ)ဝိုင် တရုတ်တပ်သားများက တရုတ်ပြည်နယ်စပ်ကို ဝင်လုလုတကဲကဲချိန်နေသော ဂျပန်များကို စ,တိုက်နေရပြီဖြစ်ရာ ဝင်းဂိတ်၏တပ်ရော၊ ဖို့(စ)ဝိုင် တရုတ်တပ်ရော အမေရိကန် လေတပ်ဗိုလ်မှူးချုပ် ဂျွန်အက်(ဖ) အီဂင်၏လက်အောက်သို့ ရောက်သွားရပြန်သည်။

အီဂင်မှာ ဖောက်လုပ်နေသော စတီးဝဲ(လ)ကို ကူညီရန် အမေရိကန်လေတပ်ဦးစီးဌာနမှ အမှတ်(၃) လေကြောင်းခွဲတိုက်ခိုက်ရေးတပ်ဖွဲ့အဖြစ် သီးသန့်လွှတ်ထားသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအဖွဲ့သည် မဟာမိတ်တပ်ပေါင်းစု လေတပ်ဗိုလ်ချုပ် မေဂျာဂျင်နရယ် ဟော့ဝ(ဒ)စီဒေးဗစ်ဆင် အုပ်ချုပ်သော လေ တပ်ဗိုလ်မှူးချုပ်ကိုး(လ)နှင့်လည်း တွဲဖက်ဆောင်ရွက်နေရသည်။

စတီးဝဲ(လ)၏ လမ်းလုပ်ငန်းမှာ ရိုးရိုးလမ်းဖောက်သွား ရုံမဟုတ်။

ရန်သူကို တိုက်ခိုက်ဖောက်လုပ်သွားရမည်ဖြစ်ရာ သူ့ လမ်းကိစ္စတွင် အမေရိကန်က လေ့ကျင့်ပေးထားသော ယူနန် တရုတ်တပ်မကြီး (၂၂)နှင့် (၃၈)နှစ်ခုကလည်း ပါဝင်ကူညီနေ ရသည်။

ထို့အပြင် အမေရိကန်စစ်တပ်များ၏ ပစိဖိတ်စစ်မျက် နှာမှ စစ်သားများကိုလည်း ဖြည့်ထားသေးသည်။

ယင်းအမေရိကစစ်တပ်များမှာ တောတွင်းတိုက်ပွဲကို အမေရိကနှင့်အိန္ဒိယပြည်၌ လေ့လာခဲ့သော်လည်း ထပ်မံ၍ တိုက်ကြည့်ရန် စတီးဝဲ(လ)ထံသို့ ပို့လိုက်ခြင်းဖြစ်သည်။

လေကြောင်းနှင့် တွဲတိုက်ရသော တောတွင်းတိုက်ပွဲကို သဘောပေါက်ကျွမ်းကျင်ရန်ဟု ဆိုသည်။

ထိုအမေရိကန်စစ်သားများနှင့် ဝင်းဂိတ်တပ်တို့ကို အ သက် (၃၉)နှစ်ရှိ ဗိုလ်မှူးချုပ်မာရေးက အုပ်ချုပ်သည်။

ထို့ကြောင့် သူတို့ကို 'မာရေး'တပ်များဟု ခေါ်ကြသည်။

မာရေးမှာ စစ်မဖြစ်မီက ဂျပန်ပြည်ကို သွားရောက်၍ နည်းပြလေ့ကျင့်ပေးခဲ့ဖူးသူဖြစ်၏။

ထို့ပြင် (၁၉၄၂)ခုနှစ်ကတည်းက မြန်မာပြည်စစ်မြေပြင်





၌ စတီးဝဲ(လ)နှင့် တွဲ၍ တိုက်ခိုက်ခဲ့သူလည်းဖြစ်သည်။

ထို့ကြောင့် သူသည် မြန်မာပြည်အနေအထားကိုရော ဂျပန်စစ်ပရိယာယ်ကိုပါ သိနေသူဖြစ်သည်။

မဟာလီဒိုလမ်းဖောက်ရာတွင် တရုတ်စစ်တပ်တို့က ရှေ့ဆုံးမှ တပ်ဦးချီပြီး ရန်သူကို တိုက်ထုတ်ပစ်ရသေးသည်။

တောတောင်တို့ကို တရုတ်တပ်နှင့် အမေရိကန်တပ်တို့ တိုက်ကင်းမပြတ်လှည့်နေရသည်။

၎င်းတို့က တိုက်ခိုက်ရှင်းလင်းပြီဆိုသည်နှင့် အုကြောင်း ချမှတ်ပေးသူများက စစ်သားများ၏ အကာအရံနှင့် အုကြောင်း ချကြရသည်။

ထို့နောက် မြေတွန်းစက်ကြီးများနှင့် မြေညှိကာ တက် လာသည်။

မြေတွန်းစက်များကို သံချပ်များကာထားရသည်။

ထို့နောက် အင်ဂျင်နီယာများက တိုင်းထွာ၍ အလုပ် တာဝန်အဆင့်ဆင့်ကို ချမှတ်သည်။

ချမှတ်ပြီးသည့်အခါ တောရှင်းသမားများ၊ သစ်ကိုင်း ဖြတ်သမားများ၊ သစ်ကိုင်းဖယ်ရှင်းသူများက ပေါက်ဆိန်များ လွှများနှင့် အလုပ်ဝင်လာကြသည်။

ကားများမှာမူ မြေလမ်းအကြမ်းပေါ် လာသည်နှင့် တစ် ပြိုင်နက် ပစ္စည်းများတင်၍ တစ်ဆက်တည်းလိုက်ပါလာကြ သည်။

ရှေ့က မြေတွန်းစက်နှင့် မြေညှိစက်များက အတတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဆုံး အစွမ်းကုန်လုပ်ပေးသွားကြသည်။

ကျောက်ဆောင်၊ ကျောက်ကမ်းပါး၊ တောင်စောင်းများကို မိုင်းခွဲသူများက တက်ခွဲနေစဉ် မြေတွန်းစက်များက ကိုက်အနည်းငယ်အကွာမှ ရပ်စောင့်နေရသည်။

ပေါက်ကွဲပြီးသည်နှင့် ချက်ချင်းတိုးဝင် ဖယ်ရှားကြရသည်။

ဤရွေ့ပြေး မြေညှိလုပ်ငန်းနောက်မှ မြေသိပ်စက်နှင့်အတူ ကျောက်ခင်းသူ၊ မြေလောင်းသူ၊ မြောင်းဖောက်သူ၊ တံတားခင်းသူများ တစ်သီကြီး လိုက်ပါလာကြသည်။

ထို့အပြင် လမ်း၏နှစ်ဘက်ဝဲယာကိုလည်း ကွက်လပ်ကျယ်ကျယ် နေရာရှင်းသွားအောင် တောခုတ်ပစ်ရသေးသည်။

ဤသို့ မခုတ်လျှင် မိုးရွာပါက ရေမြန်မြန်မခြောက်ဘဲ ဗွက်တင်လာမည်ကို စိုးရသည်။

ဘေးနှစ်ဘက်ကို အလင်းဖွင့်ထားပါမှ နေရောင်မြန်မြန်ကျရောက်ပြီး ရေခမ်း၍ လမ်းခြောက်မည်ဖြစ်သည်။

မူလက စက်အလုပ်သမားများမှာ ပေါက်တူး၊ ပေါက်ပြား၊ တူရွင်း၊ ဂေါ်ပြား၊ ဓား၊ လွှ၊ ပေါက်ဆိန်များအပြင် ရိုင်ဖယ်ကလည်း လူစေ့လက်စေ့ လွယ်ထားကြရသေးသည်။

ဘေးမှ စစ်တပ်များရှိနေသော်လည်း ဂျပန်များသည် ကတ်သီးကတ်သတ် ဆီလိုရေလို အမြဲအပေါက်ရှာ၍ တိုက်ခိုက်တတ်သည်။

အလုပ်လုပ်နေသူများကို တစ်ဟုန်ထိုးပြေးလာပြီး ဝင်





ခုမ်းသွားတတ်သည်လည်းရှိသည်။

ထိုအခါမျိုးတွင် စစ်သားအလုပ်သမားများမှာ သေနတ်ချိန်ရန်ပင် အချိန်မရတော့သဖြင့် လက်ထဲကဂေါ်ပြားနှင့်ပင် ကောက်ရိုက်တန် ရိုက်ကြရသည်။

မဟာလီဒိုလမ်းမကြီးကို ဖောက်လုပ်ရာတွင် အလုပ်သမားများမှာလည်း လူမျိုးစုံလှသည်။

တရုတ်၊ ချင်း၊ ကချင်၊ နာဂ၊ ကုလား၊ ဂေါ်ရခါး၊ ဂါရိုး(စ)၊ ပန်ချာပီနှင့် ဒေသခံမျိုးနွယ်စုများဟူ၍ လူအများအပြား ပါဝင်ကြသည်။

အချို့စခန်းများရှိ လူ(၂၀၀၀)ခန့်မှာ ဘာသာစကားအမျိုးပေါင်း (၂၀၀)ခန့်ကို ပြောဆိုနေကြသည်။

ထို့ကြောင့် နောက်ဆုံး၌မူ ကမ္ဘာသုံးသင်္ကေတစာဖြစ်သော မျက်စိ၊ နား၊ နှာခေါင်း၊ အင်္ဂါခြေလက် တို့နှင့်သာ အရှင်းဆုံး အမြန်ဆုံး သိရှိနိုင်ရန် ပြောဆိုဆက်သွယ်ကြရတော့သည်။

မိုးရွာသဖြင့် မြေများချော်လျှင် ဘူး(လ)ဒိုဇာ မြေညှိစက်၊ မြေတွန်းစက်၊ မြေကော်စက်များသည် ရှေ့ပိုင်းဖြစ်စေ နောက်ပိုင်းဖြစ်စေ အိကျလာသောမြေနှင့်အတူ အောက်သို့ ပေ(၁၀၀၀)မျှ လိမ့်ကျသွားသည်။

တစ်ခါတစ်ခါ အချို့နေရာ၌ တိမ်တိုက်ကြီးများကျလာသဖြင့် လမ်းကိုပင် လုံးဝမမြင်ရသောနေ့များလည်း ရှိခဲ့သည်။

အချို့နေရာ၌ မြေမာသည်ထင်၍ရပ်ထားသော စက်ကြီးသည် မိုးရွာသည်နှင့်တစ်ပြိုင်နက်လိုလို ထိုနေရာရှိ ...ထဲ



www.burmeseclassic.com

www.burmeseclassic.com



မြုပ်သွားသည်။

ထိုဒေသ အချို့မြေများမှာ အပေါ်ကြောက မာတင်းနေသော်လည်း အောက်တွင် ထူးတွင်းများ ရေဝပ်နေသည်။

လူများနေထိုင်သွားလာမှု လုံဝဆိတ်သုဉ်းနေသော မြေရိုင်းနယ်ရိုင်းများဖြစ်ပြီး မြေများပွနေသည်။

ထိုနေရာများမှာ လူသူအရောက်အပေါက်နည်းသော နေရာများဖြစ်သောကြောင့် တောတိရစ္ဆာန်များအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များမှာ နေရာမလပ်ရှိနေကြသည်။

မျက်နှာဖြူများမှာ ခေတ်မီလက်နက်များနှင့် ခေတ်မီကိရိယာများ ကိုင်ဆောင်ပြီး အလုပ်လုပ်ကြသော်လည်း တောတောင်သဘာဝအကြောင်းကို မသိကြပေ။

သို့ကြောင့် ထိုအန္တရာယ်များက ဒုက္ခပေးသဖြင့် အတော်များများ သေကျေပျက်စီးကြရလေသည်။

တစ်နေ့ နေ့လယ်ပိုင်းအချိန်တွင် လမ်းဖောက်နေရာနှင့် မနီးမဝေးနေရာဆီမှ ဆူဆူညံညံအသံများ ပေါ်ထွက်လာလေသည်။

"ဒီမှာ သစ်ပင်အောက်မှာ ဂေါ်ရခါးသုံးယောက် ခွေခွေကလေး သေနေကြတယ်"

ထိုအသံပေါ်ထွက်လာသောကြောင့် ထိုနေရာတစ်ဝိုက်တွင် အလုပ်လုပ်နေကြသူများနှင့် အခြားဂေါ်ရခါးစစ်သားများ ရောက်လာပြီး လာကြည့်ကြသည်။

ထိုအထဲတွင် နီမောင်တို့လည်း ပါလာလေသည်။





သစ်ပင်အောက်မှာ မလှုပ်မယှက်ရှိနေသော ဂေါ်ရခါးစစ်သားသုံးယောက်ကို လှမ်းကြည့်ပြီး အံ့သြနေကြလေသည်။ စစ်သားသုံးယောက်မှာ အချို့က သစ်ပင်ကို မှီလျက်၊ အချို့မှာ တုံးလုံးပက်လက် လဲကျနေခြင်းဖြစ်သည်။

ထိုအခြေအနေကို မြင်တော့ နောက်ထပ် စစ်သားသုံးယောက်က အခြေအနေသိရန် သစ်ပင်အောက်သို့ ပြေးသွားကြလေရာ သစ်ပင်အောက် မရောက်ခင်မှာပင် အရုပ်ကြိုးပြတ်လဲကျသွားသည်ကို မြင်လိုက်ကြရသည်။

ထိုအခါ နောက်ထပ်စစ်သားများက ပြေးသွားရန် ပြင်ကြပြန်ရာ လူတစ်ယောက်က လှမ်းပြောလိုက်သည်။

"မင်းတို့ မသွားကြနဲ့၊ သွားရင် သေကြဦးမှာပဲ"

ထိုစကားကြားတော့ စကားပြန်တစ်ယောက်က စစ်သားများကို လှမ်းတားလိုက်သဖြင့် တန့်သွားကြသည်။

"ခင်ဗျားဘယ်သူလဲ"

"ငါ့နာမည် ဦးဇန်ကောင်းလို့ခေါ်တယ်၊ မင်းတို့ခေါ်လာတဲ့ ချေးတပ်သားတစ်ယောက်ပဲ"

"သူတို့ ဘာကြောင့်သေသွားတာလဲ"

"အဲဒီသစ်ပင်က တခြားမဟုတ်ဘူး. .၊ ထိသေအဆိပ် ထုတ်ယူလို့ရအောင် အဆိပ်ပြင်းတဲ့ အဆိပ်ပင်ပဲ. .၊ သစ်ပင်အောက်ရောက်တာနဲ့ အငွေ့အသက်ရှုံနဲ့ သေစေနိုင်တယ်"

ဟု ပြောပြလေသည်။

"ဒါဖြင့် သေပြီးတဲ့သူတွေကို ဘယ်လိုလုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မီးရှို့လိုက်ပေါ့"

"ဘယ်လိုရှို့ရမလဲ"

"အဆိပ်ပင်ပါ ပါအောင် မီးရှို့လိုက်ရင်ပြီးတာပဲ. . . ဒါပေမယ့် တစ်ခုဒီတော့ရှိတယ်၊ အဲဒီကထွက်လာတဲ့ မီးခိုးငွေ့တွေကိုတော့ မရှူမိစေနဲ့၊ ရှူမိထိမိရင်တော့ ထပ်သေဦးမှာပဲ"

ဦးဗန်ကောင်းက ထိုသို့ပြောပြီး နေရာမှထွက်သွားလေတော့သည်။

ထို့နောက်မှာတော့ မျက်နှာဖြူစစ်သားများက အဆိပ်ပင်ရော သေဆုံးနေသော အလောင်းများပါ မီးရှို့ပစ်လိုက်ကြလေတော့သည်။





# အခန်း (၅)

# မြေကျင်းထဲမှ အသားစားသတ္တဝါများ

နီမောင်တို့တစ်တွေ ချွေးတပ်စခန်းသို့ ရောက်ခဲ့ကြသည်မှာပင် ရက်အတန်ကြာခဲ့ချေပြီ။

နန်စီဘောင်ရွာမှ လူငယ်လူရွယ် ဆယ်ဦးခန့်ပါလာရာ ထိုအထဲတွင် နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက် ပါလာကြသည်။

ဧင်းတို့သုံးယောက်မှာ လူငယ်လူရွယ်လည်းဖြစ် လူပျို



www.burmeseclassic.com

www.burmeseclassic.com



လူလွတ်များလည်း ဖြစ်သောကြောင့် ပါလာကြခြင်းဖြစ်ကြလေသည်။

ဂုဏ်းတို့နှင့်အတူ နာဂလူငယ်များလည်း ပါလာကြသည်။ ပထမတော့ မိမိချည်းဟု ထင်နေကြသော်လည်း တကယ်တမ်း ချွေးတပ်စခန်း ရောက်သွားတော့မှ သူတို့အရင်ရောက်နှင့်နေသော လူပေါင်းများစွာတို့ကို တွေ့ရတော့မှ အံ့ဩသွားကြလေသည်။

ချွေးတပ်စခန်းတွင် တိုင်းရင်းသားများဖြစ်ကြသော ရှမ်း၊ ကချင်၊ ရခိုင်၊ ချင်း၊ နာဂ စသော လမ်းဖောက်ရာနှင့် နီးသော . . နေရာများမှာရှိသည့် ဒေသခံများ အများဆုံးတွေ့ရလေသည်။

ထိုအထဲတွင် လီဆူး စသော တိုင်းရင်းသားအချို့လည်း တွေ့ရသည်။

ထို့ပြင် မဏိပူရ၊ အိန္ဒိယ၊ တရုတ်၊ အာသံ စသောနေရာများမှ အလုပ်သမားလည်း ပါဝင်လေသည်။

ထိုအထဲတွင် ဂေါ်ရခါးနှင့် ပန်ချာပီအတော်များများလည်း ရှိကြသည်။

အလုပ်သမားကို ကြီးကြပ်ရသောသူများမှာ ဂေါ်ရခါးများဖြစ်ပြီး အားလုံးကို အုပ်ချုပ်ရသူများမှာ တရုတ်လူမျိုးများဖြစ်သည်။

တရုတ်နှင့်ဂေါ်ရခါးတို့မှာ အလုပ်သမားများကို စေခိုင်းရာတွင် ရက်စက်ကြမ်းတမ်းလှသည်။

ထမင်းစားချိန်မှလွဲပြီး တစ်နေကုန်မနားရအောင် ခိုင်း





စေတတ်ကြလေသည်။

တစ်ချိန်တည်းမှာပင် ဂျပန်တို့ကလည်း . ယိုးဒယား-မြန်မာ မီးရထားလမ်းကို အရှေ့တောင်ဘက်တွင် ဖောက်နေကြသည်။

သံဖြူဇရပ်မှ ယိုးဒယားအထိရောက်အောင် ဖောက်သော မီးရထားလမ်းဖြစ်သည်။

ထိုလမ်းဖောက်လုပ်ရာမှာလည်း ဒေသခံချွေးတပ်သားများ အများအပြား လုပ်ကိုင်နေကြရပေသည်။

အများဆုံးကတော့ မြစ်ဝကျွန်းပေါ်အရပ်ဒေသများမှဖြစ်ပြီး မြန်မာပြည်အလယ်ပိုင်းဒေသမှ လူများလည်းပါကြလေသည်။

မီးရထားလမ်းဖောက်လုပ်ရာမှာ တောတောင်များကို ဖြတ်ကာဖောက်ကြရသဖြင့် ဘေးအန္တရာယ်နှင့်အခက်အခဲများ တွေ့နေကြရသလို. . .။

အနောက်မြောက်ဘက် တောင်တန်းဒေသများပေါ်မှာ လီဒိုလမ်းဖောက်လုပ်နေကြသော အမေရိကန်တို့မှာလည်း အခက်အခဲပေါင်း၊ ပြဿနာပေါင်းများနှင့် ကြုံတွေ့နေကြရသည်။

အခြားတော့မဟုတ်ပေ။

တောတောင်များအတွင်းမှ ဖောက်နေကြရသဖြင့် . . သဘာဝ ဘေးအန္တရာယ်များ၊ သားရဲတိရစ္ဆာန်များ၏ နှောင့်ယှက်ရန်မူသော ဘေးအန္တရာယ်များဖြစ်သည်။

ထို့ထက် . . .



www.burmeseclassic.com

www.burmeseclassic.com



နှစ်နေရာစလုံးမှာ အကြီးမားဆုံးကြုံတွေ့ရသော အန္တရာယ်နှင့် အနှောင့်အယှက်ကတော့ သောက်ရေပြတ်လပ်ခြင်းနှင့် ငှက်ဖျား ရောဂါနှိပ်စက်ခြင်းပင်ဖြစ်သည်။ တောထဲမှာ အလုပ်လုပ်နေသူ ရှစ်ဆယ်ရာခိုင်နှုန်းလောက် ငှက်ဖျားရောဂါ ခံစားကြရသည်။

ချွေးတပ်စခန်းသို့ရောက်နေသူများမှာ အလုပ်ပင်ပန်းသည်ထက် မိမိတို့ရွာတွင် ကျန်ခဲ့သူများအတွက် ပူပန်သောက ရောက်ကြရခြင်းက ပိုများလေသည်။

နီမောင်တို့ ရောက်ပြီးနောက်ပိုင်းတွင် အခြားနေရာမှ ခေါ်လာသောလူသစ်များလည်း မကြာခဏရောက်လာကြသည်။

အများဆုံးကတော့ အာသံ၊ မဏိပူရဘက်မှဖြစ်ပြီး မော်တော်ကားများနှင့် စုဆောင်းခေါ်လာခြင်းဖြစ်ပေသည်။

လူဟောင်းများက နောက်ထပ်လူသစ်များ ရောက်လာသည်ကို မြင်လျှင် စိတ်ထဲမှာ ပျော်ရွှင်သလို၊ အားရှိလာသလို ခံစားရသည်။

မိမိတို့အရပ်ဒေသမှ လူများပါလာလျှင်တော့ ပိုပြီးဝမ်းသာပျော်ရွှင်ကြသည်။

ရွာသို့ မပြန်ရသေးသော်လည်း ရွာမှာကျန်ခဲ့သူများ၏ သတင်းကို ကြားရသည်ကပင် အားရှိစရာဖြစ်သည်။

အချို့လည်း ထိုနေရာရောက်မှ အချင်းချင်း အသိမိတ်ဆွေ ဖြစ်သွားကြသည်။





နီမောင်တို့သုံးယောက်ကတော့ ဆေးဆရာဆိုသူ ဦးဗန်ကောင်းနှင့် ခင်မင်သွားကြသည်။

"အဘက ဆေးဆရာလားဟင်"

"အေး. . . ဟုတ်တယ်"

"ဆေးဆရာဖြစ်ပါလျက်နဲ့ သူတို့က ဘာလို့ ချွေးတပ်သားအဖြစ် ခေါ်လာကြတာလဲ"

"သူတို့က ငါ့ကို ဆေးဆရာမှန်း ဘယ်သိပါ့မလဲ၊ တောထဲမှာ ဆေးပင်ဆေးမြစ် ရှာနေရင်းကနေ သူတို့နဲ့ ပက်ပင်းတိုးတော့ ဒီကိုပါလာတော့တာပေါ့"

"ဖြစ်ရလေ. . . ဒီရောက်တော့ ဘာတွေလုပ်ရသလဲဟင်"

"ငါက အသက်အရွယ်ကြီးတဲ့သူဆိုတော့ ပင်ပင်ပန်းပန်းတော့သိပ်မလုပ်ရပါဘူး၊ ငါ့အတွက်ကတော့ ဒီလိုပဲလုပ်ရင်းကိုင်ရင်းနဲ့ ကိုယ်လိုချင်တဲ့ ဆေးပင်တွေတွေ့ရင် ယူထားလိုက်တာပေါ့။ တကူးတက ရှာနေစရာမလိုတော့ဘူးပေါ့"

"အဘနဲ့တွေ့တာ ဟန်ကျတာပဲ၊ ဒီတောထဲမှာ ရောဂါတစ်ခုခု ဖြစ်ရင်မလွယ်ဘူး၊ သူတို့မှာ ဆေးခန်းတွေ၊ ဆေးမှူးတွေရှိတယ် ဆိုပေမယ့် ရောဂါဖြစ်တဲ့လူနဲ့ ကုတဲ့လူက မမျှဘူး၊ ဒါ့ပြင် တစ်ခါတလေ ဆေးကလည်း လုံလောက်အောင်မရှိဘူး"

ဟု နီမောင်ကပြောသည်။

ဦးဗန်ကောင်းကတော့ ရင်းရထားသော ဆေးပြင်းလိပ်တစ်လိပ်ကိုထုတ်ပြီး ဆေးလိပ်ထားသော ဆေးရွက်အနည်းငယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုဖွဲ့ယူ၍ ပါးစပ်ထဲသို့ထည့်ကာ ဆေးပြင်းလိပ်ကို ပြန်သိမ်းထားလိုက်သည်။

ဆေးလိပ်မှာ မီးညှိသောက်ရန်ဖြစ်သော်လည်း မီးညှိသောက်လိုက်ပါက ချက်ချင်းကုန်သွားမည်ဖြစ်သည်။ ထို့ကြောင့် မီးညှိ၍ မဖွာဘဲ ဆေးလိပ်မှ ဆေးရွက်တို့ကို အနည်းငယ်စီဖွဲ့ကာ ပါးစပ်ထဲသို့ ထည့်ထားခြင်းဖြစ်ပေသည်။

ထိုသို့ပြုလုပ်ခြင်းဖြင့် ဆေးလိပ်သောက်ရသကဲ့သို့ ခံတွင်းချဉ် ပြေပျောက်စေသည်။

ဦးဗန်ကောင်းက ဆေးဖတ်ကို ပါးစပ်တွင်းသို့ထည့်၍ မြုံ့နေရင်းမှပြောသည်။

"သဘာဝမတူတဲ့ တောထဲတောင်ထဲမှာ လာနေမှတော့ ရောဂါဖြစ်တာဘာဆန်းသလဲကွာ၊ ကိုယ့်ရွာမှာနေရင်တောင် မသင့်တာစားမိရင်၊ မသင့်တာလုပ်မိရင် ရောဂါရသေးတာပဲ၊ ဒါပေမယ့် ရောဂါရှိလာရင်တော့ ဆေးသိဖို့တော့လိုတာပေါ့"

"ကျွန်တော်တို့က ဒါတွေကိုဘယ်သိပါ့မလဲ အဘရယ်"

"ဘယ်နေရာပဲနေနေ ရောဂါဖြစ်စေတဲ့အကြောင်းတွေကတော့ အနားမှာအမြဲရှိနေတာပဲ၊ တောထဲမှာနေတဲ့သူကစပြီး နန်းတော်ထဲမှာနေတဲ့ ရှင်ဘုရင်အထိ ရောဂါဖြစ်နိုင်တာပဲ"

ထိုစကားကြားတော့ နီမောင်တို့သုံးယောက်မှာ ဘာမှ ပြန်မပြောသာကြပေ။

"ဘာကြောင့်လည်းဆိုတော့. . ရောဂါဖြစ်စေတဲ့အကြောင်းတွေက မိမိခန္ဓာကိုယ်ထဲမှာ အမြဲရှိနေတာကြောင့်ပဲ၊





မင်းတို့ သဘောပေါက်ထားရမှာက အခြားက ရောဂါဖြစ်စေတဲ့အကြောင်းတွေက ကိုယ့်ရဲ့ခန္ဓာကိုယ်ထဲကို လာချင်လို့လာရတာမဟုတ်ဘူး၊ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အသွေးအသားတွေက လက်ခံလို့သာ ရောက်လာရတာ၊ အိမ်ရှင်ကသာ လက်မခံရင် အပြင်ကဧည့်သည် ဘယ်ဝင်လို့ရပါ့မလဲ"

"မှန်ပါတယ်အဘ"

"ဒါပေမယ့် စိတ်ပူစရာတော့ မရှိပါဘူး၊ ရောဂါတစ်ခုရလာရင် တခြားဆေးဆရာနဲ့ မတွေ့ခဲ့ရင်တောင် သဘာဝဆေးဆရာကတော့ လူတွေရဲ့အနားမှာ အမြဲရှိနေတာပဲ"

"ဗျာ. . . ဘယ်သူလဲဟင်"

"မင်းတို့အနားမှာပဲရှိနေတဲ့ သစ်ပင်မှန်သမျှ ဆေးဖက်ဝင် အပင်တွေချည်းပဲ၊ သစ်ပင်တွေက သူတို့ဆေးဖက်ဝင်တဲ့အကြောင်း သီးပွင့်ပြတာပဲ"

"ဘယ်လိုပြတာလဲ အဘ"

"နွေရာသီ ပူပြင်းတဲ့အချိန်မှာ ဒူးရင်းသီးမပေါ်ဘူး၊ အပူငြိမ်းစေတဲ့ မကျည်းရွက်၊ မန်ကျည်းသီး၊ ဆီးသီး ပေါ်ပေးတယ်၊ မိုးဦးကျ အေးပြီး ဝမ်းပျက်တော့မယ်ဆိုတော့ အပူစာတွေဖြစ်တဲ့ ဒူးရင်း၊ ဒညင်း၊ ပိန္နဲ၊ သရက်တွေ သီးပေးတယ် မဟုတ်လား"

"အင်း. . ဒါလည်းဟုတ်တာပဲ"

"နွေရာသီပူပြင်းတဲ့အချိန်မျိုးမှာ မန်ကျည်းရွက်နု၊ မန်ကျည်းသီးစားရင် အပူငြိမ်းပြီး ဆေးသောက်စရာမလိုဘူးပေါ့၊ နောက်ဆုံး ဒဏ်ရာရပြီး ငန်းဝင်နေရင် မီးဖိုချောင်မှာရှိတဲ့ ကျပ်



www.burmeseclassic.com

www.burmeseclassic.com



ခိုးသာ အကောင်းဆုံးဆေးဆိုတာ သိမှမသိဘဲကိုး၊ တကယ်တော့ ကျပ်ခိုးမှိုင်းဆိုတာ တောထဲက သစ်ပင်ပေါင်းများစွာကို မီးရှို့ရာက ထွက်လာတဲ့ဓာတ်တွေကို စုထားတဲ့ ဓာတ်ပေါင်းစုံဆေးတစ်လက်ပဲကွ"

"အဘနဲ့တွေ့ရတာ ဗဟုသုတတော့ရပါရဲ့၊ ဒါပေမယ့် ဒါတွေက သိဖို့ တတ်ဖို့ လွယ်တာမှမဟုတ်တာ"

"ဘယ်အရာမဆို လေ့လာမှတ်သားရင် ရတာပါပဲကွာ ကိုယ်လိုချင်စိတ်ရှိဖို့သာအရေးကြီးတာပါ"

ဦးဗန်ကောင်းက ပါးစပ်ထဲမှ တံတွေးများကို ထွေးပစ်လိုက်သည်။

"ကျွန်တော်တို့လည်း ဝါသနာတော့ရှိပါတယ်၊ ဒါပေမယ့် အခုလိုပြောပြပေးတဲ့သူရှိမှ ဖြစ်မှာပါ အဘရယ်"

"ဘာမှမပူကြနဲ့. . . ဒီမှာ ငါနဲ့တွေ့တုန်း ရသလောက် သင်ပြပေးပါ့မယ်"

"ဒါထက် ကျွန်မတော်တို့က ဒီတောထဲမှာ အလုပ်ကြမ်း လုပ်နေရတာဆိုတော့ ထိခိုက်ဒဏ်ရာရမှာ မကြောက်ရဘူး၊ ငှက်ဖျားရောဂါရမှာပဲ ကြောက်နေရတယ် အဘရဲ့၊ လောလောဆယ် ငှက်ဖျားရောဂါကို တားဆီးနိုင်တဲ့ သဘာဝဆေးနည်းတွေ ရှိရင် ပြောပြထားပါဦး"

"လွယ်ပါတယ်. . . မနက်လင်းလို့ ကိုယ်အလုပ်လုပ်မယ့်နေရာ ရောက်တာနဲ့ အဲဒီနေရာက မြေကြီးကို ဆေးလုံးသုံးလုံးလုပ်ပြီး ဘုရားဆေး၊ တရားဆေး၊ သံဃာဆေး ဆိုရင်း. .





သောက်ထားလိုက်ရင် မင်းဘယ်တော့မှ အဲဒီနေရာက ငှက်ဖျားမဝင်တော့ဘူး"

"မြေကြီးက ဘယ်လိုစွမ်းတာလဲ အဘ"

"မြေကြီးက စွမ်းတာမဟုတ်ဘူး၊ ကက်ကင်းဓာတ်က စွမ်းတာကွ၊ မြေကြီးဆိုတာ ကြာသပတေးနံနဲ့ တနင်္လာနံ၊ ငှက်ဖျားဆိုတာက တနင်္လာနံနဲ့ကြာသပတေးနံလေ၊ ငှက်ဖျားကို ကက်ကင်းဓာတ်မြေကြီးနဲ့ ကာကွယ်ထားမှတော့ ဘယ်ဝင်နိုင်တော့ပါမလဲ"

"ဒီနည်းက ဘယ်နေရာမဆို ရသလားအဘ"

"ရပါတယ်ကွာ၊ ဘယ်နေရာမဆို ငှက်ဖျားရောဂါဖြစ်နိုင်တဲ့ နေရာရောက်တိုင်း အဲဒီနည်းနဲ့ တားပေးထားရင် ငှက်ဖျားရောဂါ ဘယ်တော့မှ မဝင်နိုင်တော့ဘူး"

"ဟန်ကျတာပဲ၊ ကျွန်တော်တို့က တောထဲတောင်ထဲမှာ အမြဲနေရတာဆိုတော့ ကျားကိုကြောက်ရသလို၊ ငှက်ဖျားရောဂါကိုလည်း ကြောက်နေရတာပဲ၊ အဘပြောတဲ့နည်းအတိုင်း သုံးကြည့်ပြီးရင်တော့ ငှက်ဖျားရောဂါကို ကြောက်စရာမလိုတော့ဘူး"

ဟု သုံးယောက်သား ဝမ်းသာအားရပြောကြလေသည်။

နောက်ပိုင်းမှာလည်း ဦးဗန်ကောင်းက သူတို့နှင့်အတူသာနေပြီး ဗဟုသုတရစေသော အကြောင်းများကို ပြောပြလေသည်။

နောက်တစ်နေ့ အလုပ်သွားကြရာမှာတော့ သူတို့အ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆင်းကြမည့် ရှေ့တည့်တည့်မှာ တောင်ပို့သဖွယ်ဖြစ်နေ
သောနေရာ တစ်ခုကို တွေ့ကြရသည်။

လမ်းကြောင်းဆွဲထားသောနေရာက ထိုတောင်ပို့ကြီးရှိ
သော နေရာတည့်တည့်ပေါ် ကျနေသည်။

တောင်ပို့မှာ ခြတောင်ပို့သဖွယ်ဖြစ်နေသောကြောင့် မြေ
အောက်၌ ဘယ်လောက်ကြီးနေသည်ကို မသိကြရပေ။

ထို့ပြင် ထိုနေရာနှင့်မနီးမဝေးနေရာများမှာလည်း အ
ခြားတောင်ပို့များရှိနေကြသည်ကိုတော့ သူတို့သတိမထားမိကြ
ပေ။

အဘယ်ကြောင့်ဆိုသော်. . .

လမ်းကြောင်းဖောက်မည့်နေရာကိုသာ အာရုံစိုက်နေ
ကြသောကြောင့်ဖြစ်သည်။

ထိုနေရာသို့ ရောက်သောအခါ ဒေသခံ နာဂအလုပ်
သမားများက ရှေ့ဆက်မတိုးကြတော့ပေ။

နာဂများမှာ တော်ရုံကြောက်လန့်တတ်သူများ မဟုတ်
ကြပေ။

ကျားကိုပင် ဓားဖြင့်ဝင်ခုတ်ဝံ့ကြသည်။

သို့စေကာမူ သူတို့မလုပ်ချင်သော၊ မလုပ်ဝံ့သောအရာ
ဆိုလျှင်တော့ အတင်းစေခိုင်းလျှင်လည်း မလုပ်ကြပေ။

ယခုလည်း မြွေကြီးတစ်ကောင် အလျားလိုက်အိပ်နေ
သည်နှင့်တူသော တောင်ပို့ကြီးကို မြင်ရသည်နှင့် ရှေ့ဆက်
မတိုးကြတော့ပေ။



BURMESE CLASSIC .com



"သွားကြလေ. . . ဘာလုပ်နေကြတာလဲ၊ လမ်းဖောက်
မယ့်လမ်းက ဒီလမ်းကြောင်းအတိုင်းဆိုတော့ ဒီတောင်ပို့ကြီးတွေ
ကို ဖြိုရမှာပဲ၊ ပေါက်တူးတွေ၊ ဂေါ်ပြားတွေယူပြီး လုပ်ကြပါလား"

သို့သော်လည်း ရှေ့ဆက်မသွားဘဲ ရပ်မြဲရပ်နေကြ
သည်။ ထိုအခါ အလုပ်သမားခေါင်းဆောင်က စကားပြန်တစ်ဦး
ဖြစ်သူ သံပချိုင်ကို မေးသည်။

"သူတို့ ဘာဖြစ်လို့ မလုပ်ဝံ့ကြတာလဲ"

"သူတို့သိပ်ကြောက်တဲ့ သတ္တဝါမျိုး ဒီတောင်ပို့ထဲမှာ
ရှိနေပုံ ရတယ်"

အလုပ်သမားခေါင်းဆောင် ချန်ဒူးက အာသံနယ်သား
တစ်ဦးဖြစ်သောကြောင့် တောတောင်အတွေ့အကြုံများနှင့်
စိမ်းလှသည်တော့ မဟုတ်ပေ။

"ငါ့အတွေ့အကြုံအရဆိုရင် မြွေရှိနေပုံပဲ"

"မြွေထွက်လာရင် သေနတ်နဲ့ပစ်မှာပေါ့"

"ဒီအတိုင်းတော့ ကြည့်နေလို့မဖြစ်ဘူး၊ တော်ကြာ
သခင်ကြီးတွေ မြင်သွားရင် ငါ့ကို အပြစ်ပြောကြလိမ့်မယ်၊ ဘယ်
လိုလုပ်ရင် ကောင်းမလဲ"

"မြေတူးစက်နဲ့ တူးပစ်လိုက်ပေါ့"

သံပချိုင်က အကြံပေးသဖြင့် ချန်ဒူးက မြေတူးစက်
သမားတစ်ယောက်ကို ခေါ်လာပြီး တူးခိုင်းလေသည်။

မြေတူးစက်မောင်းသူက အခြားနယ်သားတစ်ယောက်
ဖြစ်သောကြောင့် ထိုအကြောင်းများကို ဘာမှမသိပေ။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



[illegible]ခေါင်းဆောင်က တူးခိုင်းသည်နှင့် တောင်ပို့ကြီးကို တူး လေတော့သည်။

ထိုအခြေအနေကို မလှမ်းမကမ်းမှ ကြည့်နေကြရာ နီမောင်တို့သုံးယောက်လည်း ပါလေသည်။

"ပဒ္ဒကျင်း ဖြစ်မယ်ထင်တယ်"

"ပဒ္ဒကျင်းဆိုရင်တော့ လူနဲ့တိရစ္ဆာန်တွေကျသွားရင် သာ ဒုက္ခပေးနိုင်ပေမယ့် သံနဲ့လုပ်ထားတဲ့မြေတူးစက်ကိုတော့ ဒုက္ခပေးနိုင်မယ်မထင်ဘူး"

"ငါ့အထင်တော့ မြေအောင်းမြွေတွေများ ရှိနေမလား မသိဘူး"

ဟု အချင်းချင်းပြောနေကြသည်။

မြေတူးစက်ကတော့ တောင်ပို့ကို ဦးတိုက်ပြီး တဒီးဒီးနှင့် ထိုးနေလေသည်။

ထိုသို့ထိုးနေရာမှာ မြေတူးစက်မှာ တွင်းပေါက်တစ်ခု အတွင်းသို့ ကျသွားသကဲ့သို့ ဦးစိုက်ထိုးကျသွားကာ တစ်ဝက်ခန့် ပြုတ်ကျသွားသည်။

အားလုံးကတော့ အခြေအနေဘယ်လိုဖြစ်လာမလဲဟု ရင် တမမနှင့် စောင့်ကြည့်နေကြသည်။

ထိုအချိန်မှာပင်. . မြေတူးစက်တစ်ခုလုံး အနက်ရောင် ပြောင်းသွားတော့သည်။

ကြည့်နေရင်းမှာပင် မြေတူးစက်မောင်းသူ ကိုယ်ပေါ်သို့ အမည်းရောင်များ တက်လာတော့သည်။





မြေတူးစက်မောင်းသူက အတင်းဆင်းပြေးရန် ကြိုးစား လေသည်။

"အား. . . ကယ်ကြပါဦး. . . ကယ်ကြပါဦး"

ပါးစပ်ကလည်း ငယ်သံပါအောင် အော်ဟစ်နေသည်။ ၎င်းအော်သံက အနီးတစ်ဝိုက်မှ အခြားအသံများကိုပင် ဖုံးလွှမ်း သွားလေသည်။

ထိုနေရာမှာ နီမောင်တို့ရှိသောနေရာနှင့် အနည်းငယ် ဝေးသောကြောင့် သဲသဲကွဲကွဲမမြင်ရပေ။

"ဘာတွေလဲ"

"ခါချဉ်နက်တွေလေ၊ ခါချဉ်နက်တွေ အဆိပ်လည်းပြင်း တယ် သူတို့ထဲရောက်သွားလို့တော့ ဆင်တောင်မခံနိုင်ဘူး"

ဟု နာဂကြီးတစ်ယောက်က ပြောသည်။

ထိုလူက အော်ဟစ်ရင်း ထွက်ပြေးရန်ကြိုးစားလေ သည်။

သို့သော် ခြေလှမ်းများများမပြေးနိုင်ဘဲ ဗိုင်းခနဲလဲကျ သွားလေတော့သည်။

အော်သံလည်း ပျောက်သွားတော့သည်။

ထိုအခြေအနေကိုမြင်တော့ သေနတ်ကိုင်စောင့်နေ သည့် စစ်သားများလည်း ဘာကိုပစ်ရမှန်းမသိတော့။ မနီးမဝေး မှာရှိသော အခြားတစ်ယောက် နှစ်ယောက်က ထိုလူကိုဝင်ဆွဲရန် ကြိုးစားလေရာ သူတို့အထဲမှ တစ်ယောက်မှာလည်း ဝင်မဆွဲ နိုင်ခင်မှာ ခါချဉ်နက်များက ဝိုင်းတက်လာရာ ချက်ချင်းအနက်



www.burmeseclassic.com

www.burmeseclassic.com



ရောင်ပြောင်းသွားကာ နေရာမှာလဲကျသွားတော့သည်။

ကြည့်နေရင်းမှာ လူနှစ်ယောက် လဲကျသွားသောနေရာမှာ ခါချဉ်နက်များပိုများလာရာ အနက်ရောင်များ ဖုံးလွှမ်းသွားလေသည်။

အတန်ကြာတော့ ခါချဉ်နက်များမှာ ၎င်းတို့နေရာသို့ ပြန်ဝင်သွားကြဟန်ဖြင့် တဖြည်းဖြည်းနှင့် သဘာဝအရောင်များ ပြန်ပေါ်လာသည်။

နောက်မှာတော့ တစ်ကောင်မှ မကျန်တော့ပေ။ ထိုနေရာတွင် ဖြူဖွေးနေသော အရိုးစုနှစ်ခုသာ ကျန်ခဲ့တော့သည်။



BURMESE CLASSIC .com



# အခန်း (၈)

# မာရိယာနှင့် အန္တရာယ်ကျော့ကွင်း

အန္တရာယ်က ကြောက်စရာကောင်းလှသည်။

နီမောင်တို့အနေဖြင့် တစ်ခါမှ မကြုံတွေ့ဖူးသေးသော အန္တရာယ်မျိုးဖြစ်သည်။

အားလုံးကတော့ ပဒူကျင်းထဲကျတာထက်. . . ပိုပြီး ကြောက်စရာကောင်းစရာကောင်းသည်ဟုတော့ ထင်ကြသည်။

သူတို့နှင့်အတူနေသော နာဂကြီးတစ်ယောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



တိုးတိုးပြောသည်။

"မင်းတို့ သတိနဲ့နေကြ၊ ညဘက်အိပ်ရင်လည်း စိတ်ချလက်ချ မအိပ်ကြနဲ့"

"ဘာဖြစ်လို့လဲ"

"အရိုးတခြား အသားတခြား မဖြစ်စေချင်ရင်တော့ ငါပြောတာကို နားထောင်ကြ"

ဟု တိုတိုသာ ပြန်ပြောသည်။

ညအချိန်ရောက်တော့ အလုပ်သမားများနေကြသော တဲကြီးများရှေ့တွင် မီးပုံကြီးများ ဖိုထားကြသည်။ ထိုတဲများနှင့် မနီးမဝေးမှာ အခြားတဲတစ်လုံးလည်း ရှိသေးသည်။

ထိုတဲကတော့ အလုပ်သမားများနေရန် ဆောက်ထားသော တဲမဟုတ်ပေ။

တောထဲမှာ အလုပ်လုပ်ရင်း ငှက်ဖျားရောဂါရသူများ၊ နေမကောင်းဖြစ်နေသူများနှင့် ထိခိုက်ဒဏ်ရာရသူများကို ဆေးကုပေးသော ယာယီဆေးရုံပင်ဖြစ်သည်။ ထိုဆေးရုံမှာလည်း လူနာအတော်များများ ရှိနေကြသည်။

ထိုဆေးရုံတွင် ဆရာဝန်များ၊ သူနာပြုများ ရှိကြသည်။ အတော်များများက အိန္ဒိယနိုင်ငံသားများ ဖြစ်ကြလေသည်။

အချို့သူနာပြုများမှာ တာဝန်ကြောင့်သာ လမ်းဖောက်သောနေရာ ပါလာသော်လည်း အသက်အရွယ်ငယ်ကြသေးသည်။ ထိုသူနာပြုများထဲမှာ မာရီယာလည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။





မာရီယာမှာ အသက်(၂၀)ကျော် အရွယ်ခန့်သာရှိသေးပြီး အိန္ဒိယတိုင်းရင်းသူဖြစ်သည်။

သူမသည် မျက်လုံးမျက်ခုံးကောင်းကောင်း နှာတံပေါ်ပေါ်နှင့် လှပချောမောသူဖြစ်သည်။

သူနာပြုသင်တန်းတက်ပြီးနောက် အလုပ်ဝင်ရာမှ ယခုကဲ့သို့လမ်းဖောက်သောနေရာတွင် တာဝန်ထမ်းဆောင်ရန်ပါလာခဲ့ခြင်း ဖြစ်သည်။

တကယ်တော့ သူမမှာ သာမန်မိသားစုမှ ပေါက်ဖွားကြီးပြင်းလာသူဖြစ်သဖြင့် အလုပ်ရသည်ကိုပင် ဝမ်းသာနေသူဖြစ်ရာ ယခုကဲ့သို့ ဝေးလံလှသောနေရာသို့ လိုက်လာရသောအခါ စိတ်အားငယ်မှုတော့ ဖြစ်မိလေသည်။ သို့သော်လည်း ထားရာနေစေရာသွားရသော ဝန်ထမ်းဘဝ ရောက်နေပြီမို့ မတတ်သာတော့ပေ။

တကယ်လက်တွေ့မှာတော့ သူမရောက်နေရသော နေရာမှာ မြို့ပြမှာရှိသော ဆေးရုံမျိုးတော့ မဟုတ်ပေ။ တောထဲတောင်ထဲမှာ တစ်နေရာပြီးတစ်နေရာ ရွှေ့ပြောင်းနေရသော ယာယီဆေးခန်းသာဖြစ်သည်။

သို့သော်လည်း တောတောင်ထဲမှာ ဒဏ်ရာရနေသူများ၊ ရောဂါရနေသူများကို ပြုစုကုသပေးရသောအခါ စိတ်ဝင်စားမှုဖြစ်လာမိလေသည်။

ယခု လီဒိုလမ်းမကြီး ဖောက်ရာသို့ လိုက်ပါလာခဲ့သည်မှာ လအတန်ကြာခဲ့ပြီဖြစ်သောကြောင့် အတန်အသင့် နေသား



www.burmeseclassic.com

www.burmeseclassic.com



ကျလာခဲ့လေပြီ။

သူ၎နှင့်အတူ အခြားသူနာပြုအဖော်များလည်း ပါသောကြောင့် အလုပ်လုပ်ရသည်ကို စိတ်ဝင်စားနေလေပြီ။

ယနေ့ညအဖွဲ့မှာလည်း မာရီယာမှာ အခြားအဖော် နှစ်ယောက်နှင့်အတူ ညဘက်တာဝန်ကျနေလေသည်။

ဆေးရုံအဖြစ် အသုံးပြုထားသောတဲကြီးနှင့် အခြားအရာရှိများနေသည့်တဲများ၊

အလုပ်သမားများနေသောတဲများမှာ တစ်နေရာနှင့်တစ်နေရာ မဝေးလှပေ။

လမ်းဖောက်လုပ်ရမည့် နေရာတစ်လျှောက်တွင် စီတန်းကာ ဆောက်ထားကြခြင်းဖြစ်သည်။

အဆောက်အအုံများကိုတော့ သစ်သားနှင့်ဝါးများ အသုံးပြုကာဆောက်ထားပြီး အမိုးကိုတော့ အင်ဖက်နှင့် အခြားမိုးရေလုံသော သစ်ရွက်များကို မိုးထားခြင်းဖြစ်ပေသည်။

သာမန်အလုပ်သမားများနေသော အဆောက်အအုံများကိုတော့ အမိုးသာလုပ်ထားပြီး အကာအရံမထားပေ. . ။ သို့မှသာ ထွက်ပြေးပါက အစောင့်များက အလွယ်တကူမြင်နိုင်စေရန်ဖြစ်သည်။

အရာရှိများနှင့် အခြားဆရာဝန်များ၊ သူနာပြုများနေသော နေရာများကိုတော့ အခန်းများပြုလုပ်ပေးထားသည်။ တဲများ၏ရှေ့ မှာတော့ မီးပုံကြီးများ မပြတ်ဖိုထားပြီး ထင်းချောင်း၊ ထင်းတုံးများကို မပြတ်ထည့်ပေးရသည်။ မီးပြတ်၍မဖြစ်ပေ။





အမှောင်ကျသွားသည်နှင့် တောစပ်မှာအလစ်ချောင်းနေကြသည့် တောကောင်ကြီးများက ချက်ချင်းရောက်လာပြီး လူများကို ဝင်ဆွဲလေ့ရှိကြသည်။

မီးပုံများရှိနေပါရက်နှင့်ပင် ညဥ့်နက်ပိုင်းရောက်သည်နှင့် အပေါ့အပါးသွားသူများနှင့် အစောင့်များကို အလစ်ဝင်ဆွဲတတ်ကြလေသည်။

သို့ကြောင့် အစောင့်များမှာ အိပ်ငိုက်ခြင်းမပြုဝံ့ကြပေ။ ဘင်းစောင့်နေစဉ် အိပ်ပျော်သွားပါက ကျားပါးစပ်ထဲသို့ ပါသွားသည်က များလေသည်။

ယခုညအဖို့တော့ နေ့လယ်က တွေ့မြင်ကြရသော ကြောက်မက်ဖွယ်ရာကောင်းသော အဖြစ်အပျက်ကြောင့် ဒေသခံအလုပ်သမားများမှာ စိတ်ချလက်ချ မအိပ်ဝံ့ဘဲရှိကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

၎င်းတို့တဲများရှိသော နေရာမှာ ခါချဉ်နက်များနေသော တောင်ပို့နှင့် မဝေးလှသောကြောင့်ဖြစ်သည်။

ခါချဉ်တောင်ပို့မှာ မြေတွင်း၌ မည်၍မည်မျှကျယ်ဝန်းသည်ကို မသိကြသော်လည်း အပေါ်ကိုမောက်တက်နေသော တောင်ပို့ပင် အတော်မြင့်သည်။

ခါချဉ်ကောင်များမှာ အားလုံးအနက်ရောင်များဖြစ်ပြီး အရွယ်အစားမှာ လက်ညှိုးလက်မခန့်ကြီးသည်။ နောက်ပိုင်းမှာကြီးပြီး ခါးပိုင်းမှာသေးသည်။ ဦးခေါင်းပိုင်းမှာကြီးပြီး ထက်သောအစွယ် နှစ်ချောင်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအစွယ်နှစ်ချောင်းမှာ အနက်ရောင်ဖြစ်ပြီး ချွန်ထက်လှသည်။

အဆိပ်ရှိသည်။

လူအသားကိုမဆိုထားနှင့် မာကြောသောအရာများကိုပင် ကိုက်ဖြတ်ပါက ပြတ်ပါသွားနိုင်သည်။

ခါချဉ်ကောင်ကြီးများ. . သားကောင်ဖမ်းဆီးပုံမှာ ကြောက်စရာကောင်းသည်။

၎င်းတို့အနီးသို့ အခြားသားကောင် ရောက်လာပါက လျှို့ဝှက်စွာဖြင့် ထွက်ပေါက်မရှိအောင် ပတ်ဝိုင်းသည်။ ပြီးမှ စက်ဝိုင်းပုံသဏ္ဌာန် တဖြည်းဖြည်း ကျဉ်းလာသည်။ သားကောင်က ရိပ်မိသောကြောင့် ၎င်းတို့ကို နင်းပြီး ကျော်ပြေးသောအခါ ကိုယ်ပေါ်သို့ ဝိုင်းတက်ပြီး အဆိပ်ရည်ဖြင့် ထိုးသွင်းသောအခါ မခံနိုင်တော့ဘဲ ပစ်လဲကျလေသည်။

ထိုအခါမှ အားလုံးဝိုင်းအုံရောက်လာပြီး ကိုက်ဖြတ်စားသောက်လိုက်ရာ နာရီပိုင်းပင် မကြာဘဲ အရိုးစုဘဝ ရောက်သွားရတော့သည်။

နေ့လယ်က မြေတူးစက်မောင်းသော အလုပ်သမားနှစ်ယောက် မရှုမလှ ခံလိုက်ရသည်မှာ ထိုအတိုင်းပင်ဖြစ်လေသည်။

အချိန်က တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းအချိန်သို့ ရောက်လာလေပြီ။

တောင်တန်းပေါ်မှာ အမှောင်ရိပ်များနှင့်အတူ အအေးဓာတ်များကပါ ဖုံးလွှမ်းလာချေပြီ။





အစောင့်များက စကားတပြောပြောနှင့် ရှိနေကြသည်။

တဲအတွင်းမှာတော့ အလုပ်သမား အတော်များများမှာ အိပ်နေကြပြီး အချို့လောက်သာ မအိပ်သေးဘဲရှိသည်။

ထိုအချိန်တွင် ခါချဉ်နက်များရှိနေသောတောင်ပို့နှင့် အနီးဆုံးနေရာမှာ ရှိနေသောတဲအနီးသို့ ခါချဉ်နက်များ ရောက်လာကြသည်။

ထိုအဆောက်အအုံမှာ အခြားမဟုတ်ပေ။

လူနာများထားသော အဆောက်အအုံပင်ဖြစ်သည်။

ရောက်လာသော ခါချဉ်နက်များမှာ. . နည်းနည်းနော နော မဟုတ်ကြပေ။

အဆောက်အအုံ၏ ပတ်ဝန်းကျင်မြေပြင်တစ်ခုလုံး အနက်ရောင်များအဖြစ် ပြောင်းနေလောက်အောင် မည်းနက်နေလေပြီ။

၎င်းတို့ ချဉ်းကပ်လာပုံမှာ စနစ်ကျလှသည်။

ရန်သူများ သို့မဟုတ် အစာရှိသောနေရာသို့ စက်ဝိုင်းသဏ္ဌာန်ပတ်ထားပြီး ထွက်ပေါက်ဝမရှိအောင်လုပ်ထားသည်။ ရှေ့ဆုံးမှာရောက်နေသော အကောင်များက မျက်လုံးပြူးများဖြင့် တဲရှိရာဘက်သို့ လှမ်းကြည့်နေကြသည်။

တစ်စုံတစ်ခု အမိန့်ရသည်နှင့်ပင် ရှေ့သို့ တဟုန်ထိုးတက်ကာ တိုက်ခိုက်ကြတော့မည့် စစ်သားများကဲ့သို့ဖြစ်သည်။

၎င်းတို့က တရွေ့ရွေ့ချဉ်းကပ်လာရာ တဲနှင့်နီးသောနေရာရောက်တော့ အသံအချို့ပေါ်ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအသံမှာ သစ်ရွက်ခြောက်များ၊ သစ်ကိုင်းများ လှုပ်ရှားလာသောအသံမျိုးဖြစ်သည်။

ထိုအသံကြားရသဖြင့် အစောင့်စစ်သားများက မကြာခဏ လှည့်ကြည့်ကြသည်။

ရင်းတို့စိတ်ထဲမှာ လူကိုဝင်ဆွဲရန် တောကောင်ကြီးများ ရောက်နေသည်ဟု ထင်သဖြင့် လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်သည်။

သူတို့က လူတစ်ရပ်ခန့် အပေါ်ပိုင်းကိုသာထိုးကြည့်ကြသဖြင့် မြေပြင်ပေါ်မှ ချဉ်းကပ်လာသောခါချဉ်နက်များကိုတော့ မမြင်မိကြပေ။

သို့သော် ကျိုးကျိုးကျွတ်ကျွတ်အသံများကိုတော့ ကြားနေရပြီး အသံများမှာ ပိုပြီးကျယ်လာသလိုရှိသည်။

နောက်ဆုံးမှာတော့ သူတို့နှင့်မနီးမဝေးနေရာ အထိ ရောက်နေပြီဖြစ်သော ခါချဉ်နက်များကို မြင်ရတော့မှ မျက်လုံးပြူးသွားကြသည်။

“ဘာတွေလဲ”

“နေ့ခင်းက တောင်ပို့ထဲကထွက်လာတဲ့ ခါချဉ်ကောင်တွေ မဟုတ်လား”

“အများကြီးပါလား၊ ဘယ်လိုလုပ်ကြမလဲ”

“ဒီလောက်အများကြီး ဘယ်လိုလုပ်နိုင်မလဲ၊ အချက်ပေး သံချောင်းသာ ခေါက်ပေတော့”

ဟုပြောပြီး အရေးအကြောင်းရှိပါက အချက်ပေးသော





သံချောင်းခေါက်ကြလေသည်။

“ဒေါင်. . ဒေါင်. . ဒေါင်. . ဒေါင်”

သံချောင်းခေါက်သံက တိတ်ဆိတ်နေသောအချိန်တွင် ဆူညံစွာ ပေါ်ထွက်လာသဖြင့် အိပ်နေသူများပင် ထလာကြလေသည်။ ထိုအချိန်မှာပင် ခါချဉ်နက်များမှာ ကမ်းစပ်ပေါ်သို့ ဒီရေသိုင်းများ တက်လာသကဲ့သို့ အလိပ်လိုက် အလိပ်လိုက် တက်လာကာ လူနာများထားသော အဆောက်အအုံရှိရာသို့ ဝင်လာကြလေတော့သည်။

လူနာများမှာ အချို့မထနိုင်ကြပေ။

ခါချဉ်နက်များမှာ လူများတွေ့သည်နှင့် ပိုင်းတက်ကာ ကိုက်ဖြတ်စားသောက်လေရာ ဆူဆူညံညံ အော်သံဟစ်သံများ ကြောက်စရာကောင်းလောက်အောင် ပေါ်ထွက်လာတော့သည်။

အချို့လည်း ကြောက်လန့်တကြား ထွက်ပြေးကြသည်။ သို့သော် ခါချဉ်နက်များက အဆောက်အအုံကို စက်ဝိုင်းပုံသဏ္ဍာန် ပတ်ဝိုင်းထားသောကြောင့် ပြေးမလွတ်ကြတော့ပေ။

ထွက်ပြေးကြသူများမှာ ခါချဉ်နက်များ ရှိနေသောနေရာကို မကျော်ဘဲ. . ဗိုင်းခနဲ. . ဗိုင်းခနဲ လဲကျသွားကြလေသည်။

ဆူဆူညံညံအသံများကြောင့် နီမောင်တို့သုံးယောက် အပြင်သို့ ပြေးထွက်လာကြသည်။

သူတို့နှင့်အတူ အခြားသူများလည်းပါလာသည်။

သူတို့သည် အသံကြားရာဘက်သို့ ပြေးသွားရာ ထိုနေရာရောက်တော့ မြင်ကွင်းကမကောင်းတော့ပေ။ အဆောက်



www.burmeseclassic.com

www.burmeseclassic.com



အအုံတစ်ခုလုံး ခါချဉ်နက်များက ပတ်ဝိုင်းထားပြီး အချို့မှာ အတွင်းသို့ပင် ရောက်စပြုနေသည်။ ထိုအချိန်တွင် အမျိုးသမီး တစ်ယောက်အော်သံ ပေါ်ထွက်လာသည်။

"ကယ်ကြပါရှင်. . ကယ်တော်မူကြပါ. . . ကျွန်မတို့ ဒီတဲထဲမှာ ရောက်နေပါတယ်. . . ကယ်ကြပါရှင်"

နီမောင်က တဲအတွင်းသို့ ရောက်အောင် မည်သို့မည်ပုံ သွားရမည်ကို ချိန်ဆနေစဉ် အနားရောက်နေသော နာဂကြီးက ပြောလိုက်သည်။

"ဒီအတိုင်းသွားရင် ဟိုနေရာမရောက်ခင် မင်းပါ သေ သွားမှာပေါ့"

"ဘယ်လိုသွားရမလဲ"

နာဂကြီးက. . မနီးမဝေးမှာရှိသော သစ်ပင်ပေါ်မှတွဲ လောင်းကျနေသော ဂုံညင်းနွယ်များကို လက်ညှိုးထိုးပြတော့မှ သဘောပေါက်သွားသဖြင့် ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ ဘဲ ထိုနေရာသို့ အရောက်သွားကာ သစ်ပင်ပေါ်သို့တက်လေ တော့သည်။

စောထီးနှင့်ငမဲအောင်ကလည်း နောက်မှလိုက်တက် လာကြသည်။

အပင်ပေါ်ရောက်သောအခါ အရှည်ဆုံးနွယ်ကြိုးကို ကိုင်ပြီး တဲရှိရာသို့ လွဲကူးသွားလေသည်။

သူတို့သုံးယောက်စလုံး တဲအတွင်းရောက်သောအခါ မီးတုတ်များရအောင် အရင်လုပ်ပြီး တဲအတွင်းဝင်လာသော





ခါချဉ်များကို တားသူကတားပေးသည်။

ခါချဉ်နက်များမှာ မီးတောက်များကို ကြောက်ဟန်ဖြင့် တန့်သွားကြသည်။

ထိုအခိုက်မှာပင် အခြားသူအချို့လည်း တဲအတွင်းသို့ ရောက်လာကြသဖြင့် မီးများဖြင့်တားသူကတားပြီး လူနာနှင့် အခြားသူနာပြုများက ဘေးလွတ်ရာသို့နွယ်ကြိုးများဖြင့် ခေါက် တုံ့ခေါက် ပြန် သယ်ယူကြသည်။

ခါချဉ်နက်များကလည်း မီးတုတ်များဖြင့် ဟန့်နေရင်း ကြားမှ တဲအတွင်းသို့ ဝင်ရောက်လာကြချေပြီ။

၎င်းတို့ ဝင်ရောက်လာသောနေရာမှန်သမျှ မူလအ ရောင်ပျောက်သွားပြီး အနက်ရောင်ချည်းသာ ဖြစ်သွားလေတော့ သည်။

နီမောင်တို့က မီးတုတ်များ တယမ်းယမ်းဖြင့် ဟန့်တား နေသောကြောင့်သာ ရှေ့သို့ချက်ချင်း တိုးမလာကြခြင်းဖြစ် သည်။

သို့သော်လည်း နောက်ဆုတ်သွားခြင်း၊ ရပ်တန့်သွား ခြင်းမဟုတ်ဘဲ ရှေ့သို့တဖြည်းဖြည်း တိုးလာနေကြခြင်းဖြစ်၏။

ထိုအချိန်တွင် တဲထောင့်တစ်နေရာမှ အော်သံကြား လိုက်ရသည်။

"ကျွန်မကို ကယ်ပါဦး. . . ဒီမှာခြေထောက်နာပြီး မထ နိုင်တော့လို့ပါ"

ထိုအသံကြောင့် နီမောင်က ထိုနေရာသို့ သွားကြဖို့ရာ



www.burmeseclassic.com

www.burmeseclassic.com



ခွေခွေကလေး လဲကျနေသော အမျိုးသမီးတစ်ယောက်ကို တွေ့ရသည်။

သူမရှိသောနေရာမှာ နံရံနံဘေးတွင်ဖြစ်ပြီး အပြင်ဘက်တွင် ခါချဉ်နက်များ ရောက်နေကြလေပြီ။ ကားထားသော နံရံများကို ကိုက်ဖြတ်နေသည့်အသံများကိုပင် ကြားနေရပြီ။

ထိုနံရံပေါက်လာသည်နှင့် သူမကိုယ်ပေါ်သို့ ခါချဉ်နက်ကြီးများက ချက်ချင်းရောက်လာကြမည်ဖြစ်သည်။

နီမောင်က ထိုအခြေအနေကို မြင်သည်နှင့် သူမကို ပွေ့ယူလိုက်ပြီး ဘေးလွတ်ရာသို့ခေါ်လာခဲ့သည်။ ထို့နောက်မှာတော့ ဘေးလွတ်ရာသို့ နွယ်ကြိုးဖြင့် သယ်ဆောင်နိုင်ခဲ့သည်။

အခြားသူများကလည်း လူနာနှင့်သူနာပြုများကို ကယ်တင်နိုင်ကြသည်။

အချို့မှာတော့ ခါချဉ်နက်များ လက်ချက်ကြောင့် အသက်ပျောက်သွားပြီး အရိုးစုဘ၀ ရောက်သွားကြရလေတော့သည်။

ၡင်းတို့မရှိတော့သည့် နောက်မှာတော့ အဆောက်အအုံ တစ်ခုလုံး ခါချဉ်နက်များက ဖုံးလွှမ်းသွားပြီဖြစ်သောကြောင့် အနက်ရောင်ပြောင်းသွားခဲ့လေပြီ။





# အခန်း (၉)

# ဒုတိယမြောက် အန္တရာယ်ဘေးမှ ကယ်ရသူ

မျက်နှာဖြူစစ်သားများမှာ ခေတ်မီလက်နက်ကိရိယာများ ရှိကြသော်လည်း မြေအောက်မှ ထွက်လာသော ခါချဉ်နက်များကိုတော့ ဘယ်လိုမှ မနှိမ်နင်းနိုင်ကြဘဲ ရှိလေသည်။

ခါချဉ်နက်သိုက်မှာ အတော်ကြီးသည်။

ကမ္ဘာပေါ်မှာ အကြီးဆုံး ခါချဉ်သိုက်များထဲတွင် တစ်ခု အပါအဝင်ဖြစ်ဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မြေပြင်ပေါ်မှာတော့. . ဘယ်လောက်ကြီးသည် ဘယ်လောက်ရှိနေသည်ကိုတော့ မသိကြရပေ။

ဆေးရုံနှင့် အခြားတဲအချို့ကို ခါချဉ်နက်များ ဝင်ရောက်ဖျက်ဆီးသွားပြီး နောက်တစ်နေ့နံနက်ပိုင်းအချိန်တွင် ထိုနေရာတွင် လူအရိုးစုများနှင့် အရိုးပြိုင်းပြိုင်းကျန်ခဲ့သော တဲအဆောက်အအုံများကို တွေ့မြင်ကြရသည်။

ကြိုးချည်ထားသဖြင့် ထွက်မပြေးနိုင်သော ဝန်တင်လားအတော်များများမှာ အရိုးစုဘဝရောက်သွားကြရလေသည်။

ကြိုးပြတ်ပြီး ထွက်ပြေးကြသော လားအချို့သာ အသက်ရှင် ခွင့်ရကြလေသည်။

မျက်နှာဖြူအရာရှိများသည် ထိုမြင်ကွင်းများကို မြင်သောအခါ မခံမရပ်နိုင်အောင်ဖြစ်ပြီး ဒေါသထွက်နေကြတော့သည်။

လက်နက်အားကိုးဖြင့် တစ်ကမ္ဘာလုံးကို သိမ်းပိုက်ရန်ကြံစည်နေကြသော ၎င်းတို့အဖို့ တောတိရစ္ဆာန်များနှင့် တွေ့တော့မှ လက်မြှောက်အရှုံးပေးရတော့မလို ဖြစ်နေတော့သည်။

ထိုသတင်းကြားသဖြင့် နောက်တစ်နေ့ နံနက်ပိုင်းအချိန်တွင် လမ်းဖောက်သောလုပ်ငန်းများကို တာဝန်ယူထားကြသော စတီးဝဲလ်အပါအဝင် မျက်နှာဖြူအရာရှိအချို့ ရောက်လာကြ သည်။

၎င်းတို့က လမ်းဖောက်ရာတွင် လမ်းကြောင်းပေါ်မှာရှိနေကြသော ခါချဉ်သိုက်များကို ဖျက်ဆီးပစ်ရန် စေခိုင်းလေ





သည်။

အရာရှိများက စေခိုင်းသဖြင့် အလုပ်သမားများအကြောက်ကြောက်လန့်လန့်ဖြင့် လုပ်ကြရလေသည်။ တွင်းပေါက်ထဲသို့ ရေနံဆီ၊ ဓာတ်ဆီများလောင်းချပြီးနောက် မီးဖြင့်ရှို့ကြလေသည်။

မီးတောက်များက မြေတွင်းထဲမှာရော၊ အပြင်မှာရှိသော သစ်ပင်သစ်ကိုင်းများကိုပါ လောင်ကျွမ်းလေတော့သည်။

၎င်းတို့မျှော်လင့်ထားသည်က မီးရှို့လိုက်သောအခါတွင်းထဲမှာရှိနေကြသည့် ခါချဉ်နက်များ အစုလိုက်အပြုံလိုက်သေကြပြီး ကျန်သောအကောင်များက အပြင်ဘက်သို့ထွက်လာကြလိမ့်မည်ဟု ထင်ထားကြသည်။ သို့သော်. . သူတို့ထင်သလိုတော့ ဖြစ်မလာပေ။ မီးရှို့သောအခါ ခါချဉ်နက်များကို တစ်ကောင်မှ မတွေ့ကြရပေ။

ထိုသို့မတွေ့ကြရသောကြောင့် မီးရှို့ပြီးသောအခါ. . တောင်ပို့များရှိသော နေရာများကို မြေတူးစက်များဖြင့် တူးကြည့်သောအခါ ခါချဉ်နက်များကိုတော့ မတွေ့ရတော့ဘဲ မြေအောက်တွင် ကြီးမားကျယ်ပြန့်လှသည့် မြေအောက်လိုဏ်ခေါင်းကြီးများကိုသာ တွေ့ကြရလေသည်။

အရေအတွက်များပြားလှသော ခါချဉ်နက်ကြီးများ မည်သည့်အချိန် မည်သည့်နေရာသို့ ရွှေ့ပြောင်းသွားသည်ကိုတော့ ဘယ်သူမှ မသိကြတော့ပေ။

လမ်းဖောက်သော အလုပ်သမားများမှာ ထိုနေရာများ



www.burmeseclassic.com

www.burmeseclassic.com



မှာ လမ်းဖောက်သောအလုပ်ကို ဆက်လုပ်နိုင်ကြလေသည်။

သို့စေကာမူ မည်သူမှ စိတ်မဖြောင့်ဘဲ စိတ်တထင့်ထင့်နှင့် ရှိကြလေသည်။

ထိုအကြောင်းကို အလုပ်နားသောအခါ အလုပ်သမားချင်းချင်း ပြောဆိုနေကြလေသည်။

"ခါချဉ်နက်တွေကြောင့် လူတွေ အစုလိုက်အပြုံလိုက်သေတာတွေ့ပြီးတော့ သူတို့အတော်လန့်သွားကြပုံရတယ်"

"ငါတို့ကို မတရားဖမ်းခေါ်လာပြီး ခိုင်းတဲ့လူတွေ ဒီလိုဘေးမျိုးတွေ့မှ ကောင်းတယ်"

"ဒီလိုသေတာ အခုမှမဟုတ်ပါဘူး၊ သူတို့ ငါတို့ရွာတွေဘက် တက်လာပြီး ချွေးတပ်သားလာရှာတုန်းကလည်း ဂူတစ်ဂူထဲမှာ စကားပြန်ရော၊ ဂေါ်ရခါးစစ်သားတွေပါ အစုလိုက်အပြုံလိုက် သေကြရသေးတယ်လေ"

ဟု နာဂတစ်ယောက်ကပြောသည်။

"အဲဒီဂူထဲမှာဘယ်လိုအန္တရာယ်တွေ ရှိနေလို့လဲ"

နီမောင်က ဝင်မေးလိုက်သည်။

"အဲဒီဂူထဲမှာ ရှေးနှစ်ပေါင်းများစွာကတည်းက ရှိနေတဲ့ အရိုးခေါင်းသဏ္ဌာန် ကျောက်ခေါင်းပေါက်တွေ ရှိတယ်၊ နောက်ပြီး အပြင်ဘက်က နေရောင်၊ လရောင်နဲ့ထိရင် အလင်းရောင်ထွက်နေတဲ့ ကျောက်လုံးကြီးတစ်လုံးလည်းရှိတယ်"

"ဘယ်လိုကျောက်တုံးမျိုးလဲ"

"ငါတို့လည်း တစ်ခါမှ ယူမကြည့်ဘူးတော့ မသိဘူး"





နီမောင်က ဆက်မမေးတော့ပေ။

"ကျောက်ခေါင်းပေါက်ထဲမှာ ဘယ်လိုသတ္တဝါမျိုးတွေရှိတာလဲ. . . လူတွေကို အရိုးကျအောင်စားပစ်တယ်ဆိုတော့ ခါချဉ်နက်တွေလို ကြောက်စရာကောင်းတဲ့ သတ္တဝါမျိုးတွေရှိတာလား"

"ရှိတော့ရှိတယ်. . . ခါချဉ်နက်တွေလိုပဲ ကြောက်စရာကောင်းတဲ့ ကြွက်တွေရှိတာ"

"ဟင်. . . ကြွက်တွေက ဘယ်လောက်များနေလို့လဲ"

"ကျောက်ခေါင်းပေါက်တွေထဲမှာ ကြွက်တွေအများကြီးရှိတယ်၊ လူတစ်ယောက်ကို ခဏလေးနဲ့ အရိုးစုဘဝ ရောက်သွားနိုင်သလို စိုက်ခင်းတစ်ခုထဲကို သူတို့အုပ်စုတွေ ရောက်သွားရင် ချက်ချင်းပြောင်သွားလိမ့်မယ်"

ဟု ပြောပြသည်။

"အော်. . . ဒါကြောင့် စစ်သားတွေ သေကြတာကိုး၊ ဒါထက် ကြွက်တွေက ဘယ်အချိန်ကမှ ထွက်လာတာလဲ"

"ဂူထဲမှာရှိတဲ့ ကျောက်တုံးကြီးက အလင်းရောင် ထွက်နေရင် အပြင်မထွက်ကြဘူး၊ အဲဒီအလင်းရောင် ပျောက်သွားတာနဲ့ အပြင်ကို ထွက်လာကြတော့တာပဲ၊ သူတို့အုပ်စုနဲ့ တွေ့ရင် ဆင်တောင် မခံနိုင်ဘူး၊

တောင်ခြေဘက်မှာရှိတဲ့ ရွာတွေ၊ လယ်ကွက်တွေ၊ သီးနှံစိုက်ခင်းတွေဆိုရင် သူတို့ဝင်ဖျက်လို့ ပျက်စီးကုန်တာ များတယ်၊ ရွာလုံးကျွတ် ပြောင်းပြေးရတာမျိုးတွေ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောပြလေသည်။

နီမောင်တို့ရောက်နေသည့် လမ်းဖောက်နေသောစခန်းများတွင် ခါချဉ်နက်များနှင့် တွေ့ရပြီးသည့်နောက်ပိုင်းတွင် သဘာဝ ဘေးအန္တရာယ်များကို လျှော့မတွက်ကြတော့ပေ။

သူတို့မှသိပါက အလုပ်သမားများထဲမှ ဒေသခံများကို မေးသည်။

ဒေသခံများက အန္တရာယ်ရှိသည်ဟုပြောလျှင် သတိထားပြီး လုပ်ကိုင်ကြသည်။

ယခုရက်ပိုင်းအတွင်းမှာ လမ်းဖောက်ခြင်း လုပ်ငန်းများမှာ အတော်ပင်ခရီးပေါက်ခဲ့သလို စစ်ဘေးစစ်ဒဏ်ကလည်း ပို၍ပြင်းထန်လာသည်။

ဂျပန်ကင်းထောက်လေယာဉ်ပျံများ မကြာခဏရောက်လာပြီး မည်းမည်းမြင်ပါက စစ်သေနတ်ဖြင့် ပစ်ခတ်ကြလေသည်။

အချို့နေရာများတွင် ဂျပန်ကင်းထောက်စခန်းအချို့ ရှိပြီး ထိုစခန်းများမှ လာရောက်ပစ်ခတ်သဖြင့် ထိခိုက်ဒဏ်ရာရကြသည်များရှိကြသည်။

ဂျပန်တပ်များက. . ထိထိရောက်ရောက် လာရောက်တိုက်ခိုက်သည်မျိုး မဟုတ်ပါပဲ အလုပ်ပျက်အောင်လာရောက်နှောင့်ယှက်နေကြခြင်းဖြစ်သည်။

သို့သော်လည်း ထိုသို့လာရောက်ပြီး ချောင်းမြောင်းပစ်ခတ်သဖြင့် အချို့သေပြီး၊ အချို့မှာ ဒဏ်ရာရကြလေသည်။





အလုပ်သမားစခန်းများကို ခါချဉ်များ ဝင်ရောက်တိုက်ခိုက်သဖြင့် ဆေးရုံမှ လူနာနှင့်သူနာပြုများကို ကယ်ပေးရာမှ နီမောင်မှာ သူနာပြုမာရီယာနှင့် မျက်မှန်းတန်းမိသွားကြလေသည်။

တစ်နေ့သ၌ ငှက်ဖျားဆေး(ကွီနိုင်ဆေး)ဝေပေးသောအချိန်တွင် နီမောင်တို့လည်း တန်းစီကြရာ သူ့အလှည့်ရောက်သောအခါ ဆေးပေးနေသည့် မာရီယာနှင့် ပြန်တွေ့ရသည်။

"သြော်. . . ရှင်ပါလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"ရှင့်နာမည်က ဘယ်သူလဲ"

"နီမောင် ပါ. . ."

"ကိုနီမောင်က လုပ်အားပေးစခန်းရောက်တာ သိပ်မကြာသေးဘူးနဲ့တူတယ်"

"ဟုတ်ပါတယ်"

"ကျွန်မ ဒီဆေးပေးခန်းမှာ တာဝန်ကျနေတဲ့ သူနာပြုဆရာမ တစ်ယောက်ပါ၊ ကျွန်မနဲ့ပတ်သက်ပြီး အကူအညီလိုရင် အချိန်မရွေးလာပြောနိုင်ပါတယ်"

ဟု ပြောပြီး နီမောင်အတွက်ဆေးပေးသည်။

လူတစ်ယောက်လျှင် ဆေးပြားသုံးပြားသာပေးသော်လည်း နီမောင်ကိုတော့ ဆေးပြားအတော်များများကို အိတ်တစ်လုံးနှင့် ထည့်ပေးလိုက်လေသည်။

ထိုနေရာမှ ထွက်ခါနီးတော့မှ ထပ်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မနာမည် မာရီယာလို့ခေါ်ပါတယ်. . . ဟိုတစ်နေ့က ကျွန်မကို ကယ်ပေးခဲ့တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"

ဟု ပြောလိုက်သဖြင့် ခေါင်းညိတ်ပြကာ ထိုနေရာမှ ခပ်သုတ်သုတ် ထွက်လာလေသည်။

အပြင်ပြန်ရောက်ပြီး စောထီးတို့နှင့် တွေ့တော့ သူတို့က ဝိုင်းမေးကြသည်။

"နီမောင်. . . မင်းကို ဟိုသူနာပြုဆရာမက စကားတွေ ဘာတွေ ပြောလို့ပါလား၊ ဟိုတစ်နေ့က မင်းကယ်ပေးလိုက်တဲ့ ဆရာမ မဟုတ်လား"

နီမောင်က ခေါင်းညိတ်ပြသည်။

"မင်းကို ဘာတွေပြောလိုက်တာလဲ"

"ကျေးဇူးတင်ကြောင်း ပြောတာပါ၊ ငါ့ကို ဆေးတွေလည်း အများကြီး ပေးလိုက်တယ်"

နီမောင်က သူရလာသော ဆေးထုပ်ကို ဖွင့်ပြသည်။

ကွီနိုင်ဆေး အတော်များများအပြင် အခြားဆေးအချို့လည်း ပါလာသည်ကို တွေ့ရသည်။

"တစ်ပတ်မှ လူတစ်ယောက်ကို ဆေးသုံးပြားပဲ ပေးတာ မင်းကျမှ ဆေးတွေအများကြီးပေးလိုက်တာ ကောင်းတာပေါ့၊ ကိုယ် မသုံးရင်တောင် အခြားနေမကောင်းတဲ့သူတွေကို ဝေပေးလို့ရတာပေါ့"

ဟု ပြောကြလေသည်။





နီမောင်စိတ်ထဲမှာတော့ မာရီယာဆိုသောအမည်ကို မှတ်သွားစေရန် ရေရွတ်နေမိလေသည်။

နောက်ပိုင်းရက်တွေမှာတော့ အလုပ်ခွင်မှာ မိုလင်းမိုးချုပ် သွားနေရသောကြောင့် မာရီယာနှင့် ထပ်မတွေ့ရတော့ပေ။

နီမောင်စိတ်ထဲမှာ သူမပေးလိုက်သော ဆေးများကို မြင်တိုင်း သတိရနေလေသည်။

တစ်နေ့တော့ သူတို့နှစ်ယောက် ထပ်မံဆုံစည်းရန် အကြောင်းတစ်ခုပေါ်လာလေတော့သည်။

ထိုနေ့က ညဦးပိုင်းအချိန် အလုပ်သမားများ နားနေသောအချိန်တွင် လေယာဉ်ပျံသံများကြားရပြီး စက်သေနတ်များဖြင့် လာရောက်ပစ်ခတ်လေတော့သည်။

ရန်သူလေယာဉ်ပျံများက ညအချိန်မီးရောင်မြင်သောနေရာများသို့ ပစ်ခတ်ကြခြင်းဖြစ်သည်။

တစ်နေကုန်အလုပ်လုပ်ကြရသဖြင့် ညစာစားသောက်ပြီး အိပ်ရန်ပြင်ဆင်နေကြသူများမှာ မမျှော်လင့်ဘဲ ကြားရသော စက်သေနတ်သံများကြောင့် ဘေးလွတ်ရာသို့ ပြေးကြရတော့သည်။

မမျှော်လင့်ဘဲ အမှတ်မထင် ဝင်ရောက်တိုက်ခိုက်မှုကြောင့် အလုပ်သမားများသာမက စစ်သားများပင် ဖရိုဖရဲဖြစ်ကုန်ကြသည်။

ပြေးသူပြေး၊ ပုန်းသူပုန်း၊ သေနတ်များ၊ စစ်သေနတ်များ အမြောက်များဖြင့် ပြန်လည်ပစ်ခတ်သူကပစ်ခတ်ကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

တိတ်ဆိတ်နေသော ညဥ့်ဦးယံအချိန်မှာ ဆူညံသံများက ဖုံးလွှမ်းသွားလေသည်။

လေယာဉ်များက ခေါက်တုံ့ခေါက်ပြန် ပျံဝဲပြီးပစ်ရာ သစ်ပင်နှင့် လူများမှာ စက်သေနတ်ကျည်ဆံ ထိမှန်ကြလေသည်။

သစ်ပင်များမှာ အပိုင်းပိုင်းကျိုးပြတ်ကျကုန်ပြီး လူများကတော့ ကျည်ဆံထိသည်နှင့် တုံးခနဲလဲကျသွားကြလေသည်။

ထိုအခြေအနေကို မြင်သော အခြားသူများမှာ ဆောက်တည်ရာမရတော့ဘဲ ခြေဦးတည့်ရာပြေးနေကြသည်။ နီမောင်ကတော့ အခြားသို့မပြေးဘဲ ကျောက်တုံးတစ်တုံးအောက်မှာ ဝပ်နေသည်။

ထိုအခိုက်မှာပင် သူ့အနီးသို့ လူတစ်ယောက်ရောက်လာသည်။

ဘယ်ကိုပြေးရမှန်းမသိဘဲ ကြောင်တောင်တောင် ရပ်နေသည်။

စက်သေနတ်သံများက တဖြည်းဖြည်းနီးလာပြီဖြစ်သောကြောင့် အပြင်ကိုထွက်ပြီး ထိုလူကိုလက်ဆွဲကာ ကျောက်တုံးနံဘေးသို့ ဆွဲယူလိုက်သည်။

မရှေးမနှောင်းမှာပင် ကျည်ဆံများက ထိုနေရာတစ်ဝိုက်သို့ မိုးသီးမိုးပေါက်များ ကြဲချသလိုရောက်လာတော့သည်။

သူဆွဲလိုက်သောလူက သီသီကလေး လွတ်သွားသော်လည်း သူ့လက်မောင်းတစ်ဖက်ကတော့ ကျည်ဆန်ထိမှန်သွားလေတော့သည်။

"အား. . ."

အချိန်မီ ကျောက်တုံးနံဘေးသို့ ပြေးဝင်လိုက်သောကြောင့်သာ အသက်ချမ်းသာရာ ရသွားခြင်းဖြစ်၏။

"ရှင် ထိသွားသလား. . . ဒဏ်ရာအတော်များသလား"

ထိုသို့မေးသဖြင့် လှည့်ကြည့်တော့မှ သူဆွဲယူလိုက်သောသူမှာ အခြားမဟုတ်ဘဲ မာရီယာ ဖြစ်နေသည်ကို မြင်ရသဖြင့် အံ့သြသွားသည်။

မာရီယာကလည်း သူ့ကိုမြင်တော့ အံ့သြသွားဟန် ရှိသည်။

"ဟင်. . . ကိုနီမောင်ပါပဲလား၊ တိုက်တိုက်ဆိုင်ဆိုင်"

"ဆရာမ ဒဏ်ရာရသွားသေးသလား"

"ကျွန်မ ဘာမှမဖြစ်ဘူး၊ ရှင်ဒဏ်ရာရသွားတယ် မဟုတ်လား. . . အတော်များသလား"

"လက်မောင်းကို ကျည်ဆန်ရှပ်ထိသွားပုံရတယ်၊ သိပ်တော့ များမယ်မထင်ဘူး"

"ကျွန်မအသက်ကို ကယ်ရတာနှစ်ခါရှိနေပြီ. . ကျွန်မကြောင့်ရင်း ရှင်ဖြစ်ရတာ စိတ်မကောင်းပါဘူး"

"ရပါတယ်ဗျာ. . . ဆရာမ ဘာမှမဖြစ်တာပဲ ဝမ်းသာပါပြီ"

"ရှင့်လက်က ဒဏ်ရာသွေးထွက်များနေပုံရတယ်. . .





www.burmeseclassic.com

www.burmeseclassic.com



သွေးထွက်များရင် မကောင်းဘူး. . . တစ်ခုခုစည်းထားမှဖြစ်မယ်၊ ပစ်တာတွေရပ်သွားရင် ဆေးရုံသွားကြတာပေါ့. . ၊

ဟိုမှာလည်း ဘယ်လောက်များ သေကြဦးမယ်မသိဘူး ကျွန်မတော့ ဒီကိုလာလိုက်မိတာ အရှင်လတ်လတ် ငရဲရောက်နေရသလိုပါပဲရှင်"

ဟုပြောရင်း အဝတ်စတစ်ခုကို စုတ်ဖြဲပြီးနောက်. . နီမောင် လက်မောင်းမှ ဒဏ်ရာကို ပတ်တီးစည်းပေးလေသည်၊ အချိန်အတော်ကြာတော့ လေယာဉ်ပျံသံနှင့် သေနတ်သံများ သွားလေတော့သည်။





# အခန်း (၁၀)

# သံမှောင်အိမ်ထဲမှ သံဝဲချုပ်ဆင်နေသူ

ဆေးရုံမှာ လူနာက လျော့သွားသည်မရှိပေ။ တိုးပြီးရင်း တိုးနေတော့သည်။

နေမကောင်းသောလူနာများနှင့် ငှက်ဖျားရောဂါဝင်နေများ ထိခိုက်ဒဏ်ရာရနေသော အလုပ်သမားများအပြင် ယခု ဆုံးဆံထိမှန်သူများပါ ထပ်ရောက်လာလေတော့သည်။ လူနာများသောကြောင့် နေရာမရှိတော့သလောက် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ရှိသူများက ကျည်ဆံထိမှန်ပြီး သေဆုံးသွား များကို တောထဲမှာပင်မြှုပ်နှံပြီး၊ ဒဏ်ရာရသူများကိုတော့ ဆေး ပို့ပေးသည်။ ဆေးရုံဟုသာဆိုသော်လည်း . . ယာယီတဲကြီးမျာ ဆောက်ထားခြင်းသာဖြစ်ပြီး ဆရာဝန်အနည်းငယ်နှင့် သူနာပြ ဆရာမအချို့ သာရှိလေသည်။

သို့သော် လူနာအင်အားနှင့် ဆရာဝန်၊ သူနာပြု အားက မမျှပေ။

လီဒိုစခန်းတစ်လျှောက်တွင် အလုပ်သမားများအတွ ပြုလုပ်ထားသော ယာယီဆေးရုံရှိသလို အရေးကြီးသော လူ များကုသော သီးခြားဆေးရုံလည်း ရှိသေးသည်။ ထိုဆေးရုံ တော့ အမေရိကန်အရာရှိများ၊ စစ်ဗိုလ်များအတွက် ထားသေ ဆေးရုံဖြစ်သည်။

နီမောင်မှာ လက်မောင်းတွင် သေနတ်ဒဏ်ရာ ရ သည်။ သူ့ဒဏ်ရာက သိပ်မများသောကြောင့် ပြင်ပမှ ကုသ ရသည်။ သို့သော် မာရီယာက. . .

"အပြင်က ကုရင် ရတယ်ဆိုပေမယ့် ဆေးရုံမှာ လာ တော့ ပိုကောင်းတာပေါ့၊ ဒါမှ ရှင်နားရမှာ"

ဟုပြောသဖြင့် ဆေးရုံတက်ပြီး ကုသခွင့်ရသည်။

ဒါကိုပင် မကျေမနပ်နှင့် လာပြောသူရှိသေးသည်

စကားပြန် သံပချိုင်ဆိုသူဖြစ်သည်။

"ဒီလူနာက အပြင်ကကုရင် ရရဲ့သားနဲ့ ဘာကြော ဆေးရုံပေါ် လာတက်နေတာလဲ"





"အဲဒါက ရှင့်အလုပ် မဟုတ်ပါဘူး၊ ရှင်က ဆေးပညာ အကြောင်းဘာမှမသိပါဘူး၊ သူ့ကို ဆေးရုံမှာထားသင့်လို့ ထား တာပေါ့"

"ကျုပ်က ဆေးပညာအကြောင်းကို သိပ်မသိပေမယ့် လူတွေအကြောင်းကိုတော့ အတော်အကဲခတ်နိုင်ပါတယ်၊ ဒါပေ မယ့် ဒီလုပ်ပိုင်ခွင့်က ခင်ဗျားတို့နဲ့သက်ဆိုင်နေတာဆိုတော့ ဘာ မှမပြောတော့ပါဘူး"

ဟု မကျေမနပ်ဖြင့်ပြောပြီး ပြန်ထွက်သွားလေသည်။

ည်သို့ပင်ရှိစေ. . .။

မာရီယာ၏ကူညီပေးမှုကြောင့် နီမောင်တစ်ယောက် ဆေးရုံပေါ်မှာ သက်တောင့်သက်သာနေခွင့်ရသည်။

ထို့အတွက် မာရီယာကို ကျေးဇူးတင်မိလေသည်။

ရက်အနည်းငယ်ကြာတော့ မာရီယာနှင့် ရင်းနှီးခင်မင် သွားကြလေသည်။

မာရီယာက သူဂျူတီကျသော ညအချိန်များတွင် ဟာ ခံပြီးသည်နှင့် နီမောင်နှင့်လာပြီး စကားပြောသည်။

"ကိုနီမောင်က မြန်မာလူမျိုးတစ်ယောက် မဟုတ်လား၊ ဘယ်လိုကနေဘယ်လို ဒီကိုပါလာတာလဲ"

နီမောင်က သူကြုံခဲ့ရသော အဖြစ်အပျက်အချို့ကို ပြော ပြလေသည်။

"သူတို့ရောက်လာပြီး ရွာတွေဖျက်ကြတယ်၊ တစ်သက် လုံး သုံးကိုင်စားသောက်လာတဲ့ လက်ဖက်ခင်းတွေ၊ လယ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ သီးနှံစိုက်ခင်းတွေ ဖျက်ဆီးခံကြရတဲ့အပြင် ကျွန်တော်တို့ကိုလည်း ဒီကိုခေါ်လာလို့ ပါလာခဲ့ရတာပါ"

"စိတ်မကောင်းစရာပဲ၊ ကိုနီမောင်ပြောပုံအရဆိုရင်တော့ ဟိုမှာကျန်ခဲ့တဲ့ ကိုနီမောင်မိဘတွေဆိုရင် နေစရာမရှိ လုပ်ကိုင်စား သောက်စရာမရှိနဲ့ အတော်ဒုက္ခရောက်ကြမှာပဲနော်. . ."

"အေးဗျာ. . ကျွန်တော်လည်း နေ့တိုင်းတွေးမိပါတယ်၊ ဒါပေမယ့်. . ကျွန်တော်တို့ကိုယ်တိုင် ဒီမှာဒုက္ခရောက်နေတော့ ဘယ်လိုမှမတတ်နိုင်တဲ့ ဘဝမျိုးပါပဲ"

ထိုစကားကြားသောအခါ မာရီယာက စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"တကယ်တော့ ဒီနေရာရောက်နေကြတဲ့ အခြေအနေချင်းသာ မတူတယ်၊ ကိုနီမောင်နဲ့ကျွန်မနဲ့က ဘဝတူတွေပါပဲ"

"ဘယ်လိုတူတာလဲဟင်. . ."

"ကျွန်မတို့ အိန္ဒိယကို အင်္ဂလိပ်တွေ သိမ်းပိုက်ခဲ့ပြီးတဲ့နောက်မှာ ဆင်းရဲကျပ်တည်းမှုတွေနဲ့ ဝတ်မှတ်ခေါင်းပါးတဲ့ဘေးတွေနဲ့ ကြုံကြရပါတယ်၊ ကျွန်မရဲ့မိဘတွေကလည်း ဆင်းရဲကြပါတယ်၊ ဒီကြားထဲက ကျွန်မကို ပညာတတ်အောင် သင်ပေးခဲ့ကြပါတယ်"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"အဲ့ဒီနောက်တော့ မိဘကို တစ်လှည့်ပြန်လုပ်ကျွေးဖို့ သူနာပြုသင်တန်းတက်ပြီး အလုပ်ဝင်ခဲ့တာပါ၊ အလုပ်ဝင်ပြီး





ကြောခင်မှာပဲ ဒီနေရာကို ပါလာခဲ့တာပါပဲ"

"ဝန်ထမ်းဖြစ်တော့လည်း ဒီလိုပဲသွားရမှာပေါ့လေ"

"သူနာပြုအလုပ်ကို ကျွန်မစိတ်ဝင်စားပါတယ်၊ ဒါပေမယ့် ဒီလိုနေရာမျိုးအထိလာပြီး လုပ်ရတာတော့. . ကျွန်မတို့ မိန်းကလေးတွေနဲ့ မသင့်ပါဘူး၊ ကျွန်မလည်း မိဘတွေဆီကို ပြန်ချင်ပါတယ်၊ ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်တော့ဘူး ဖြစ်နေတယ်၊ တကယ်တော့ ကျွန်မဘဝကလည်း ဒီမှာ အကျဉ်းသားတစ်ယောက်နဲ့ ဘာမှမထူးခြားပါဘူးရှင်"

ဟု မျက်ရည်လေးအဝိုင်းသားဖြင့် ပြောပြလေရာ နီမောင်မှာ စိတ်မကောင်းဖြစ်သွားမိလေသည်။

"ဆရာမရဲ့အကြောင်းကို ကြားရတာ ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ဒါပေမယ့်. . ."

နီမောင်အနေဖြင့် ထိုထက်ပိုမပြောသာပေ။

နောက်တစ်ရက်မှာတော့ မာရီယာက ထူးခြားသောစကား ပြောလာသည်။

"ကိုနီမောင်ကို ကျွန်မအကူအညီတောင်းချင်တယ်"

"ကျွန်တော် ဘယ်လိုကူညီရမလဲ၊ တတ်နိုင်တာဆိုရင်တော့ အကူအညီပေးပါ့မယ်"

"ကိုနီမောင် ဒီဒုက္ခတွင်းက မလွတ်မြောက်ချင်ဘူးလားဟင်"

နီမောင်က သူမကို နားမလည်သလိုကြည့်လိုက်လေသည်။ မာရီယာ၏အသွင်မှာ. . လေးလေးနက်နက်ရှိနေလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဘာကြည့်နေတာလဲ ကျွန်မမေးတာဖြေဦးလေ"

"လွတ်. . . လွတ် မြောက်ချင်ပါတယ်. . ."

"ကိုနီမောင်တို့ကို ဒီနေရာက လွတ်မြောက်အောင် ကျွန်မ အကူအညီပေးလို့ရပါတယ်၊ ဒါပေမယ့် ကျွန်မပြောသလို တော့ လုပ်ရမယ်"

"ဘယ်. . . ဘယ်လို လုပ်ရမလဲဟင်. . ."

မာရီယာက ပြုလုပ်ရမည့် အစီအစဉ်အချို့ကိုပြောပြရာ နီမောင်မှာ များစွာအံ့သြသွားလေသည်။

သူမက ဆက်ပြောပြန်သည်။

"ကိုနီမောင်တို့ ဒီနေရာကနေ လွတ်မြောက်သွားရင် ကျွန်မကိုလည်း တစ်လှည့်ပြန်ပြီး အကူအညီပေးရမယ်"

"[illegible] အကူအညီမျိုးလဲဟင်"

"ကျွန်မလည်း သူတို့နဲ့အတူ ရှေ့ဆက်မလိုက်ချင်တော့ ဘူး ဒါကြောင့် ကျွန်မကို ဒီနေရာကနေလွတ်မြောက်အော အကူအညီ ပြန်ပေးရမယ်"

"ကျွန်တော်တို့ လွတ်မြောက်သွားရင်တော့ ဆရာမ လို ချင်တဲ့အကူအညီမျိုး ပေးနိုင်ပါတယ်၊ ဒါထက် ဒီနေရာကလွတ ရင် ဘယ်ကိုသွားမှာလဲဟင်"

"အိန္ဒိယပြန်ရောက်အောင် ကြိုးစားရမှာပေါ့၊ ဒီကြာ ထဲမှာတော့ ဒီလိုပဲကြည့်ပြီး စီစဉ်ရမှာပဲ. . ."

"ဒီအတွက်လည်း စိတ်မပူပါနဲ့ ကျွန်တော်တို့က အိန္ဒိယ





အထိ လိုက်မပို့ပေးနိုင်ပေမယ့် ဒီအတောအတွင်းမှာတော့. . လိုအပ်တဲ့ အကူအညီ ပေးထားနိုင်ပါတယ်"

ထိုသို့ပြောဆိုပြီး ပြုလုပ်ရမည့်အစီအစဉ်များကို တိုင် ပင်ကြလေသည်။

ထိုအချိန်မှာပင် သံပချိုင်နှင့် ဂေါ်ရခါးစစ်သားတစ် ယောက် သူတို့အနီးသို့ ရောက်လာကြသည်။ သံပချိုင်က သူတို့ နှစ်ယောက်၏ အခြေအနေကို မသင်္ကာသောကြောင့် မျက်ခြည် မပြတ်စောင့်ကြည့်နေသူဖြစ်သည်။ သံပချိုင် ဝင်လာသောအခါ ဟန်မပျက် ပြန်နေလိုက်ကြလေသည်။

"ဆရာမ သူနဲ့ဘာတွေပြောနေတာလဲ"

"အဲဒါ ရှင်သိစရာမလိုပါဘူး"

"ဒါပေမယ့် ကျုပ်. . အကဲခတ်ကြည့်ရသလောက်တော့ သူနဲ့ဆက်ဆံတာ တစ်မျိုးဖြစ်နေသလိုပဲ. . . သူက ရွှေးတပ် သား အလုပ်သမားတစ်ယောက်ပဲ၊ အလုပ်သမားလိုဆက်ဆံတာ ပိုကောင်းမယ်ထင်တယ်"

"အလုပ်သမားလည်း လူပဲမဟုတ်လား၊ နောက်ပြီး သူက ဒဏ်ရာရထားတဲ့သူလေ. . ."

ထိုစကားကြောင့် သံပချိုင်က ရယ်လိုက်သည်။ သံပချိုင် မှာ အသားမည်းမည်း၊ အရုပ်ရှည်ရှည်နှင့် မျက်နှာကလည်း အ ကြည့်ရ ဆိုးသည်။

သူ့မျက်နှာပေါ်မှာ ကျောက်ပေါက်အမာရွတ်များနှင့် ဒဏ်ရာဒဏ်ချက်များ ရှိနေသောကြောင့် ပို၍အရုပ်ဆိုးနေတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သံပချိုင်မှာ ယခင်က သာမန်အလုပ်သမားတစ်ယောက် ပင် ဖြစ်သည်။

သို့သော်လည်း ဒေသခံဘာသာစကားအချို့ကို တတ်သည့်အပြင် အင်္ဂလိပ်ဘာသာစကားအချို့ကိုပါ တတ်သဖြင့် လီဒိုလမ်းဖောက်သည့် အခွင့်အရေး ကြုံလာသောအခါ စကားပြန်ဝင်လုပ်နေခြင်းဖြစ်သည်။

သို့သော်လည်း ၎င်း၏မူလစိတ်မှာ ခက်ထန်ကြမ်းတမ်းသူ ဖြစ်သောကြောင့် အလုပ်သမားများအပေါ် ဆက်ဆံရာမှာ ညှာတာမှု မရှိပေ။

သို့ပြင် သူက မာရီယာကို သဘောကျနေသောကြောင့် အရိပ်တကြည့်ကြည့်နှင့် နေသူဖြစ်ရာ ယခုကဲ့သို့ နီမောင်နှင့် ရင်းရင်းနှီးနှီး နေသည်ကို မြင်သောအခါ မကျေမနပ်ဖြစ်နေခြင်း ဖြစ်၏။

"သူ့လက်မောင်းက ဒဏ်ရာက ဆေးရုံတက်ရလောက်အောင် မများဘူးဆိုတာ ကျုပ်သိပါတယ်၊ ဘာပဲဖြစ်ဖြစ် နောက်တစ်နေ့ကျရင်တော့ အပြင်လူနာအနေနဲ့ပဲထားဖို့ သခင်ကြီးတွေကို ပြောရမှာပဲ"

ဟုပြောပြီး ပြန်ထွက်သွားလေသည်။

မာရီယာကလည်း နီမောင်အနားမှာဆက်နေရန် မသင့်တော့သဖြင့် အခြားနေရာသို့ ထွက်သွားလေသည်။

ထိုနေ့ညက တစ်ညလုံးဂျူတီဝင်ရသောကြောင့် ဆေးရုံမှာပင် ရှိနေလေသည်။





ညဉ့်ဦးပိုင်းအချိန်ကျော်တော့ ဆေးမှူးနှင့်ဆရာဝန်တို့ ရောက်လာပြီး လူနာများကို လိုက်ကြည့်သည်။

မာရီယာကလည်း နောက်မှပါလာရသည်။

နီမောင် နေရာရောက်တော့ ရပ်ပြီးမေးသည်။

"သူက ဘာဖြစ်တာလဲ"

"လက်မောင်းမှာ ကျည်ဆံထိထားတာပါ"

ဆရာဝန်က ပတ်တီးစည်းထားသော ဒဏ်ရာအခြေအနေကို စစ်ဆေးသည်။

နီမောင် လက်ကို အမျိုးမျိုးလှုပ်ရှားခိုင်းပြီး ဆေးမှတ်တမ်းမှာ မှတ်ချက်ရေးသွားရုံမက ပါးစပ်မှလည်း ပြောသွားသေးသည်။

"သူ့လက်မောင်းဒဏ်ရာက ဒီလောက်အရေးမကြီးတော့ပါဘူး၊ မနက်ဖြန်ဆေးရုံဆင်းပြီး အပေါ့စားအလုပ်တွေအဘက် သုံးခွင့်ပေးလိုက်ပါ"

ဟုပြောပြီး ဆရာဝန်နှင့်ဆေးမှူးက ထိုနေရာမှထွက်သွားပြီး အခြားလူနာများကို စစ်ဆေးသွားလေသည်။ မာရီယာစိတ်ထဲမှာတော့ သံပချိုင်စနက်ပင်ဖြစ်မည်ဟု ရိပ်မိသဖြင့် မကျေမနပ်ဖြစ်နေမိသည်။

သို့သော်လည်း ဘာမှမတတ်နိုင်ပါပေ။

ညဉ့်နက်ပိုင်းရောက်တော့ သူမရှိရာသို့ သံပချိုင် ထပ်ရောက်လာသည်။

မာရီယာက မနှစ်မြို့သော်လည်း ကြိတ်မှိတ်ပြီး ခံနေမ



www.burmeseclassic.com

www.burmeseclassic.com



ပျက် နေရလေသည်။

“ဆရာမက ကျုပ်အပေါ် အထင်လွဲနေပုံရတယ်၊ တကယ်တော့ ကျုပ်က ဆရာမကို ကောင်းစေချင်လို့ ဝင်ပြောတာပါ”

သူ့လေသံက ပျော့ပျော့ပျောင်းပျောင်း ဖြစ်နေသော်လည်း မာရီယာက ဘာမှပြန်မပြောပေ။

“တကယ်တော့ ဒီလူတွေက တောထဲမှနေ တောထဲမှာ ကြီးလာကြပြီး ဘာမှအသိဉာဏ်ရှိကြတဲ့လူတွေ မဟုတ်ဘူး၊ ကျုပ်က ဆရာမအတွက် ကောင်းစေချင်လို့ဝင်ပြောတာပါ. . .”

“ရှင်လည်း တောသားတစ်ယောက်ပဲ မဟုတ်လား”

ထိုသို့အမေးခံလိုက်ရသဖြင့် သံပချိုင်မှာ အောင့်သက်သက် ဖြစ်သွားဟန်ဖြင့် မျက်နှာပျက်သွားလေသည်။

“ကျုပ်က တောသားဆိုပေမယ့် သခင်ကြီးတွေရဲ့ အနားပဲ အမြဲနေရတာဆိုတော့ သူတို့ထက်တော့ အကြားအမြင် ဗဟုသုတ ပိုရှိတာပေါ့ဗျာ”

“ဒီမှာ ရှင့်ကို ကျွန်မတစ်ခုပြောမယ်. . လူတစ်ယောက်ရဲ့တန်ဖိုး၊ အဆင့်အတန်းဆိုတာ သူရဲ့ကိုယ်ကျင့်တရားနဲ့ပဲ တိုင်းတာလို့ရတယ်၊ ကျန်တာတွေနဲ့ တိုင်းတာလို့မရဘူး”

သံပချိုင်က မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

“ရွှေဘုံပေါ်မှာ နေရတဲ့သူဖြစ်စေ. .၊ ရှင်ဘုရင်တစ်ယောက်ပဲဖြစ်စေ. .၊ စိတ်ထားယုတ်ညံ့ပြီး ကိုယ်ကျင့်တရား မကောင်းရင် ဘာမှတန်ဖိုးမရှိဘူး၊ တောထဲမှာနေတဲ့လူဖြစ်စေ





ယ့် စိတ်ထားဖြူစင်ပြီး ကိုယ်ကျင့်တရားကောင်းတဲ့သူမျိုးဆိုရင် တန်ဖိုးရှိတဲ့သူလို့ သတ်မှတ်နိုင်ပါတယ်”

ထိုစကားကြောင့် သံပချိုင်မျက်နှာမှာ အကြည့်ရဆိုးလောက်အောင် ရှုံ့မဲ့သွားလေသည်။

“ဆရာမက မဟုတ်တဲ့လူတွေကို အတော်အထင်ကြီးနေတာပဲ”

“ကျွန်မက ဘယ်သူ့ကိုပဲဖြစ်ဖြစ် အထင်မသေးတတ်သလို အထင်လည်း မကြီးတတ်ပါဘူး”

“ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ဆရာမနဲ့ ပတ်သက်လာရင် မသင့်တာဆိုရင် ကာကွယ်ပေးရမှာပဲ”

“အလို. . . ရှင်နဲ့ကျွန်မနဲ့က ဘာမှလည်းမဆိုင်၊ ဘယ်လိုမှလည်း မပတ်သက်ပါဘဲနဲ့ ဘာကြောင့်ဆိုစကားမျိုး လာပြောနေရတာလဲ”

“ကျုပ်သဘောကို နောက်တော့ ဆရာမသိလာရမှာပါ”

ဟုပြောပြီး သံပချိုင်က ထိုနေရာမှ ပြန်ထွက်သွားလေသည်၊ မာရီယာ၏ လက်ရှိအခြေအနေက သံလှောင်အိမ်ထဲ ရောက်နေရသကဲ့သို့ ရှိသည်။

ထိုသူကိုမှ သံပချုပ်ထဲသို့ ထပ်ထည့်ရန်ကြိုးစားနေပြန်ပြီဟု စိတ်ထဲမှ သဘောပေါက်မိလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း (၁၃)

# အိပ္ပူအိုးမှ မီးပုံအတွင်းသို့ ရောက်ရသူများ

နံနက်လင်းသည်နှင့် မြူခိုးများနှင့်နှင်းများအုံ့ဆိုင်းနေသော တောင်တန်းကြီးများပေါ်မှ မြေတူးစက်သံ၊ သစ်ပင်လှဲသံ၊ သစ်ပင်ခုတ်သံများ ပေါ်ထွက်လာတတ်ပေသည်။

နံနက်ပိုင်း နှင်းမကွဲခင်၊ မြူမစဲခင်အချိန်ကတည်းက အလုပ်သမားများမှာ အလုပ်ခွင်သို့ရောက်ကြရသည်။

အလုပ်သမားများမှာ ရာသီဥတုကောင်းမွန်သော

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



အချိန်မျိုးတွင် အလုပ်လုပ်ရသည်မှာ အခက်အခဲမရှိသော်လည်း ရာသီဥတု ဆိုးဝါးလျှင်တော့ အခက်အခဲပေါင်းများစွာတို့နှင့် ရင်ဆိုင်ကြရလေသည်။

စတီးဝဲလ်က အလုပ်သမား ထောင်ပေါင်းများစွာကို တပ်စု တပ်စိပ်၊ တပ်ခွဲ စသည်ဖြင့်. . သူ့အုပ်စုနှင့်သူ၊ သူ့ခေါင်းဆောင်နှင့်သူ တာဝန်ပေးထားလေသည်။

နံနက်လင်းသည်နှင့် တာဝန်ရှိသူများက ကူလီခေါင်း (အလုပ်သမားခေါင်းဆောင်)များကို ခေါ်ပြီး လုပ်ရမည့်တာဝန်နှင့် နေရာများကို တာဝန်ခွဲဝေပေးလိုက်သည်။ ကူလီခေါင်းများက မိမိအဖွဲ့မှ နာမကျန်းဖြစ်နေသူများ၊ ထိခိုက်ဒဏ်ရာရနေသူများကို ချန်လှပ်ထားခဲ့ပြီး ကျန်သူများနှင့်တာဝန်ကျရာ အလုပ်ခွင်သို့ သွားကြရသည်။

ထိုနေရာသို့ရောက်နေသော အလုပ်သမားများမှ နေရာဒေသအသီးသီးမှ ရောက်နေကြသည့် လူမျိုးပေါင်းစုံတို့ဖြစ်ကြသည်။

အိန္ဒိယ၊ မဏိပူရ၊ အာသံ၊ တရုတ်၊ ဂေါ်ရခါးများ၊ ပန်ချာပီများ၊ ဒေသခံ ချင်း၊ ကချင်၊ နာဂ၊ ရခိုင်၊ ရှမ်း၊ ကဒူးကနန်း၊ လီဆူ၊ မြန်မာစသော တိုင်းရင်းသားများလည်း အများအပြားပါကြလေသည်။

အချို့ကတော့ ထိုနေရာသို့ လာရောက်လုပ်ကိုင်နေရသည်ကို စိတ်ညစ်သော်လည်း ကူလီကုလားများ၊ ဂေါ်ရခါးများ ပန်ချာပီများကတော့ အစားအသောက် ဝေါ်ပြတ်နေသောဘ





မှ အစားအသောက်မှန်မှန် စားသောက်နေရသော ထိုနေရာတွင် လာရောက်လုပ်ကိုင်နေရသဖြင့် ပျော်ရွှင်နေကြသည်။

မျက်နှာဖြူများက အစားအသောက် ကျွေးသည့်အပြင် ငွေငါးကျပ်ပါ ပေးသောကြောင့်. . ပိုပြီး ကျေနပ်နေကြသည်။ အလုပ်သမားများ၊ အလုပ်သမားခေါင်းများမှာ လူမျိုးမတူ၊ ဘာသာစကားမတူသဖြင့်. . တစ်ယောက်ပြောသည့်စကား တစ်ယောက် နားမလည်ကြသော်လည်း အလုပ်လုပ်သည့်နေရာမှာတော့ ခြေဟန်လက်ဟန်ဖြင့် ပြပြီးလုပ်ကြရာ သူ့နည်းသူ့ဟန်ဖြင့်တော့ အဆင်ပြေကြလေသည်။

တစ်နေ့လျှင် ငွေငါးကျပ်ရပြီး အစားအသောက်မှန်မှန်စားနေရသောကြောင့်သာ လုပ်နေရသော်လည်း သဘာဝဘေးအန္တရာယ်တို့ကြောင့် သေကျေပျက်စီးကြရသည်မှာလည်း မနည်းလှပေ။

တောဆင်ရိုင်းများ၊ ကျားဆိုးများ၊ ဝက်ဝံစသော တောတိရစ္ဆာန်များအပြင် လူဝံ၊ မျောက်ဝံတို့ ရန်မူခြင်းကြောင့် သေဆုံးသူတွေလည်းရှိသည်။

တောရိုင်းတိရစ္ဆာန်များက ၎င်းတို့နေရာကို လာရောက်ကျူးကျော်ကြသည့် လူတို့ကို နည်းအမျိုးမျိုးနှင့် ရန်ရှာကြလေသည်။

ထို့ပြင်. . . သွေးစုပ်မျှော့ကြီးများ၊ ဖွတ်ရိုကောင်များ၊ ကင်းခြေများ ပင့်ကူ၊ မြွေစသော သတ္တဝါများကြောင့် သေရသူလည်း မနည်းလှပေ။



www.burmeseclassic.com

www.burmeseclassic.com



အချို့ပဒုကျင်းများထဲ ကျွံကျသဖြင့် အရိုးသာကျန်ခဲ့သူများ၊ ချောင်းတွေ့သဖြင့် ရေဆင်းကူးနေစဉ် လူသားစား(ပေါရိုသာရင်း)ငါးများ ရောက်လာပြီး ဝိုင်းကိုက်ခံရသောကြောင့် အစအန ပျောက်သွားသူများလည်းရှိသည်။

ကင်းမြီးကောက်များ အစုလိုက်အပြုံလိုက်နေသော ဂူအတွင်းဝင်သွားရာမှ အစအနပျောက်သွားသူများလည်း ရှိကြသည်။

မျက်နှာဖြူများကတော့ တစ်ယောက်သေသွားလျှင် နောက်တစ်ယောက် အစားထိုးထည့်ပြီး ဆက်လုပ်သည်။ သူတို့လုပ်ငန်းကိုတော့ အပျက်မခံပေ။

သေဆုံးသွားသူများမှာ အသက်သာသေခဲ့ရသော်လည်း ထောက်ပံ့ကြေး၊ လျော်ကြေးပေးဖို့နေနေသာသာ အလောင်းတို့ပင် ဖြစ်သလို အမြှုပ်ခံခဲ့ရသည်။

အချို့နေရာများမှာ ခရီးမိုင်အတော်ရှည်လျားသည်အထိ မြေညီမြေပြန့်မရှိပေ။

မြင့်မားသောတောင်၊ မတ်စောက်လှသော တောင်ကမ်းပါးယံများပေါ်မှာ အလုပ်လုပ်ကြရသည်။

ခြေချော်လက်ချော်ဖြစ်ကာ တောင်အောက်ပြုတ်ကျသွားပါက အသက်ရှင်နိုင်စရာမရှိပေ။

အချို့နေရာများမှာ မရဏနွံအိုင်များရှိသည်။

အပေါ်ယံ မြေကြောတင်းနေပြီး သစ်ရွက်များဖုံးနေသောဖြင့် အောက်တွင်နွံအိုင်ရှိနေမှန်း မည်သူမှမသိပေ။





ဒေသခံအချို့လောက်သာ ပတ်ဝန်းကျင်အခြေအနေကို ကြည့်ပြီး နွံအိုင်ရှိမှန်းသိကြသည်။

ထိုနွံအိုင်ထဲသို့ ပြုတ်ကျသွားပါက လူရောတိရစ္ဆာန်ပါ အစအန ပျောက်သွားကြသည်။

မြေတူးစက်၊ မြေကော်စက်များ ကျသွားပါကလည်း ငုံးခုံးနစ်မြုပ်သွားတတ်လေသည်။

သို့သော်လည်း အလုပ်သမားများမှာ ရပ်တန့်မနေကြရပဲ တစ်နေရာ အဆင်မပြေ နောက်တစ်နေရာ၊ တစ်ခုအဆင်မပြေပါက နောက်တစ်မျိုး ဆက်လုပ်နေကြရလေသည်။

ပူပြင်းသော နွေရာသီ ရောက်လာတော့ ညအချိန်မှာ အရိုးကွဲလုမတတ် အေးပြီး နေ့အချိန်ရောက်ပါက မခံနိုင်အောင် ပူပြင်းလေသည်။

ထိုသို့ ပူပြင်းလာသောအခါ ရေရှားပါးသောဒုက္ခနှင့် ကြုံတွေ့ကြရသည်။ အလုပ်လုပ်သောနေရာများ ရောက်သည်အထိ သောက်ရေကို ရေသယ်ကားများဖြင့် လိုက်လံပို့ပေးသော်လည်း ထိုကားများ အခက်အခဲနှင့် ကြုံတွေ့နေပါက၊ သောက်ရေက အချိန်မီရောက်မလာပါက အခက်တွေ့ကြရသည်။

ထိုအခါ တွေ့သမျှရေကို ဖြစ်သလို သောက်ကြရတော့သည်၊ တောထဲမှာရှိသော မသန့်ရှင်းသောရေကို သောက်မိပါက ရောဂါရပြီဆိုလျှင် သဘာဝဘေးအန္တရာယ်များနှင့် တွေ့ရသည်နှင့်ပင် ပိုဆိုးတတ်ပေသည်။

ပူပြင်းသောနွေရာသီရောက်လျှင် ကြောက်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com

သော ကပ်ရောဂါများလည်း အဖြစ်များသည်။ ကျောက်ကြီး ရောဂါ၊ ဝက်သက်ရောဂါနှင့် အခြားကူးစက်တတ်သည့် အနာ ရောဂါတို့ ဖြစ်ကြလေသည်။

ကူးစက်တတ်သော အနာရောဂါတို့မှာ တစ်ယောက် ဖြစ်ပြီဆိုတာနှင့် အနီးမှာရှိသော အတူနေသူများကိုပါ ကူးစက် တတ်သောကြောင့် ကြောက်စရာကောင်းလှပေသည်။

တစ်နေ့သ၌ အလုပ်သမားများနေသောတဲအတွင်းမှ ဆူဆူညံညံအသံများ ပေါ်ထွက်လာသည်။

"ဒီတဲထဲမှာနေတဲ့သူတွေ ကူးစက်တဲ့ ရောဂါဆိုးတွေ ပေါက်နေပြီဟေ့"

ထိုအသံကြောင့် အလုပ်သမားခေါင်းဆောင်များနှင့် ဆေးမှူးများ၊ သူနာပြုများ သွားရောက်ကြည့်ရှုကြရာ တဲအတွင်း မှာ လူ(၁၅)ယောက်ခန့် ကူးစက်တတ်သောရောဂါများ ဖြစ်နေ သည်ကို တွေ့မြင်ကြရလေသည်။ ရောဂါဖြစ်နေသူများမှာ တစ် ကိုယ်လုံး အနီကွက်ကြီးများ၊ အဖုအပိမ့်ကြီးများထွက်ကာ ရှုံ ပျက်ဆင်းပျက် ဖြစ်နေကြလေပြီ။

ထိုရောဂါဝင်လျှင် ကုသရန်ဆေးမရှိဘဲ မကြာခင်သေ တော့မည်ကို သိနေသောကြောင့် မျက်လုံးပြူးနေကြသည်။ ကြောက်လန့်နေကြလေသည်။

ရောဂါဖြစ်နေသော အုပ်စုထဲတွင် နီမောင်တို့လည်းပါ သည်။ သူတို့နှင့်အတူတူနေသော ဦးဇန်ကောင်းလည်းပါသည်။ သူတို့ကို ခင်မင်နေသော နာဂအချို့လည်းပါသည်။ စုစုပေါင်း





(၁၅)ယောက် ခန့်ရှိသည်။

"ဒီရောဂါဖြစ်တာ အတော်ဆန်းတယ်၊ ငါတို့အစားအ သောက်တစ်ခုခုမှားလို့ ဖြစ်တာများလား"

ဦးဇန်ကောင်းကပြောသည်။

"အစားအသောက်မှားရင် အားလုံးဖြစ်မှာပေါ့ အဘ ရယ်၊ ကျွန်တော်တို့ချည်း ရွေးပြီးဖြစ်ပါ့မလား"

"ဒါဖြင့် ငါတို့စားမယ့် အစားအသောက်တွေထဲကို တစ်စုံ တစ်ယောက်က ဆေးခပ်လိုက်တာပဲဖြစ်ရမယ်"

"ငါတို့ကို ဘာကြောင့် ဆေးခပ်မှာလဲကွာ"

"ဒါတော့ဘယ်သိနိုင်ပါ့မလဲ. . . ဒီစခန်းမှာ ငါတို့ကို လိုတဲ့ လူရှိသလို၊ မလိုတဲ့လူတွေလည်း ရှိချင်ရှိမှာပေါ့"

ဟု အချင်းချင်းစိတ်ထင်ရာပြောကြသည်။

"အဲဒါက အရေးမကြီးဘူး. . ဒီရောဂါဖြစ်ရင် ကုစရာ ဆေးမရှိဘူး"

"ဆေးမရှိဘူးဆိုတော့ သေရတော့မှာပေါ့နော်"

"အခုလည်း အသက်ရှင်ရက်နဲ့ ငရဲကျနေသလိုပဲ မ ဟုတ်လား. . . မြန်မြန်သေတော့လည်း အေးတာပေါ့ကွာ"

ဟု ဦးဇန်ကောင်းကပြောလိုက်တော့ အသံတိတ်သွား ကြလေသည်။

ထိုအခြေအနေကိုမြင်တော့ ဆေးမှူးကပြောသည်။

"သူတို့ကို တစ်နေရာမှာ ခွဲထားမှဖြစ်မယ်၊ အခုအချိန် ထိ ဒီရောဂါမျိုးကို ပျောက်အောင်ကုဖို့ ဆေးမရှိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com


ထိုသို့ပြောသည်နှင့် သံပချိုင်ကပင် ဦးဆောင်ပြီး ရောဂါ ဖြစ်နေသူများကို တောစပ်သို့ရွှေ့ထားလေသည်။

ထိုသို့ရွှေ့ထားရာမှာလည်း တောစပ်မှာရှိသော တဲ ဟောင်းတစ်လုံးထဲမှာ သွားပို့ထားခြင်းပင်ဖြစ်သည်။

လမ်းဖောက်နေသောစခန်းတွင် မကြာခဏ လူအသေ အပျောက် များနေသဖြင့် လူအင်အား လျော့နည်းနေပြီဖြစ်သော ကြောင့် မျက်နှာဖြူအရာရှိများမှာ စိတ်ညစ်နေရသည့် ကြားထဲ ရှိတဲ့လူများမှာ ရောဂါဆိုးက ထပ်ဝင်လာသောကြောင့် တစ်မူ ပေါ်နှစ်ပူဆင့်သကဲ့သို့ ဖြစ်နေကြသည်။

နီမောင်တို့ကို ရောဂါဆိုးများ ဝင်ရောက်စွဲကပ်သည်တို့ ကျိတ်ပြီးဝမ်းသာနေသူတော့ ရှိသည်။

စကားပြန် သံပချိုင်ပင်ဖြစ်၏။

သံပချိုင်က မာရီယာကို သဘောကျနေသည့်ဖြစ်ရာ သာမန်အလုပ်သမား နီမောင်ကို အရေးပေးဆက်ဆံနေသည်ကို သဘောမကျပေ။

ဖြစ်နိုင်ပါက နီမောင်ကို ထိုစခန်းတွင် မရှိစေလိုပေ။ ယခုတော့ သူ့ဆန္ဒ ပြည့်ဝပေတော့သည်။

ထိုရောဂါမျိုးဖြစ်လျှင် ဆေးမရှိသေးသောကြောင့်.. နီမောင်တို့အခြေအနေမှာ မျှော်လင့်ချက် မရှိတော့ပေ။

ထို့ကြောင့် ကျိတ်ပြီး ဝမ်းသာနေခြင်းဖြစ်၏။

နောက်ဆုံး ရောဂါဖြစ်နေကြသည့် နီမောင်တို့ကို တော စပ်မှာရှိသော တဲတစ်လုံးသို့ သွားပို့ပေးထားပြီး စောင့်ကြည့်ပေး



ည့်သူ မရှိပေ။

အစားအသောက်နှင့် ဆေးဝါးပို့ပေးဝံ့သူပင် မရှိပေ။

ထို့ကြောင့် ထိုကိစ္စကို မာရီယာတစ်ယောက်တည်းက င် ဒိုင်ခံလုပ်ပေးလေသည်။

ထိုအခါ သံပချိုင်က ပြောပြန်လေသည်။

"ဆရာမကလည်းဗျာ. . . ကူးစက်ရောဂါဖြစ်နေတဲ့ ရောဂါသည်တွေဆီ ဘာကြောင့်သွားရတာလဲ၊ တော်ကြာ ကိုယ့် ကူးစက်နေရင် မခက်ပါလား"

"ဆေးကုပေးတဲ့သူက ရောဂါဖြစ်နေတဲ့သူကို ကြောက် နေလို့ ဘယ်ဖြစ်ပါ့မလဲ"

"ကျုပ်က ဆရာမအတွက်စိုးရိမ်လို့ ပြောတာပါ. . . ကိုယ်တိုင်မလုပ်ပဲ တခြားသူခိုင်းရင်လည်း ရနိုင်ရက်သားနဲ့"

"ရှင့်လိုပဲ ကြောက်တတ်တဲ့သူတွေချည်းပဲ. . . ကျွန်မ ကို မသွားစေချင်ရင် ရှင်ကိုယ်တိုင်သွားပို့ပေးပါလား"

"ဟာဗျာ. . . ကျုပ်မှာ တခြားရေးကြီးတဲ့အလုပ်တွေ အများကြီးရှိပါတယ်၊ ဒီအလုပ်မျိုးတွေ မလုပ်ပေးနိုင်ပါဘူး"

ဟုပြောကာ မာရီယာအနီးမှ ပြန်ထွက်သွားလေသည်။

မာရီယာကတော့ သံပချိုင်အမူအရာကိုကြည့်ပြီး မဲ့ပြုံး ပြုံးလိုက်လေသည်။

တကယ်တော့ ရောဂါဖြစ်နေသော လူနာများကို မာရီ ယာကိုယ်တိုင် သွားရောက်ပြုစုနေသည်ကို အထက်အရာရှိများ က သဘောမကျသော်လည်း သူမကဲ့သို့ တခြားဘယ်သူမှမလုပ်



www.burmeseclassic.com

www.burmeseclassic.com

ပေးချင်ကြသောကြောင့် မပြောသာဘဲ ဒီအတိုင်းကြည့်နေကြခြင်းဖြစ်၏။

သူတို့စိတ်ထဲမှာတော့ ရောဂါဖြစ်နေသူများမှာ နောက်စခန်းတစ်ခုသို့ ရွှေ့ပြောင်းချိန်ရောက်သည့်တိုင် ရောဂါမပျောက်ပါက တောထဲ၌ ဒီအတိုင်းထားခဲ့ရန် စိတ်ကူးထားပြီးဖြစ်သောကြောင့် တစ်ချက်ကလေးမှပင် မကြည့်ကြတော့ပေ။





# အခန်း (၁၂)

# အန္တရာယ်စက်ကွင်းမှ ရုန်းထွက်ရခြင်း

ထိုနေ့က နံနက်လင်းသည်အထိ နှင်းမကွဲသေးပေ။

ပတ်ဝန်းကျင်တစ်ခုလုံး နှင်းများပိတ်နေသောကြောင့် တစ်နေရာနှင့် တစ်နေရာကိုပင် မမြင်ရပေ။

အလုပ်သမားများမှာ တစ်နေကုန်ပင်ပန်းထားသောကြောင့် အေးအေးနှင့်ကွေးနေကြသောအခါ သံချောင်းခေါက်သံကြားရသဖြင့် မထချင်ဘဲနှင့်ထကြရသည်။ သံချောင်းခေါက်



www.burmeseclassic.com

www.burmeseclassic.com

သံက အလုပ်သွားရန်အတွက် လူစုရန်အချက်ပေးသော သံချောင်းခေါက်သံပင် ဖြစ်သည်။

သို့သော်လည်း သူတို့ထင်သလိုမဟုတ်ပေ။

သံချောင်းခေါက်သံများအပြင် ဝီစီမှုတ်သံများပါ ကြားရလေသည်။

ထိုအသံများမှာ မကြာခဏကြားရသော အသံမျိုးဖြစ်သည်။ ဂျပန်တပ်များက လာရောက်ပစ်ခတ်လျှင်လည်း ကြားရသည်။ အလုပ်သမားများ ထွက်ပြေးလျှင်လည်း ထိုကဲ့သို့ အချက်ပေးသံများ ကြားရလေ့ရှိသည်။

သူတို့အတွက် မဆန်းတော့ပေ။

ယခု လေယာဉ်ပျံသံများ၊ စက်သေနတ်သံ၊ ဗုံးသံ၊ အမြောက်သံများ မကြားရသောကြောင့် အလုပ်သမားများထွက်ပြေးခြင်းကြောင့်သာဖြစ်မည်ဟု ခန့်မှန်းကြသည်။

အချို့ ဒေသခံအတော်များများမှာ မလိုက်ချင်ဘဲ အတင်းအဓမ္မခေါ်လာသောကြောင့်သာ လိုက်ခဲ့ရသူများဖြစ်သည်။

၎င်းတို့အတွက် ရွှေမလို၊ ငွေမလိုဘဲ မိမိတို့အရပ်ဒေသ၌ပင် မရှိရှိတာ ရှာဖွေစားသောက်ပြီး အေးအေးချမ်းချမ်းနေလိုကြသူများ ဖြစ်၏။

မျက်နှာဖြူများပေးသောငွေကိုလည်း မလိုချင်၊ သူတို့ကျွေးသော ငါးသေတ္တာနှင့် နို့ဆီဘူးကိုလည်း မစားချင်ကြပေ။

ပဲပုပ်နှင့်ဆန်ကြမ်းစားပြီး အေးအေးနေချင်ကြသူများဖြစ်သည်။

☺ အောင်မြင်စာပေ ☺



ထိုသူများကို အတင်းအဓမ္မခေါ်လာသောအခါ အခွင့်အရေးရသည်နှင့် ထွက်ပြေးကြသည်။

လွတ်မြောက်သွားသူတွေလည်းရှိသည်။

ပြန်ဖမ်းမိသူများလည်းရှိသည်။

တစ်ခုတော့ရှိသည်။

မျက်နှာဖြူများက ဂျပန်များလောက်တော့ မရက်စက်ကြပေ။

ဂျပန်များက ထိုသို့ထွက်ပြေးသူများအား ပြန်ဖမ်းမိပါက ခေါင်းပူနှင့်လောင်း၊ လက်သည်းခွံခွာသည့်အပြင် သတ်ပစ်ကြသည်။

မျက်နှာဖြူစခန်းမှာတော့ ထွက်ပြေးသူများကို ပြန်ဖမ်းမိလျှင် အချုပ်အနှောင်ဖြင့်ထားပြီး ကြမ်းတမ်းသောအလုပ်များ ဆောင်ခိုင်းခြင်း ခံကြရသည်။

ယခုလည်း အလုပ်သမားအချို့ ထွက်ပြေးသွားသောကြောင့် စခန်းတစ်ခုလုံး ဆူဆူညံညံဖြစ်နေကြသည်။

ထွက်ပြေးသူများမှာ အခြားမဟုတ်ပေ။

ကူးစက်ရောဂါများရနေသဖြင့် . . တောစပ်တွင် တဲကောင်းတစ်လုံးထဲမှာထားသော နီမောင်တို့ပင်ဖြစ်သည်။

စုစုပေါင်း (၁၅)ယောက် ရှိသည်။

ကူးစက်ရောဂါများ ရနေသဖြင့် မလှုပ်ရှားနိုင်ကြသည့်သူများ ယခုကဲ့သို့ ထွက်ပြေးသွားကြသဖြင့် အံ့သြနေကြလေသည်၊

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ထို့ထက်ပိုပြီး အံ့သြစရာကောင်းသည်က လူနာများကို ပြုစုပေးနေသည့် မာရီယာပါ ပျောက်နေခြင်းပင်ဖြစ်ပေသည်။

"ဒီလိုရောဂါရသူတွေက ဒီလိုထွက်ပြေးနိုင်ပါ့မလား"

"သူတို့ပြေးရင်လည်း ဝေးဝေးပြေးနိုင်မယ် မထင်ဘူး"

"ဒါထက် မာရီယာ ဘယ်ရောက်သွားပြီလဲ"

"သူတို့ အတင်းအဓမ္မ ဖမ်းခေါ်သွားကြတာလား"

"ဒီလိုဆိုရင်တော့ သူတို့နောက်ကို အမြန်လိုက်မှ ဖြစ်မယ်"

"တစ်ခုစဉ်းစားမိတယ်. . . ဒီလူတွေက တကယ်ရောဂါဖြစ်တာရော ဟုတ်ရဲ့လား"

"ဆေးမှူးတွေ စစ်ကြည့်တော့ ရောဂါဖြစ်နေတာ အမှန်ပဲလို့ ပြောတယ်"

"ဒီလို ကူးစက်တတ်တဲ့ရောဂါဖြစ်ရင် ဆေးမှူးတွေ၊ ဆရာဝန် တွေက အနားမကပ်ချင်ကြဘူး၊ သူတို့ထွက်ပြေးချင်လို့ တမင်ဉာဏ် ဆင်ကြတာလားမသိဘူး"

"ဒါထက်ပိုပြီး အရေးကြီးတာက သူနာပြုဆရာမ မာရီယာပါ ပါသွားတာပဲ။ ဒီလူတွေ ဓားစာခံအဖြစ် ခေါ်သွားတယ်ဆိုရင်တော့ အခက်ပဲ"

"ဒီအတိုင်းကြည့်နေလို့တော့ ဘယ်ဖြစ်ပါ့မလဲ. . . သူတို့ ဝေးဝေးမရောက်ခင် အမြန်လိုက်ရှာကြမှ ဖြစ်မှာပေါ့"

ဟုပြောဆိုတိုင်ပင်ကာ ထိုနေရာဒေသများကို နယ်မြေကျွမ်းကျင်သော သံပချိုင်ကိုပင် ခေါင်းဆောင်အဖြစ်ထားကာ





ခေါ်ရခါးစစ်သားများနှင့်အတူ စေလွှတ်လိုက်လေတော့သည်။

သူတို့နောက်မှလိုက်ကြသောအချိန်မှာပင် ရွှေမှထွက်ပြေးသွားသော နီမောင်တို့အဖွဲ့မှာ ခရီးအတော်ဝေးဝေးသို့ ရောက်သွားကြပြီဖြစ်သည်။

၎င်းတို့သည် လီဒိုလမ်းကြီးနှင့် ဝေးနိုင်သမျှ ဝေးဝေး ရောက်အောင် ဆန့်ကျင်ဘက်နေရာများသို့ ပြေးကြခြင်းဖြစ်သည်။

ရန်သူများနှင့်အတော်ဝေးသောနေရာရောက်တော့မှ ချောက်ဂူတစ်ဂူအတွင်းမှာ ဝင်ရောက်နားကြသည်။

သူတို့အဖွဲ့မှာ နီမောင်၊ စောထီး၊ ငမဲအောင်၊ ဦးဝန်ကောင်းတို့အပြင် သူတို့နှင့်အတူပါလာသော ရွာသားများလည်း ပါလာကြလေသည်။

ထို့ပြင် သူတို့နှင့်ခင်မင်ရင်းနှီးနေသော နာဂအချို့လည်း ပါလာသည်။

ထိုအထဲတွင် အသက်အကြီးဆုံး နာဂတစ်ယောက်လည်း ပါလာသည်။ ထိုသူ၏အမည်မှာ ဇာလာဟီး ဖြစ်သည်။

ဇာလာဟီးမှာ အသက်ငါးဆယ်ခန့်ရှိပြီး ယခင်က နာဂအကြီးအကဲတစ်ဦးဖြစ်သည်။

သူသည် တောင်တန်းများပေါ်မှာ နှစ်ပေါင်းများစွာနေခဲ့ဖူးသောကြောင့် တောကျွမ်းသူတစ်ဦးဖြစ်သည်။

သူပါလာသောကြောင့် လမ်းခရီးသွားရသည်မှာ ခရီးတွင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ စားစရာအချို့ပါလာသောကြောင့် ဂူထဲရောက်သောအခါ ဝေငှစားသောက်ကြသည်။

သူတို့နှင့်အတူ မာရိယာပါလာသောကြောင့် သူမအတွက် ငဲ့ညှာနေသောကြောင့် ယခုလောက်သာ ခရီးပေါက်ခဲ့ခြင်းဖြစ်သည်။

ယောကျ်ားများချည်းဆိုပါက ထို့ထက်ခရီးပေါက်နိုင်ပေမည်။

ဂူထဲရောက်တော့ ဦးဗန်ကောင်းက ပြောသည်။

"မင်းတို့ကိုယ်ပေါ်မှာ ပေါ်နေတဲ့ အနီကွက်တွေတော့ ဆေးသောက်ရင် ပျောက်သွားမှာပါ"

"အဘာပေးတဲ့ဆေးကလည်း သောက်လိုက်တာနဲ့ ချက်ချင်း အနီကွက်တွေ၊ အဖုလုံးတွေထွက်လာပြီး ကူးစက်ရောဂါသည်ဘဝ ရောက်သွားတော့တာပဲ၊ ဘယ်လိုဆေးမျိုးလဲ"

"အဆိပ်ဆေးတစ်မျိုးပါပဲ၊ ဒီအဆိပ်မျိုးက များရင်တော့ အသက်သေစေနိုင်ပေမယ့် နည်းနည်းသောက်ရင်တော့ အခုလိုပဲ အနီကွက်တွေ၊ အဖုအပိမ့်တွေ ထွက်လာရုံပါပဲ"

"ဒါပေမယ့် ရုတ်တရက်ကြည့်ရင်တော့ တကယ့်ကူးစက်ရောဂါသည်တွေအတိုင်း ဖြစ်သွားတာကတော့ အံ့ဩစရာပဲ"

"ဒါကြောင့်လည်း မျက်နှာဖြူတွေ မျက်စိလည်သွားတာကြောင့် ငါတို့အတွက် အခွင့်အရေး ရခဲ့တာပေါ့"

"အခုလို အခွင့်အရေးရအောင် အကြံပေးခဲ့တဲ့ ယော





ဒ်နီးကလေးကိုလည်း ကျေးဇူးတင်ရမှာပဲ၊ သူ အကြံဉာဏ် ပေးခဲ့တာကြောင့် အခုလိုအထမြောက်ခဲ့တာပဲ"

ဟု ဦးဗန်ကောင်းက ပြောရာ အားလုံးက မာရိယာကို ကျေးဇူးတင်သောအကြည့်ဖြင့် ဝိုင်းကြည့်ကြလေသည်။

"ကျွန်မကို ဒီလောက်ကျေးဇူးတင်စရာ မလိုပါဘူး၊ တကယ်တော့ ကျွန်မကိုယ်တိုင်ကလည်း အဲဒီမှာ မနေချင်တော့လို့ အခုလို စွန့်စားရတာပါပဲ တကယ်တော့ ကျွန်မကလည်း အားလုံးကို ပြန်ပြီးကျေးဇူးတင်ရမှာပါပဲ"

ဟု ပြောလေသည်။

ထို့နောက်မှာတော့ ဦးဗန်ကောင်းက သူတို့အားလုံးကို အဆိပ်ဖြေဆေး တိုက်ပေးသောအခါမှ နေသာထိုင်သာ ရှိသွားကြတော့သည်။

"မျက်နှာဖြူတွေကတော့ ငါတို့ရဲ့အကြံအစည်ကို ရိပ်မိသွားရင် နေမှာမဟုတ်ဘူး၊ နောက်က လိုက်ရှာကြမှာ အသေအချာပဲ"

"လိုက်လာဝံ့ရင် လိုက်လာပေစေပေါ့၊ ဒီလိုနေရာမျိုးတွေကို ကျွမ်းကျင်တဲ့လမ်းပြမပါဘဲနဲ့ လိုက်လာကြလို့ကတော့ ကျိုးသေတွင်း ကိုယ်တူးသလိုဖြစ်မှာပဲ"

ဟု သူတို့နှင့်အတူပါလာသော နာဂအချို့ကြိမ်းမောင်းကြသည်။

"ငါတို့တစ်တွေ ဘယ်လိုလုပ်ကြမလဲ"

"သူတို့လက်ထဲတော့ ဘယ်နည်းနဲ့မှ ပြန်အရောက်မခံ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူး၊ မိရင်လည်း နှိပ်စက်ကြမှာပဲ"

"ဒါဆိုရင် ရွာကိုပြန်လို့လည်းဖြစ်မှာမဟုတ်သေးဘူး တော်ကြာ ရွာမှာပြန်မိရင် ကျန်တဲ့လူတွေပါ ဒုက္ခရောက်ကြလိမ့်မယ်"

ထိုအခါ သူတို့နှင့်ပါလာသော နာဂအချို့ကပြောသည်။

"ကျုပ်တို့ကတော့ ရွာပြန်ပြီး မိသားစုတွေပြန်ခေါ်မယ် ပြီးရင် သူတို့နဲ့ဝေးတဲ့နေရာမှာပဲ နေတော့မယ်"

"ပြန်မယ်ဆိုရင်လည်း အခုတော့ချက်ချင်း မပြန်ကြနဲ့ဦး တော်ကြာ သူတို့လိုက်လာတာနဲ့ လမ်းမှာတွေ့နေရင် ခက်လိမ့်မယ်"

"ကျုပ်တို့က အဲဒီလူတွေကို သတ်ပစ်ချင်နေတာ ကျုပ်တို့နေတဲ့နေရာကို သက်သက်လာပြီး နှောင့်ယှက်နေကြတယ်"

"ဒီလောက် ဒေါသကြီးမနေပါနဲ့ကွာ၊ သူတို့က မင်းတို့ တစ်နေရာတည်း နှောင့်ယှက်တာမဟုတ်ပါဘူး၊ တစ်ပြည်လုံးကို နှောင့်ယှက်နေကြတာပါ"

"ဒါထက် လောလောဆယ် ဘယ်နေရာမှာ သွားနေရင် သင့်မလဲ"

ထိုအခါ နာဂကြီး ဇာလာဟီး က ဝင်ပြောသည်။

"ငါ့မှာ အကြံတစ်ခုရှိတယ်"

"ဘယ်လိုအကြံမျိုးလဲ"

"ဒီတောင်တန်းပေါ်မှာ ငါတို့အတွက် လုံခြုံတဲ့နေရာ တစ်ခုရှိတယ်"





"ဘယ်နေရာလဲ"

"မရဏလိုဏ်ဂူ"

"မရဏလိုဏ်ဂူဆိုတာ ဘယ်နေရာမှာရှိတာလဲ"

"ဟိုတလောက ချွေးတပ်သားလာရှာတဲ့ စကားပြန်နဲ့ ဗေါ်ရခါးစစ်သားတွေ အစအနပျောက်သွားတဲ့နေရာပဲ"

ထိုစကားကြောင့် ကျန်လူများမှာ မျက်လုံးပြူးသွားကြသည်။

ထိုသတင်းက ထိုနယ်တစ်ဝိုက်မှာ နေကြသူတိုင်း ကြားဖူးသောသတင်း ဖြစ်သည်။

အတော်များများမှာလည်း ထိုဂူအကြောင်းကို သိကြလေသည်။

"ဒီလောက်ကြောက်စရာကောင်းတဲ့ ဂူထဲကို ကျုပ်တို့သွားလို့ရော ဟန်ကျပါ့မလား"

"ကိစ္စမရှိပါဘူးလေ. .၊ ဒီနေရာအကြောင်းကို ကျုပ်ကောင်းကောင်းသိပါတယ်၊ ကျုပ်ပါရင် ဘာမှအန္တရာယ်မရှိစေရဘူး"

ဟု ဇာလာဟီး က အာမခံသည်။

ထို့ကြောင့် ကျန်လူများကလည်း ထိုနေရာသို့ သွားကြသဘောတူကြလေသည်။

"အဲဒီဂူထဲမှာ ဘယ်လိုအန္တရာယ်မျိုးရှိတာလဲ"

ထိုနေရာအကြောင်းကို မသိသေးသူ တစ်ယောက်က မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြွက်တွေ"

ဇာလာဟီးက ခပ်တိုတိုပင် ပြန်ဖြေလိုက်သည်။

"ကြွက်က ဒီလောက်ကြောက်စရာကောင်းသလား"

"ဟိုရောက်တော့ မင်းမြင်လိမ့်မယ်"

ထိုလူလည်း ထပ်မမေးတော့ပေ။

ဇာလာဟီ က ဆက်ပြောပြသည်။

"ဟိုနေရာရောက်ရင် စိတ်ဝင်စားစရာကောင်းတာ အများကြီးရှိတယ်"

"ဘယ်လိုစိတ်ဝင်စားစရာတွေလဲ"

"ဟိုရောက်တော့ သိလိမ့်မယ်"

ဇာလာဟီးက စကားကို တိုတိုတောင်းတောင်း ပြော တတ်သူမို့ ဆက်မမေးတော့ပေ။

"ဒီနေရာကို ဘာကြောင့် ခေါ်သွားတာလဲဆိုတော့ ခင်ဗျားတို့ကို ကျေးဇူးဆပ်ချင်လို့ပါ။ ခင်ဗျားတို့က ကျုပ်တို့ကို မျက်နှာ ဖြူစင်သားတွေလက်က လွတ်အောင် လုပ်ပေးကြတယ်၊ ဒီအ တွက် သိပ်ပြီးကျေးဇူးတင်ပါတယ်"

ဇာလာဟီးက သူ့စိတ်ထဲမှာရှိသည့်အတိုင်း ပြောနေမှန်း သိသဖြင့် ဘယ်သူကမှ ဘာမှဝင်မပြောကြပေ။

"ဒါကြောင့် ကျေးဇူးဆပ်ချင်တာပါ. . . မကြာခင်မှာ ကျုပ်ရွာသားတွေ၊ မိသားစုတွေနဲ့ ပြန်တွေ့မှာမို့လည်း သိပ်ပြီး ဝမ်းသာနေတယ်၊ ဒါကြောင့် မရဏလိုဏ်ဂူကို ခေါ်သွားဖို့ ဆုံး ဖြတ်ခဲ့တာပါ"





ဟုပြောသည်။

သူ ကျေးဇူးဆပ်ပုံမှာ အန္တရာယ်များသော မရဏ လိုဏ်ဂူသို့ ခေါ်သွားခြင်းဖြစ်ရာ မပြန်လမ်းပို့သလို ဖြစ်လေမ လားဟုပင် တွေးမိကြသေးသည်။

"အဲဒီဂူထဲကို အချက်မသိဘဲနဲ့ဝင်လို့မရပါဘူး၊ မျက်နှာ ဖြူစင်သားတွေ ရောက်လာတုန်းက. . တမင် အဲသည်ဂူထဲကို လိုက်ပို့ပေးလိုက်လို့ သေကုန်ကြတာပါ"

ထိုအခါမှ ဇာလာဟီး လက်ချက်မှန်း သိကြရသည်။

"ဒီဂူထဲကိုဝင်တဲ့ လျှို့ဝှက်ချက်ကို ကျုပ်တစ်ယောက်ပဲ သိပါတယ်၊ နောက်ပြီး ဂူထဲမှာ ကြောက်စရာကောင်းတဲ့ သတ္တဝါ တွေရှိသလို လူတွေမက်မောတာတွေလည်း ရှိတယ်"

"ဘာတွေလဲ"

"ရွှေတုံးတွေ"

"ဟင်. . . ရွှေတုံးတွေက ဘယ်မှာရှိတာလဲ"

"ဂူအတွင်းမှာရှိတာပါ၊ ဒါပေမယ့် သူတို့က ခွင့်မပေးရင် ဝင်ယူလို့မရပါဘူး"

"သူတို့ဆိုတာ ဘယ်သူတွေလဲဟင်"

"ကြွက်တွေပါပဲ၊ ရွှေတုံးတွေကို ကြွက်တွေကစောင့် ရှောက်နေကြတာ"

ထိုစကားကြားသောအခါ များစွာအံ့ဩသွားကြလေ သည်။ ထို့နောက်မှာတော့ ပါလာသော အစားအသောက်အချို့ ကို ဝေမျှစားသောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ကိုယ်လုံး အနီကွက်များ၊ အဖုအပိမ့်များထစေသော အဆိပ်ရည်အစွမ်းမှာလည်း ဦးဇန်ကောင်းက အဆိပ်ဖြေဆေးတိုက်ထားပြီးဖြစ်သောကြောင့် သက်သာရာရနေကြသည်။

သို့ကြောင့် ၎တရေးတမောအိပ်ကာ နားကြလေသည်။ ထိုသို့နားနေကြရင်းမှာပင် အတော်ဝေးဝေးနေရာမှ သေနတ်သံများ ကျောက်မိုင်းခွဲသံများကို သဲ့သဲ့ကြားရသည်။

သူတို့ရောက်နေသော နေရာနှင့်အတော်ဝေးနေသောကြောင့် စိတ်ပူစရာတော့ မရှိကြပေ။

အခြားသူများ နားနေကြသောအချိန်တွင် နီမောင်နှင့် မာရီယာက တစ်နေရာမှာထိုင်ပြီး စကားပြောနေကြသည်။

"အတော်ပင်ပန်းနေပြီလား ဆရာမ"

"ကျွန်မကို ဆရာမလို့ မခေါ်ပါနဲ့တော့ ကိုနီမောင်ရယ် မာရီယာလို့ပဲခေါ်ပါ"

နီမောင်က တစ်ချက်ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပါပြီ. . . မာရီယာ ခေါ်စေချင်သလိုပဲ ခေါ်ပါ့မယ်၊ တောထဲမှာ ခရီးကြမ်းလာခဲ့ရလို့ အတော်ပင်ပန်းနေပြီလား"

"ပင်ပန်းတယ်ဆိုပေမယ့် စိတ်ချမ်းသာပါတယ်၊ မနေချင်တဲ့လူတွေနဲ့ အတူနေရတာနဲ့စာရင် အခုလို နေရတာကပိုပြီး စိတ်ချမ်းသာပါတယ်"

"အခု သူတို့လက်က လွတ်မြောက်လာပြီဆိုတော့ ဘယ်လိုဆက်လုပ်မလဲဟင်"





"အခုတော့ ဘာမှလုပ်လို့ရမှာ မဟုတ်သေးဘူး၊ အခွင့်အရေးရရင်တော့ ကျွန်မမိဘတွေရှိတဲ့ အိန္ဒိယ ပြန်ရမှာပေါ့၊ ကျွန်မမှာ အလုပ်လုပ်ပြီးစုထားတဲ့ ငွေနည်းနည်းပါလာပါတယ်"

ဟုပြောသည်။

"ဒီနေရာကနေ အိန္ဒိယကို သွားမယ်ဆိုရင် နှစ်လမ်းပဲရှိတယ်၊ ပြည်မဘက်ရောက်အောင်သွားပြီး သင်္ဘောနဲ့ သွားချင်သွား၊ ဒါမှမဟုတ်ရင်တော့ လီဒိုလမ်းပေါ်မှာ သွားနေတဲ့ ကားကြုံနဲ့ပြီး လိုက်သွားရင် ရတယ်"

"အဲဒီကိုသွားရင် သူတို့ ပြန်တွေ့သွားမှာပေါ့"

"ဒီလိုဆိုရင်လည်း အခြေအနေအေးတော့မှပဲ သင်္ဘောစီးစဉ်နဲ့ပြန်ပေါ့၊ ဒီအတောအတွင်းတော့ ကျွန်တော်တို့ဆီမှာပဲ နေနိုင်ပါတယ်. . . အားနာစရာ ဘာမှမရှိဘူး"

"ကျွန်မအတွက် ကိုနီမောင်တို့ တာဝန်များပိုနေမလား"

"မပိုပါဘူး၊ မာရီယာသာနေမယ်ဆိုရင် ပျော်သလောက်ရှားနိုင်ပါတယ်"

ထိုစကားကြောင့် မာရီယာမျက်နှာပေါ်မှာ အပြုံးတစ်ချက် ပေါ်သွားလေသည်။

"ကျွန်မကို လက်ခံထားတယ်ဆိုပေမယ့်၊ ပြောမယ့်ဆိုမယ့်သူတွေရှိနေရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

"ကျွန်တော့်မှာ အဖေနဲ့အမေပဲရှိပါတယ်. . မာရီယာနေချင် တစ်သက်လုံးနေနိုင်ပါတယ်"

ထိုစကားကြောင့် မာရီယာမျက်နှာပေါ်မှာ ပန်းနုရောင်



www.burmeseclassic.com

www.burmeseclassic.com



သ[illegible]သွားလေသည်။

သို့သော်လည်း ထွေထွေထူးထူးတော့ ဘာမှပြန်မပြောဘဲ အခြားအကြောင်းများသာ ပြောနေတော့သည်။





# အခန်း (၁၃)

# မရဏတမန်များနှင့်အပေးအယူ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ သေနတ်သံများနှင့် ဆူဆူညံညံအသံများကို စတင်ကြားလာရသည်။ ထိုအသံများကို ကြားရသဖြင့် ခြေရာလက်ရာများကို ဖျောက်ဖျက်ကာ ဂူအတွင်းပိုင်းသို့ ဝင်နေကြသည်။

မီးဖိုမထားသောကြောင့် ခြေရာလက်ရာကတော့ ဘာမှမရှိပေ။



www.burmeseclassic.com

ဆူညံသံများ ကြားရသောကြောင့် မာရီယာကတော့ သိပ်လန့်နေဟန်ရှိသည်။

အသံများမှာ ဂူပေါက်ဝနှင့် အတော်နီးနီးနေရာသို့ ရောက်လာလေသည်။

ဂေါ်ရခါးစစ်သား(၁၅)ယောက်နှင့် သံပချိုင်တို့ပင်ဖြစ်သည်။ သူတို့သည် စခန်းမှ နီမောင်တို့ ထွက်ပြေးသွားသောကြောင့် ပိုက်စိပ်တိုက်ကာ လိုက်လံရှာဖွေနေကြခြင်းဖြစ်သည်။

နီမောင်တို့အလုပ်သမားချည်း မဟုတ်ဘဲ သူနာပြု မာရီယာပါ ပါသွားသောကြောင့် တရကြမ်းလိုက်လံရှာဖွေနေကြခြင်း ဖြစ်သည်။

ဂူပေါက်ဝရောက်သောအခါ ဂေါ်ရခါးစစ်သားတစ်ယောက်က မေးသည်။

"ဒီဂူထဲ ဝင်ရှာကြည့်ရမလား"

သံပချိုင်က လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်သည်။ မီးဖိုထားသောနေရာပင် မတွေ့ရသဖြင့် ထိုဂူထဲမှာ လူမရှိနိုင်ဟု ထင်ပြီး အခြားနေရာသို့ ထွက်သွားကြသည်။

"သူတို့နေခဲ့တဲ့ရွာတွေဘက်ကို ပြန်ပြေးကြတာဖြစ်ရမယ်၊ အဲဒီရွာတွေဘက် သွားရှာကြမယ်"

ဟု ပြောဆိုကာ ထိုနေရာမှ ထွက်သွားကြလေသည်။

နီမောင်တို့တစ်တွေလည်း ဂူအတွင်းမှာ အချိန်အတော်ကြာအောင် ခိုအောင်းနေကြပြီး နောက်ထပ်ဘာသံမှထပ်မကြားရတော့မှ နာဂတစ်ယောက်ကို အပြင်ထွက်ကာ အခြေအနေ





ကြည့်ခိုင်းသည်။

ထိုနာဂက သစ်ပင်ပေါ်တက်ကြည့်ပြီး ဘာမှမတွေ့ရတော့မှ ပြန်ဆင်းလာပြီး အခြေအနေပြောပြသည်။

အခြေအနေကောင်းကြောင်းသိရတော့မှ ဂူအတွင်းမှ ထွက်ခဲ့ကြပြီး မရဏလိုဏ်ဂူရှိရာဘက်သို့ သွားကြလေသည်။

တစ်နေရာရောက်သောအခါ သစ်ပင်တစ်ပင်အောက်မှာ သွေးစက်များတွေ့ရပြီး ယင်မမည်းရိုင်းများ အုံနေလေသည်။

ထိုနေရာနှင့် မနီးမဝေးတွင် ပန်ချာပီစစ်သားတစ်ယောက် အလောင်းကိုပါ တွေ့ရသည်။

အလောင်းမှာ ရှည်မျောမျောကြီးဖြစ်နေပြီး တစ်ကိုယ်လုံး သွေးမရှိတော့ပေ။

ထိုအခါ နာဂတစ်ယောက်က သစ်ပင်ကြီးမော့ကြည့်ပြီး ပြောသည်။

"ဒီနေရာက အမြန်သွားကြရမယ်"

"ဘယ်လိုအန္တရာယ်မျိုးရှိနေလို့လဲ"

"ဟိုဘက်နားရောက်မှပြောမယ်"

ထိုသို့ပြောပြီး ထိုနေရာမှ ထွက်လာရုံပင်ရှိသေးသည်။ သစ်ပင်ပေါ်မှ နွယ်လိပ်ကြီးများ လျှောဆင်းလာလေတော့သည်။

"အမြန်လာကြ၊ အမြန်ပြေးကြ"

ဟုပြောရင်းမှပင် နှေးကွေးနေသော မာရီယာကို နွယ်ပတ် ခြင်းခံလိုက်ရသည်။

"အမယ်လေး လုပ်ကြပါဦး"

www.burmeseclassic.com



နွယ်ကြီးက မမိမကမ်းဖြင့် လှမ်းပတ်လိုက်သောကြောင့် လက်တစ်ဖက်သာ ပတ်မိသွားခြင်းဖြစ်ရာ နီမောင်က ကပျာကယာ ပြေးသွားပြီး ဓားဖြင့်ခုတ်ဖြတ်လိုက်တော့မှ လွတ်သွားလေသည်။

ထိုနေရာမှ အမြန်ပြေးကြရပြီး မနီးမဝေးနေရာရောက်မှ ပြန်လှည့်ကြည့်သောအခါ တလူးလူးတလွန့်လွန့်နှင့် လှုပ်ယမ်းနေသော နွယ်ရှင်ကြီးများကို အသည်းယားဖွယ်ရာတွေ့မြင်ရသည်။

လူများ သစ်ပင်အောက်မရောက်လာခင်က အပင်ပေါ်မှာ အခွေလိုက် အလိပ်လိုက်ရှိနေပြီး လူများရောက်လာပြီး သွေးနံ့ရတော့မှ ဖျာလိပ်ကြီးများ ဖြည်ချလိုက်သကဲ့သို့ လျှောဆင်းလာခြင်းဖြစ်သည်။

ယင်းနွယ်လက်တံများမှာ ဂုံညင်းနွယ်များနှင့် ပုံသဏ္ဍာန်တူပြီး ပတ်မိလျှင် ရုတ်တရက် မလွတ်တော့ပေ။ သစ်ပင်အောက်ရောက်လာသော လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ ပတ်မိပါက သစ်ပင်ပေါ်သို့ ယူသွားပြီး သွေးစုပ်ယူကြသည်။

တစ်ကိုယ်လုံး သွေးကုန်တော့မှ အောက်သို့ ဖြည်ချလိုက်တော့သည်။

ထိုသစ်ပင်မျိုးကို သွေးစုပ်နွယ်ရှင်ပင်ဟု ခေါ်ကြသည်။ တိရစ္ဆာန်များနှင့် ဒေသခံများက များစွာကြောက်ရွံ့ကြသည်။ ထိုသစ်ပင်အောက်တွင် သွေးစက်များ၊ အရိုးများကျနေရာ သွေးကြိုက်သော မျှော့၊ ကျွတ်၊ ဖူရိုကောင်များ ဝိုင်းအုံနေတတ်သည်။





မျှော့က မူလကသေးသော်လည်း သွေးစုပ်ပြီးပါက အပြားကြီးဖြစ်လာသည်။

ကျွတ်က အပ်ချောင်းခန့် ရှိသော်လည်း သွေးဝလျှင် တဖြည်းဖြည်း ကြီးလာသည်။

ဖူရိုကောင်ကတော့ ဖြုတ်လောက်သာ ရှိသည်။

သွေးဝလျှင် အကောင်ကအလုံးကြီးပြီး နီရဲလာသည်။ ဖူရိုကောင်ကို လှော်စားလျှင် ဆေးဖက်ဝင်သည်ဟု ထင်သောကြောင့် ဒေသခံများက မီးဖြင့်လှော်စားကြသည်။

သူတို့အုပ်စု ထိုနေရာမှလွတ်အောင် ထွက်ပြေးလာနိုင်ကြသော်လည်း ခြေထောက်မှာကပ်ပါလာသော ကျွတ်နှင့်ဖူရိုကောင်များကိုတော့ အချိန်အတော်ကြာအောင် ခွာပစ်ကြရသည်။

ထို့နောက်တွင်မှ ခရီးဆက်ကြလေသည်။

သူတို့သည် ဂေါ်ရခါးစစ်သားများ အန္တရာယ်ကို သတိထားပြီး တဖြည်းဖြည်းသွားနေရသောကြောင့် ခရီးမတွင်ကြပေ။

လမ်းတစ်လျှောက်လုံးမှာလည်း စားသောက်၍ရသော အသီးအရွက်များကို ခူးဆွတ်စားသောက်ကြသည့်အပြင် သစ်ခေါင်းပျားရည်များ ဖွပ်ပြီးစားကြရလေသည်။

သစ်ခေါင်းပျားများမှာ နိမ့်သော သစ်ပင်အခေါင်းများ အတွင်းမှာရှိနေတတ်ပြီး မီးခိုးငွေ့ပေးပြီး ဖွပ်ရုံဖြင့် ပျားရည်ရလေသည်။

အများအားဖြင့်တော့ တောထဲမှာရှိသော အသီးအနှံ



www.burmeseclassic.com

www.burmeseclassic.com



များကိုသာ အားပြုစားသောက်ကြလေသည်။

တစ်နေရာရောက်သောအခါ ဝက်ဝံညိုကြီးတစ်ကောင် တွေ့ရသဖြင့် တစ်နေရာမှ ပုန်းအောင်းပြီး အခြေအနေကြည့်ကြလေသည်။

ဝက်ဝံညိုကြီးက တောင်ပိန္နဲပင်ကြီးတစ်ပင်ခြေရင်းကို လက်သည်းချွန်ကြီးများဖြင့် တူးနေလေသည်။

အတန်ကြာအောင်တူးမိသောအခါ ပင်စည်မှာ မသီးဘဲ မြေအောက်အမြစ်မှာသီးနေသော ပိန္နဲသီးကြီးပေါ်လာသဖြင့် စားသောက်ပြီး ထိုနေရာမှ ထွက်သွားလေတော့သည်။

၎င်းက တစ်ဝက်သာစားပြီး . . အချို့ကို ထားခဲ့သောကြောင့် စားကြရသည်။

ထိုပိန္နဲသီးမှာ မြေအောက်မှာ ဖုက်သီးသော အသီးမျိုးဖြစ်ပြီး အရသာပိုရှိသည်။

အချို့က နတ်ဖုက်သီးဟု ခေါ်ကြသည်။

ထိုအသီးမျိုးသီးပါက မြေကြီးက တဖြည်းဖြည်းပွတက်လာကာ ပိန္နဲသီးရနံ့ထွက်လာသည်။

ယင်ကောင်၊ ပျားနှင့် အခြားတိရစ္ဆာန်များက ရနံ့ထွက်သော နေရာသို့ လာအုံနေတတ်သည်။

မသိသူများကတော့ အပင်ပေါ်မှာ အသီးတွေ့လျှင် ခူးသွားကြပြီး မတွေ့လျှင်ကျော်သွားကြသည်။

အကြောင်းသိသူများကတော့ မြေအောက်မှာမှည့်ဝင်းနေသော နတ်ဖုက်သီးကို တူးဖော်ယူကြသည်။





ဝက်ဝံများကတော့ နတ်ဖုက်သီးမရှိမှ အပင်ပေါ်မှ အသီးကို ရှာဖွေစားသောက်ကြပြီး နတ်ဖုက်သီးရှိပါက အပင်ပေါ် မတက်ကြတော့ပေ။

အဘယ့်ကြောင့်ဆိုသော် . . .

မြေအောက်မှာသီးသော အသီးမျိုးက ပိုချိုပြီးပိုပြီးလည်း အရသာရှိသောကြောင့် ဖြစ်သည်။

ထိုပိန္နဲသီးရသဖြင့် သူတို့အတွက် အတော်အဆင်ပြေသွားကြရာ စားသောက်ပြီးမှ ထိုနေရာမှ ခရီးဆက်သွားကြသည်။

ညနေပိုင်းအချိန် ရောက်သောအခါ ဂူပေါက်ဝသို့ ရောက်သွားကြလေသည်။

ဂူမှာ အတော်ကြီးပြီး မြင်ရုံနှင့် ကြောက်စရာကောင်းလှလေသည်။

ဘေးတစ်ဖက်တစ်ချက် ကျောက်တောင်နံရံများရှိပြီး ဂူပေါက်ဝက အလယ်နေရာလောက်တွင် ရှိသည်။ ဂူပေါက်နှင့် အနီးတစ်ဝိုက်တွင် တွင်းပေါက်ပေါင်း မြောက်မြားစွာရှိပြီး သစ်ပင်ချုံနွယ်များ အုပ်နေသောကြောင့်သာ မမြင်နိုင်ခြင်းဖြစ်လေသည်။

ဇာလာဟီးက မရဏလိုဏ်ဂူဟု အမည်ပြောထားသဖြင့် ကျန်လူများမှာ မြင်ရုံဖြင့် ကြောက်လန့်နေကြသည်။

"ဒါ . . . မရဏလိုဏ်ဂူပဲ"

"ဒီအထဲမှာ ဘာတွေရှိသလဲ"

"ကြွက်တွေရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်များလို့လဲဟင်"

"ငါတို့အုပ်စုလောက်ဆိုရင် ကွမ်းတစ်ယာညက်လောက် အသိထက် ပိုမကြာဘူး၊ အရိုးကျသွားနိုင်တယ်"

ဇာလာဟီးနှကဲ အေးအေးဆေးဆေးပင် ပြောနေသော်လည်း ကြားရသူများကတော့ ကျောစိမ့်စရာကောင်းလှသည်။

"ဒီလိုဆိုရင် ဂူထဲဝင်လို့ဖြစ်ပါ့မလား"

"သူတို့ကို နားလည်အောင်ပြောပြီးဝင်ရင် ရပါတယ်"

"ဗျာ. . . ဘယ်သူ့ကို နားလည်အောင်ပြောမှာလဲ"

"ကြွက်တွေကိုပေါ့"

"သူတို့က လူတွေပြောတဲ့စကား နားလည်ကြလို့လား"

ဇာလာဟီးက ခေါင်းညိတ်ပြသည်။

"နားလည်အောင်ပြောရင် နားလည်ပါတယ်၊ တိရစ္ဆာန်တွေက လူတွေပြောတဲ့စကားကို နားမလည်ပေမယ့် အမူအရာကိုကြည့်ပြီး သူဘာပြောတယ်၊ ဘာလုပ်တယ်ဆိုတာကို သိပါတယ်၊ ခွေးတစ်ကောင်ကို ခင်မင်တဲ့စိတ်နဲ့ အနားလာပါလို့ခေါ်ရင် လာပေမယ့်. . သူ့ကိုရန်ပြုဖို့ အနားလာပါလို့ခေါ်ရင်တော့ လာမှာမဟုတ်ပါဘူး. . .၊ တိရစ္ဆာန်တွေက လူတွေရဲ့ဟန်အမူအရာကိုကြည့်ရင် နားလည်ကြတယ်"

ဟုပြောပြသည်။

နီမောင်တို့မှာ ဇာလာဟီးနှင့်တွေ့တော့မှ တောနှင့်ပတ်သက်သော ဗဟုသုတများ ထပ်မံရရှိကြလေသည်။

"ဒါကြောင့် တောထဲမှာ တိရစ္ဆာန်တွေကို ရန်မပြုဘဲ





ထားပြီး နေတဲ့သူတွေကို ဘယ်တိရစ္ဆာန်ကမှ အန္တရာယ် ပါဘူး၊ အမဲလိုက်တဲ့သူတွေသာ တိရစ္ဆာန်တွေက အန္တရာယ် ပါ"

"မှန်ပါတယ်"

"ဂူထဲဝင်ခါနီးရင် ရွတ်ရတဲ့သီချင်းတွေရှိတယ်၊ အဲဒီ င်းတွေကို သူတို့သိတယ်"

"ဒါဖြင့် အရင်တစ်ခေါက်လာတုန်းက အဘပါလာတယ် တ်လား. . . ဘယ်လိုသီချင်းမျိုး ဆိုခဲ့တာလဲဟင်"

ထိုအခါ ဇာလာဟီးက သူဆိုခဲ့သောသီချင်းကို အသံနေ သံထားနှင့် ပြန်ဆိုပြလေသည်။

"ယာဇ်ပူဇော်တယ်ဆိုတာ. . .
တောစောင့်နတ် တောင်စောင့်နတ်တွေကို
အသက်ဖြင့်ပူဇော်ခြင်း
သွေးဖြင့်ပူဇော်ခြင်း ဖြစ်ပါတယ်. . .
နတ်မင်းများအတွက် ယာဇ်ပူဇော်ရန်
သားကောင်များရောက်လာပါပြီ. . .
သင်တို့လာကြလော့. . .
လာကြပါကုန်လော့. . ."

ထို သီချင်းနှင့်တူသော စာသားများကို ဇာလာဟီးက တို့ဘာသာဖြင့် ရွတ်ဆိုခြင်းဖြစ်သည်။

"အဲဒီလိုရွတ်တော့ သူတို့မသိဘူးလား"

ခေါင်းခါပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုရော ဘာတွေရွတ်မှာလဲ၊ ဒီသီချင်းကိုပဲ ရွတ်မှာ လား"

"ဒီသီချင်းရွတ်ရင် သေသွားမှာပေါ့။ တခြားပြောင်းရွတ် ရမယ်၊ ဒါပေမယ့် သီချင်းမရွတ်ခင် သူတို့ကို လက်ဆောင်ပေး အသားရှာရမယ်"

"ဘယ်လိုအသားမျိုးလဲ"

"တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့အသားပေါ့"

"ကျွန်တော်တို့မှာလည်း အမဲလိုက်စရာ ဘာမှမပါဘူး လေးနဲ့မြားလုပ်ပြီး ပစ်မှရမယ်"

ဟုပြောပြီး နီမောင်ကပင်ဦးဆောင်ပြီး လေးမြားလုပ် သည်။ ဝါးကိုင်း၊ လျှော်ကြိုး၊ ဝါးကို ပြုလုပ်သော မြားတံချွန်များ ပြုလုပ်ပြီး အမဲလိုက်ရာ ဒရယ်တစ်ကောင်ရသည်။

ထိုဒရယ်ရလာသောအခါ ယူလာပြီး တစ်ကောင်လုံးအ ရွယ်တော် အသားတုံးကလေးများ တုံးထားသည်။

သွေးများကို ဝါးဆစ်ပိုင်းဖြင့် ခံထားသည်။

နီမောင်တို့မှာ ဇာလာဟီး မည်သို့မည်ပုံလုပ်မည်ကို မသိ ကြသဖြင့် စိတ်ဝင်စားနေကြသည်။

နေဝင်ချိန်ရောက်သောအခါ ဂူပေါက်ဝသို့သွားပြီး ဝါး ဆစ်ပိုင်းဖြင့်ခံထားသော သွေးရည်များဖြင့် ဖျန်းပက်လေသည်။

ထိုသို့ဖျန်းပက်ရင်း ဇာလာဟီးက နောက်ထပ်သီချင်း တစ်မျိုးကို ရွတ်ဆိုနေသည်။

"အစားအသောက်ပေးခြင်းဆိုတာ. . .





တောစောင့်နတ်တောင်စောင့်နတ်နဲ့

ဂူတွင်းမှာနေကြသူတွေကို

မိတ်ဆွေဖွဲ့ခြင်းဖြစ်ပါတယ်. . .

သူကပေးလျှင်. . . ကိုယ်ကယူ

ကိုယ်ကပေးလျှင်. . . သူကယူ

ကြည်ဖြူကြရုံသာရှိပါတယ်. . ."

"အစားအသောက်များကျွေးရန်. . .

ကျွန်ုပ်တို့ရောက်လာကြပါပြီ

လာကြလော့. . . လာကြပါလော့. . .

ကျွန်ုပ်တို့ကျွေးသော အစားအသောက်များကို

လာရောက်စားသောက်ကြပါကုန်လော့. . .

ဤနေရာသို့ လာရောက်ကြပါကုန်လော့. . ."

ဟုပြောပြီး ဂူနံရံကို ကျောက်တုံးတစ်တုံးဖြင့် ခေါက် လိုက်ရာ တဒေါင်ဒေါင်ဖြင့် အသံများပေါ်လာလေတော့သည်။

"ဒေါင်. . . ဒေါင်. . . ဒေါင်. . ."

ထိုသို့ခေါက်ပြီးနောက် ဝါးဆစ်ပိုင်းအတွင်းမှာ ကျန်နေ သေးသော သွေးများကို ထပ်မံပက်ဖျန်းလိုက်ပြန်လေသည်။

ထို့နောက်မှာတော့ နောက်သို့ ခြေတစ်လှမ်းနှစ်လှမ်း ဆုတ်ကာ ဂူပေါက်ဝကို ငြိမ်သက်စွာကြည့်နေလေသည်။ ဂူအ တွင်းမှာ သော်လည်းကောင်း၊ ပတ်ဝန်းကျင်တစ်ဝိုက်မှာသော် လည်းကောင်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

မနီးမဝေးမှ အခြေအနေကြည့်နေကြသော နီမောင်တို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခွေ့မှာသည်း အသက်ရှုရန်ပင်မေ့နေကြလေသည်။

အတန်ကြာတော့ ဂူအတွင်းပိုင်းမှ အသံအချို့ကြားလာရသည်၊

ထို့ပြင် . . ? သူတို့ရောက်နေသော နေရာတစ်ဝိုက်နှင့် ဘေးပတ်ဝန်းကျင်၌ရှိသော ကျောက်တောင်နံရံများအတွင်းမှ အသံအချို့ ပေါ်လာသည်။

လှည့်ကြည့်တော့လည်း အမှောင်ရိပ်များ သမ်းနေပြီဖြစ်သောကြောင့် ဘာမှသဲသဲကွဲကွဲ မမြင်ရပေ။

အတန်ကြာတော့ ဂူအတွင်းမှ ကြွက်များထွက်လာသည်။ အကောင်ရေပေါင်း မြောက်မြားစွာသော ကြွက်များပင်ဖြစ်သည်။

အရောင်အသွေးအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ဖြစ်ကြလေသည်။

ထိုအခါမှပင် သူတို့ရောက်နေသောနေရာ၏ ဘေးတစ်ဖက်တစ်ချက် နေရာများမှာလည်း အကောင်အရေအတွက်မြောက်မြားစွာသော ကြွက်များရောက်နေသည်ကို သိကြရသည်။

ဂူအတွင်းမှ ကြွက်များထွက်လာပုံမှာ အရိုင်းအစိုင်းတောတိုရိစ္ဆာန်များနှင့်မတူဘဲ လေ့ကျင့်ပေးထားသော တိရစ္ဆာန်များလို စနစ်ကျသည်။

ရှေ့ဆုံးမှာ အတန်းလိုက်ထွက်လာသောနောက်မှ အခြားကြွက်များက အတန်းလိုက်ထွက်လိုက်လာသည်။





ရင်ဘောင်တန်းလျက် ထွက်လိုက်လာခြင်းဖြစ်ပြီး တစ်ကောင်နှင့်တစ်ကောင် လုယက်တိုးဝှေ့လာခြင်းမျိုး မဟုတ်ပေ။

ဂူအတွင်းမှ အတန်းလိုက် ထွက်လာသောကြွက်များအပြင် ပတ်ဝန်းကျင် အခြားနေရာမှ ကြွက်များကလည်း သူတို့ရပ်နေသော နေရာသို့ စက်ဝိုင်းသဏ္ဌာန် ပတ်ဝိုင်းလာကြသည်။

၎င်းတို့ ဟန်အမူအရာမှာ လူများကို ကြောက်လန့်နေခြင်းမျိုးမရှိဘဲ သားကောင်ကို တိုက်ခိုက်ရန် ချောင်းမြောင်းလာသော တိုက်ပွဲဝင် စစ်သားများနှင့် တူတော့သည်။ ဖြည်းဖြည်းမှန်မှန်နှင့် တဖြည်းဖြည်း တိုးလာနေခြင်းဖြစ်လေသည်။

နီမောင်တို့မှာ မည်းမည်းလှုပ်နေသော ကြွက်စက်ဝိုင်းအလယ်၌ ရောက်နေကြလေပြီ။

ထောင်ချောက်အတွင်းရောက်နေသော သားကောင်ဘဝမျိုး ရောက်နေတော့သည်။

ကြွက်များ၏ လှုပ်ရှားပုံမှာ တည်ငြိမ်လှသည်။

တစ်စုံတစ်ယောက်က အမိန့်ပေးစေခိုင်းသည့်အတိုင်း တစ်သဝေမတိမ်း စနစ်တကျရှိလှသည်။

ဂူအောင်းတိရစ္ဆာန်များဖြစ်သော်လည်း ရှုတ်ရှုတ်သဲသဲ အနေအထားမျိုး မရှိပေ။

ရင်ဘောင်တန်း အနေအထားဖြင့် နီမောင်တို့ရှိသော နေရာသို့ တရွေ့ရွေ့ခြင်း ချဉ်းကပ်လာပုံမှာလည်း ကြောက်စရာကောင်းလှသည်။

ဇာလာဟီးကတော့ သူရွတ်နေသော သီချင်းလိုလို ဂါ



www.burmeseclassic.com

www.burmeseclassic.com



ထာလိုလို စာများကို အဆက်မပြတ်ရွတ်နေလေသည်။

သူရွတ်နေသော စာများနှင့် သူ၏အသံသြသြကြီးမှာ မှောင်စပျိုးနေသော တိတ်ဆိတ်စပြုနေသော အချိန်မျိုးတွင် ချောက်ချားဖွယ်ရာကောင်းလေသည်။

"အစားအသောက်ပေးခြင်းဆိုတာ. . .

တောစောင့်နတ်တောင်စောင့်နတ်နဲ့

ဂူတွင်းမှာနေကြသူတွေကို

မိတ်ဆွေဖွဲ့ခြင်းဖြစ်ပါတယ်. . .

သူကပေးလျှင်. . . ကိုယ်ကယူ

ကိုယ်ကပေးလျှင်. . . သူကယူ

ကြည်ဖြူကြရုံသာရှိပါတယ်. . .

အစားအသောက်များကျွေးရန်. . .

ကျွန်ုပ်တို့ရောက်လာကြပါပြီ

လာကြလော့. . . လာကြပါလော့. . .

ကျွန်ုပ်တို့ကျွေးသော အစားအသောက်များကို

လာရောက်စားသောက်ကြပါကုန်လော့. . .

လာရောက်စားသောက်ကြပါကုန်လော့. . .

ထိုသို့ပြောဆိုရင်း အသင့်ပြုလုပ်ထားသော အသားတုံးများကို ၎င်းတို့ပတ်လည်တွင် စက်ဝိုင်းသဏ္ဍာန်ပုံပေးလိုက်သည်။

ထိုသို့ပုံပေးရာမှာလည်း တစ်နေရာတည်း စုပုံလိုက်ခြင်း မဟုတ်ဘဲ တစ်ခုချင်းစီ တန်းစီချပေးခြင်းဖြစ်လေသည်။

"သူတို့နဲ့မိတ်ဆွေဖြစ်သွားအောင် အသားတုံးတွေကို





င်းတို့ကိုယ်တိုင်လည်း ပုံပေးကြပါ"

ဟု ဇာလာဟီးက တိုးတိုးပြောသဖြင့် အားလုံးကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် အသားတုံးများကို ယူပြီး ပုံပေးကြသည်။

မာရီယာမှာ ကြောက်လွန်းသဖြင့် လက်ကလေးများပင် ဆတ်ဆတ်တုန်နေသည်။

ကြွက်များမှာ မြေပေါ်မှာပုံထားသော အသားတုံးများကို မြင်နေသော်လည်း အတင်းတိုးဝင်လာပြီး လုယက်စားသောက်ကြခြင်းမရှိပေ။

မျက်လုံးပြူးပြူးများဖြင့် အခြေအနေကို ကြည့်နေကြ န်ရှိသည်။

ထိုအချိန်မှာ ဇာလာဟီးက သူ၏ အသံသြသြကြီးဖြင့် ပ်မံ၍ ဖိတ်မန္တကပြုလိုက်တော့မှ တဖြည်းဖြည်းရွေ့တိုးလာကြ န်လေသည်။

သူတို့ရောက်နေသောနေရာမှာ နီမောင်တို့ရှိနေသော နေရာနှင့် မဝေးတော့ပေ။

သူတို့ တဖြည်းဖြည်းချဉ်းကပ်လာပုံမှာ ပရမ်းပတာ တ်ဘဲ စနစ်တကျပုံစံမျိုးဖြစ်သည်။

သူတို့နှင့် လက်တစ်ကမ်းအကွာသို့ ရောက်နေသော ခေါင်းများစွားသော ကြွက်အုပ်ကြီးမှာ လူတစ်ယောက်ကို ဝိုင်းအတွင်း အရိုးဘဝရောက်အောင် စားပစ်နိုင်သည်ကို သားပြီးဖြစ်သဖြင့် များစွာစိုးရိမ်ထိတ်လန့်ဖွယ်ရာရှိလေသည်။

သို့စေကာမူ. . . သူတို့ထင်သလိုတော့ မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



ကြွက်များက မည်သူ့ကိုမှ ရန်မမူဘဲ ချပေးထားသော အသားတုံးများကို အတန်းလိုက် လာရောက်စားသည်။ ပြီးသည်နှင့် နောက်သို့ဖယ်ပေးသည်။

နောက်မှာရှိနေသောကြွက်များက ရှေ့တိုးစားသည်

ပြီးလျှင် နေရာဖယ်ပေးသည်။

တစ်ခုစားပြီး နောက်တစ်ခုစားရန် မကြိုးစားပေ။ ချထားသောအတုံးများ ကုန်သွားသောအခါ နောက်ထပ်ချပေးရသည်။

ကြာတော့ ကြောက်ရွံ့စိတ်များလျော့သွားပြီး အလျှ နေသကဲ့သို့ဖြစ်လာသည်။

"ဟန်ကျပြီ. . . သူတို့ ကျုပ်တို့ကို ရန်မမူတော့ဘူး မိ ဆွေဖွဲ့တာကို လက်ခံသွားပြီ"

ဟု ဇာလာဟီးက တိုးတိုးပြောသည်။

"ဒီတော့ ဘာဆက်လုပ်ကြမလဲ"

"ဂူထဲဝင်ခွင့်တောင်းရမှာပေါ့"

"ရပ့ါမလား"

"သူတို့က မိတ်ဆွေအဖြစ်လက်ခံပြီဆိုတော့ ဝင်ရမှာ ကဲကဲ. . ရှိတဲ့အသားတုံးတွေကိုသာ ကုန်အောင်ကျွေးကြ တော့"

ဟုပြောသဖြင့် အသင့်တုံးထားသော အသားတုံးများ ချကျွေးရာ အတန်ကြာတော့ ကုန်သွားလေသည်။

အချိန်ကလည်း မှောင်စပြုလာချေပြီ. . .။





ယခုအချိန်ထိတော့ ကြွက်များက နေရာမှလျော့သွားခြင်း မရှိသေးပေ။

ထိုအခါ ဇာလာဟီးက ပြောသည်။

"သူတို့ခွင့်ပေးတုန်း အတွင်းဝင်ကြမယ်"

"ဖြစ်ပ့ါမလား"

"ဖြစ်ပါတယ် ကျုပ်နောက်ကသာ တန်းစီပြီးကွန္တြေရရနဲ့ လိုက်ခဲ့ကြပါ"

ဟုပြောပြီး အတွင်းဝင်ရန်ပြင်လေသည်။

နီမောင်တို့က နောက်မှရပ်ကာ အဆင်သင့်ရပ်နေကြသည်။

"ကျုပ်တို့ကို အတွင်းဝင်ခွင့်ပေးပါ"

ဟုပြောပြီး ဇာလာဟီးက ရှေ့သို့ ခြေလှမ်းတိုးရန် ပြင်သည်။

ကြွက်များက မြေပြင်ကို မမြင်ရလောက်အောင် မည်းမည်းလှုပ်နေသောကြောင့် ခြေတစ်ကွက်ချစရာပင်မရှိပေ။

အကယ်၍ မဆင်မခြင်နင်းချလိုက်ပါက ကြွက်များအပေါ်သို့ နင်းမိပြီး အကိုက်ခံရမှာ သေချာလှသည်။

ဇာလာဟီးက ခွင့်တောင်းသောအခါ ကြွက်များက မျက်လုံးအပြူးသားဖြင့် မော့ကြည့်နေကြသည်။

"ကျုပ်တို့ကို အတွင်းဝင်ခွင့်ပေးပါ"

ဟုပြောပြီး မျက်လုံးမှိတ်ကာ ရှေ့သို့ခြေတစ်လှမ်းတိုးချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကိုမြင်တော့ နီမောင်တို့မှာ ရင်ထဲ အေးခနဲ ဖြစ်သွားသည်။

ကျော့ထဲမှာ စိမ့်ခနဲဖြစ်သည်။

အဘယ့်ကြောင့်ဆိုသော် . . .

သူ့ခြေထောက်နင်းချလိုက်သော အောက်တည့်တည့်၌ ကြွက်များ ရှိနေသောကြောင့်ပင်ဖြစ်၏။

သို့သော် သူတို့စိုးရိမ်နေသလိုတော့ ဖြစ်မလာပေ။

ဇာလာဟီးက သူ့ခြေထောက်ကို ရှေ့သို့ ခြေတစ်လှမ်းတိုးကာ ချလိုက်သောအခါ ကြွက်များက နေရာဖယ်ပေးလိုက်ကြသည်။

ထို့ထက်ထူးဆန်းသည်က အတွင်းသို့ဝင်ရန် လူတစ်ယောက်သွားသာရုံ လမ်းဖယ်ပေးကြခြင်းပင်ဖြစ်၏။ သူတို့အတွက်တော့ ကံကောင်းထောက်မစွာဖြင့် အခွင့်အရေးတစ်ခုရခဲ့ကြလေပြီ။





# အခန်း (၁၄)

# သိင်္ဂီရွှေရည်ကျော့တွင်း

ဂူမှာ အပြင်ဘက်၌ သာမန်မျှသာရှိသော်လည်း အတွင်းပိုင်းမှာတော့ အတော်ကျယ်ဝန်းလေသည်။

ဂူအတွင်းမှ ဖြတ်စီးနေသော စမ်းချောင်းတစ်ခုလည်း ရှိသည်။ ထိုစမ်းချောင်းအနီးမှာ . . အရောင်အသွေးစုံသော ကျောက်တုံးများရှိသည်။ ဆေးပင်များလည်း ရှိသည်။ ဂူပေါက်များစွာတို့လည်းရှိသည်။

ထို့ပြင် စမ်းချောင်းနှင့်မနီးမဝေးနေရာတွင် ဝင်းလက်

www.burmeseclassic.com



နေသော အတုံးအခဲအချို့လည်းရှိသည်။

"အဘပြောတဲ့ ရွှေတွေဆိုတာ ဘယ်မှာလဲ"

နာဂတစ်ယောက်က မေးလိုက်သဖြင့် ဇာလာဟီးက စမ်းချောင်းတစ်ဖက်မှာရှိသော ကျောက်တုံးကျောက်ဆောင်များ ရှိရာသို့ လက်ညှိုးထိုးပြလေသည်။

"အဲဒီမှာရှိတယ်၊ ဒါပေမယ့် ယူဖို့စိတ်မကူးနဲ့ သွားယူတာနဲ့ သေမှာပဲ"

ဟုပြောသဖြင့် ထိုလူလည်း ဆက်မမေးတော့ပေ။

သို့သော်လည်း သူ့မျက်လုံးများက ထိုကျောက်တုံးများရှိရာသို့ လှမ်းကြည့်နေသည်။

အချိန်က ညဦးပိုင်းရောက်နေပြီဖြစ်သော်လည်း ဂူထဲမှာ အလင်းရောင်ရနေသည်။ ဂူအတွင်းမှာလည်း လူအရိုးခေါင်းပုံသဏ္ဍာန် ကျောက်တုံးအချို့ရှိသည်။

အမှောင်ထဲမှာကြည့်လျှင် တကယ့်အရိုးခေါင်းများပုံသဏ္ဍာန်ရှိပြီး ကြောက်စရာကောင်းလှသည်။

ထိုဂူထဲတွင် အလင်းရောင်များ ဖြာထွက်နေသော အရိုးခေါင်းကြီးတစ်လုံးလည်းရှိသည်။

ထိုအရိုးခေါင်းကြီး၏ မျက်လုံးပေါက်နှစ်ခုထဲမှ အလင်းရောင်များ ဖြာထွက်နေခြင်းဖြစ်သည်။

"ဟို. . . အရိုးခေါင်းမျက်လုံးပေါက်ထဲက အလင်းရောင် တွေထွက်နေတယ်၊ အထဲမှာဘာရှိသလဲ အဘ"

နီမောင်က မေးလိုက်သည်။





"အတွင်းမှာ ဘာရှိသလဲတော့ ငါလည်းမသိဘူး၊ ဘယ်သူမှ လည်းအနားကပ်မကြည့်ဝံ့ကြဘူး၊ အဲဒီနေရာကို နေ့ခင်းဘက် နေရောင်ရှိတဲ့အချိန်မှာ နေရောင်ခြည်ကျလာတတ်တယ်"

"ဒါဆိုရင် အပေါ်ဘက်မှာ အပြင်ဘက်ကိုထွက်လို့ရတဲ့ အပေါက်ရှိမှာပေါ့"

"ရှိမယ်ထင်တယ်. . . အဲဒီက ကျတဲ့နေရောင်ခြည်က မျက်လုံးနှစ်ပေါက်ထဲကို ရောက်တယ်၊ သိပ်တော့ကြာကြာမဟုတ်ဘူး၊ ကွမ်းတစ်ယာနှစ်ယာညက်အချိန်လောက်ပဲ ကြာတာပါ"

အားလုံးက ဇာလာဟီးပြောပြနေသော အကြောင်းများကို စိတ်ဝင်စားစွာ နားထောင်နေကြသည်။

"ငါတို့ အဘိုးရှိစဉ်က ဒီဂူထဲကို ရောက်ခဲ့ဖူးတယ် ဒီဂူထဲမှာ ရက်အတော်ကြာအောင်နေခဲ့လို့ အတော်များများကို သိနေတာ၊ အဲဒီမျက်လုံးပေါက်ထဲကို နေရောင်ခြည်ရောက်လာပြီး ပြန်ပျောက်သွားတယ်၊ ညအချိန် ဂူထဲမှာ မှောင်လာပြီဆိုရင် အဲဒီမျက်လုံးပေါက်ထဲက အလင်းရောင်တွေ ပြန်ထွက်လာတော့တာပဲ သိပ်ထူးဆန်းတယ်"

ဇာလာဟီးပြောသဖြင့် အလင်းရောင်ဖြာထွက်နေသော မျက်လုံးပေါက်ရှိရာသို့ လှမ်းကြည့်ကြသည်။

ယခုအချိန်အထိတော့ အလင်းရောင်က ရှိနေဆဲဖြစ်သည်။

"ဒါပေမယ့် အလင်းရောင်က အမြဲရှိနေတာမဟုတ်ဘူး မိုးလင်းခါနီးမှာ အလင်းရောင်က . . ."

အိပ်ချင်တဲ့အခါမှိတ်ပြီး မှောင်သွားလေ့ရှိတယ်. . .၊ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်မှိတ်သွားတာနဲ့ ဂူတွင်းအောင်းနေတဲ့ကြွက်တွေ အငုလိုက်အပြုံ လိုက် အပြင်ထွက်လာကြတော့တာပဲ"

"မှောင်သွားတော့ သူတို့စိတ်ထဲမှာ မိုးချုပ်ပြီထင်လို့ အပြင်ထွက်လာတာဖြစ်မှာပေါ့"

ငမဲအောင်က သူထင်သလို ဝင်ပြောလိုက်သည်။

"ဒါထက် အလင်းရောင်က လင်းလာလိုက်မှိတ်သွား လိုက်နဲ့ ဘာကြောင့်ဖြစ်နေရတာလဲ"

ဗွစောထီးကမေးသောအခါ ခေတ်ပညာသင်ထားဖူး သော မာရီယာက ဝင်ပြောပြသည်။

"ကျွန်မအထင် ပြောရရင်တော့ မျက်လုံးအပေါက်ထဲ မှာ အလင်းရောင်ကို စုပ်ယူထားနိုင်တဲ့ အရာဝတ္ထုတစ်ခုခု ရှိမယ် ထင်တယ်၊ ဘက်ထရီလိုပေါ့ နေရောင်ခြည်နဲ့တွေ့ရင် အားပြည့် နေပြီး မှောင်လာတဲ့အခါ အလင်းရောင်ပြန်ထုတ်ပေးတယ်၊ စုပ် ယူထားတဲ့ အလင်းရောင်မရှိတော့ရင် ပြန်မှောင်သွားတာဖြစ်နိုင် ပါတယ်"

မာရီယာပြောသော အကြောင်းအရာများကို မည်သူမှ နားမလည်ကြသဖြင့် ဘာမှဝင်မပြောကြချေ။

"ဒါထက် ချောင်းဟိုဘက်မှာရှိတဲ့ ရွှေတွေကို ဘာ ကြောင့် ယူလို့မရတာလဲဟင်. . သွားကြည့်ရုံကြည့်ရင်ကော မရ ဘူးလား"

စောစောက နာဂလူငယ်က ထပ်မေးလေသည်။

သူက ရွှေတုံးတွေရှိသည်ဆိုခြင်းကို အတော်စိတ်ဝင်စား





နေဟန်ရှိသည်။

ဗင်းလူငယ်မှာ အော်လီတာ ဆိုသူဖြစ်၏။

"သွားကြည့်ရုံလောက်တော့ ရပါတယ်၊ ယူလို့မရတာက တာ ရွှေတွေကိုယူရင် ကြွက်တွေက မကြိုက်ဘူး"

"သူတို့လည်း စားလို့ရတာမဟုတ်ဘဲနဲ့"

အော်လီတာက မကျေမနပ်ဖြင့် ခတ်တိုးတိုးရေရွတ် လိုက်သည်။

"မင်း. . . ဒီလိုမပြောနဲ့လေ သူတို့နဲ့မိတ်ဆွေဖွဲ့ထားပြီး ရင် မိတ်ဆွေလိုနေပေါ့. . . ရန်သူလိုနေရင် မင်းဒုက္ခများမယ်"

ဇလာဟီးက ပြောတော့မှ ဘာမှထပ်မပြောတော့ပေ။

"ဟိုဘက်ကမ်းကို ကျွန်တော်တို့သွားကြည့်ချင်တယ် အဘ"

"အခုတော့မကြည့်နဲ့ဦး မနက်အလင်းရောင်ရတော့မှ သွားကြည့်ပေါ့"

ဟုပြောလေသည်။

ထို့နောက်မှာတော့ စမ်းချောင်းမှာ ကိုယ်လက်သန့်စင် ခြင်း၊ ဂူအတွင်းတစ်နေရာမှာ မီးဖိုခြင်းများ ပြုလုပ်ကာ နားကြ လေသည်။

သူတို့တစ်တွေမှာ အစားအသောက် များများမပါလာ သောကြောင့် ငါးသေတ္တာဘူး၊ နို့ဆီဘူးတို့ကိုပင် မျှဝေစား သောက်ကြသည်။

ထိုအစားအသောက်များမှာ သူတို့အတွက်ရသော



www.burmeseclassic.com

www.burmeseclassic.com



အစားအသောက်ခွဲတမ်းကို တမင်လျှော့စားပြီး ချန်ထားခဲ့သည့် အစားအသောက်များပင်ဖြစ်သည်။

ထိုကဲ့သို့ အစားအသောက်များ စားသောက်ပြီးနောက် အခြားသူများက အိမ်ဖြူသော်လည်း နီမောင်နှင့်မာရီယာတို့က တော့ မီးပုံနားမှာပင် ထိုင်စကားပြောကြသည်။

"မာရီယာက ခေတ်ပညာတွေသင်ထားပြီးတော့မှ အခုလို တောတောင်ထဲမှာ လျှောက်ပြေးနေရတာ စိတ်မညစ်ဘူးလားဟင်"

"တစ်ကမ္ဘာလုံး စစ်မီးတောက်နေချိန်မှာ. . ကျွန်မလို ပညာလေး မတောက်တစ်ခေါက်တတ်တဲ့ မိန်းကလေးတစ်ယောက် ဒုက္ခရောက်နေတာ ဘာများဆန်းသလဲ ကိုနီမောင်ရယ်၊ ကိုယ့်ထက် ပညာအများကြီးတတ်တဲ့ သူတွေတောင် နည်းအမျိုးမျိုးနဲ့ ဒုက္ခရောက်နေကြတဲ့အချိန်ပဲ"

ဟုပြောသည်။

"ဒါပေမယ့် ကိုယ်တတ်ထားတဲ့ပညာတွေကို ဒီလိုတောထဲမှာ အသုံးချမရတော့ နစ်နာတာပေါ့နော်"

"ကျွန်မကတော့ ဒီလိုမထင်ပါဘူး၊ ကျွန်မ သင်ထားတဲ့ ဆေးကုတဲ့ပညာက မြို့ကြီးပြကြီးတွေမှ မဟုတ်ပါဘူး၊ တောထဲမှာလည်း အသုံးချလို့ရပါတယ်၊ လူတွေရှိရင် ဘယ်နေရာမဆို အသုံးဝင်တဲ့ ပညာမျိုးပါ"

"မာရီယာ အခုလို စိတ်သဘောထားမျိုးရှိတာ သိပ်ပြီး ဝမ်းသာဖို့ ကောင်းတာပဲ"





"ဟင်. . . ဘယ်လိုဖြစ်လို့လဲ"

"အော်. . . ရွာပြန်ရောက်တဲ့အခါ မာရီယာ အိန္ဒိယပြန်မချင်း ကျွန်တော်တို့ ရွာသူရွာသားတွေအတွက် အားကိုးလို့ရတာပေါ့"

"ဆေးကုပေးနေရတယ်ဆိုရင် ကျွန်မက ဘယ်နေရာမဆို နေနိုင်ပါတယ်၊ လက်ခံထားတဲ့လူတွေကသာ. . ."

မာရီယာက မျက်လုံးရွှဲကြီးဖြင့် တစ်ချက်ကြည့်သည်။

"လက်ခံတဲ့လူတွေကလည်း မာရီယာသာနေနိုင်မယ်ဆိုရင် တစ်သက်လုံးထားနိုင်ပါတယ်"

"ဒီစကားကရော တကယ်ပြောနေတာလား"

"ရင်ထဲမှာရှိတဲ့အတိုင်း ပြောတာပါ။ တကယ်တော့ မာရီယာနဲ့ ခွဲခွာရမယ်ဆိုရင်တောင် ကျွန်တော့်ရင်ထဲမှာ အတော်ခံစားရမှာပါ"

"အလို. . . ရှင်က ဘယ်လိုခံစားရမှာလဲ"

"အဆင့်အတန်းချင်းမတူပေမယ့် ကျွန်တော် မာရီယာအပေါ်မှာ သံယောဇဉ်ရှိနေမိပါတယ်. . .၊ တစ်နေ့ကျလာရင် ဒီသံယောဇဉ်က ကျွန်တော့်ကို ပြန်ပြီးဒုက္ခပေးမယ်ဆိုတာလည်း သိပါတယ်"

"ဘယ်လိုကြောင့် အဲသလိုပြောနိုင်ရတာလဲ"

"တစ်နေ့ မာရီယာ အိန္ဒိယကိုပြန်သွားတဲ့အခါ ဒီဒုက္ခမျိုးနဲ့ မလွဲမသွေတွေ့ရမှာပါ"

"ချက်ချင်းပြန်မယ်လို့ ရှင့်ကို ဘယ်သူကပြောသေးလို့



www.burmeseclassic.com

www.burmeseclassic.com



လဲ"

"ဟင်. . ."

နီမောင်က တအံ့တသြကြည့်သည်။

"အိန္ဒိယဆိုတာ နီးတဲ့ခရီးမှမဟုတ်တာ. . . စစ်ကြီးဖြစ်လို့ စစ်မီးတောက်နေတဲ့အချိန်မှာ မြန်မာပြည်ထဲမှာတောင်တစ်နေရာနဲ့ တစ်နေရာသွားလို့ မလွယ်တာ. . ကျွန်မက ချက်ချင်းဘယ်လို ပြန်ရမှာလဲ. . .၊ ဘာလဲ ရှင်က ချက်ချင်းပြန်စေချင်နေပြီလား"

မာရီယာက မျက်စောင်းထိုးရင်းနှင့် စကားနာထိုးသည်။

"ဒီလိုဆိုရင်တော့ ကျွန်တော်လောက်ပျော်တဲ့သူ ရှိတော့မှာမဟုတ်ဘူး၊ ဟို. . ကျွန်တော်ပြောတာကိုရော မာရီယာလက်ခံမယ်မဟုတ်လားဟင်"

"ရှင်က ဘာပြောသေးလို့. . . ကျွန်မက ဘာကိုလက်ခံရမှာလဲ"

"ဟိုလေ. . . ကျွန်တော်က မာရီယာကို သံယောဇဉ်ရှိနေတာကို လက်ခံပေးဖို့ပါ"

"ဒါကတော့. . . အမျိုးသမီးတစ်ယောက်ကို ဘယ်ယောက်ျားကမဆို သံယောဇဉ်ရှိနိုင်တာပဲ. . ရှင့်သဘောပဲပေါ့"

"ကျွန်တော်ကတော့ ဒါပဲပြောတတ်တယ်၊ မာရီယာသဘောကိုသာ ပြောပေတော့"

ထိုသို့ တိုတိုတောင်းတောင်းပြောသဖြင့် မာရီယာကပြုံးနေလေသည်။





"ရှင်က သိပ်ရိုးတာပဲ၊ မိန်းကလေးတစ်ယောက်ကို ချစ်တား၊ ကြိုက်စကားပြောတာ ဒီလိုတုံးတိတိပြောလို့ ဘယ်ဖြစ်မှာလဲရှင့်. .၊ မိန်းကလေးဆိုတာ ချိုသာပျော့ပျောင်းတဲ့ စကားမျိုးနဲ့ပြောမှ သဘောကျတတ်တာ"

"ကျွန်တော်က ဒီစကားမျိုးကို တစ်ခါမှလည်း မပြောဖူးဘူး ပြောလည်းမပြောတတ်ပါဘူး၊ အရေးကြီးတာက ကျွန်တော့်ရင်ထဲက ပြောချင်တဲ့အဓိပ္ပာယ်ကို မာရီယာသိဖို့ပါပဲ"

"ကျွန်မက တမင်ပြောတာပါကိုနီမောင်ရယ်၊ ကိုနီမောင်ပြောတာကို ကျွန်မသဘောပေါက်ပါတယ်၊ စဉ်းစားပြီးတာနဲ့နောက်တော့ အဖြေပေးပါ့မယ်"

ဟုပြောလိုက်တော့မှ နီမောင်မှာ ဘဝင်ကျသွားလေတော့သည်။ ထိုနေ့ညက လူခွဲပြီး အိပ်ရာဝင်ခဲ့ကြသော်လည်းစိတ်ထဲမှာပျော်ရွှင်ပြီး လှုပ်ရှားနေသဖြင့် တော်တော်နှင့်အိပ်မပျော်ဘဲ သက်ပြင်းတချချနှင့် ရှိလေသည်။

ညဉ့်နက်ပိုင်း ရောက်သောအခါ ဂူအတွင်းမှာလင်းနေသော အလင်းရောင်မှာ မှေးမှိန်ပြီး တဖြည်းဖြည်းပျောက်သွားရာဂူအတွင်းမှာ ဆူညံနေသော ကြွက်မြည်သံများကို ကြားရသည်။

နေရာအနှံ့အပြားမှ ကြားနေရခြင်းဖြစ်ပြီး အတော်များလှသည်။ အတန်ကြာတော့ အပြင်သို့ထွက်သွားဟန် တဖြည်းဖြည်း အသံများ ပျောက်သွားလေတော့သည်။

ထိုအချိန်တွင် သူတို့အုပ်စုထဲမှ လူတစ်ယောက်ထလာပြီး ချောင်းဘက်သို့ ဆင်းသွားသည်ကို တွေ့ရသည်။ မှောင်နေ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဘယ်သူဘယ်ဝါမှန်းတော့ မသိရပေ။ တစ်စုံတစ်ယောက် အပေါ့အပါး ထသွားသည်ထင်သဖြင့် ထကြည့်တော့ ချောင်းကို ဖြတ်ပြီး တစ်ဖက်ကမ်းသို့ ကူးသွားသည်ကို တွေ့ရသဖြင့် နေရာမှ ထကြည့်လိုက်သည်။

မကြာခင်မှာ ထိုလူက ဒီဘက်ကမ်းသို့ ချက်ချင်းပြန်ကူး လာသည်ကို လှမ်းမြင်ရသည်။

ထိုသူက အိပ်နေသောနေရာသို့ပြန်လာပြီး လှဲအိပ်သွား တော့ နီမောင်လည်း ပြန်လှဲ၍ စိတ်ချလက်ချဖြစ်ကာ အိပ်ပျော် သွားလေတော့သည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ . . အစားအ သောက်အချို့ကို စားသောက်ပြီး ချောင်းတစ်ဖက်ကမ်းသို့ကူးမြင်ကြလေသည်။

ရေတိမ်သောနေရာကို ရွေးချယ်ရင်းနှင့် ကမ်းစပ်တစ် လျှောက်လျှောက်လာရာ တစ်နေရာရောက်တော့ မြေပြင်ပေါ် မှာပေါက်နေသော နွယ်ပင်နှင့်တူသောအပင်များကို တွေ့ရသ ဖြင့် အသေအချာကြည့်သောအခါ အလေ့ကျပေါက်နေသည့် တောင်ကန်စွန်းဥပင်များ ဖြစ်နေသည်ကိုတွေ့ရသဖြင့် . . နုတ်ကြည့်သောအခါ ဥများကိုပါတွေ့ရသောကြောင့် ဝမ်းသာသွား ကြလေသည်။

"ငါတို့အတွက် စားစရာရပြီ"

ထို့နောက် ရေတိမ်သောနေရာမှ ရွေးကာတစ်ဖက်ကမ်း သို့ ကူးသွားကြသည်။





ထိုနေရာများမှာ ကျောက်တုံးကျောက်ဆောင်နှင့် အ ခေါက်များစွာတို့ ရှိကြသည်။

"ဟိုနေရာကလို့ ရွှေတုံးတွေမြင်ရင် မယူမိခဲ့ကြဖို့ တစ် ခါတည်းမှာထားမယ်"

ဟု ဇာလာဟီး က ပြောထားသည်။

တစ်ဖက်ကမ်းရောက်တော့ ကျောက်တုံးကျောက် ဆောင်များရှိရာသို့ တက်သွားကြသည်။

ချောင်းစပ်မှ အနည်းငယ်မြင့်သော နေရာသို့တက်သွား ခြင်းဖြစ်၏။

အပေါ်သို့ရောက်သောအခါ ကျောက်တုံးကျောက် ဆောင်များကြားမှ ပြန့်ကျဲနေသော ရွှေတုံးရွှေခဲများကို တွေ့ကြ သည်။

ရွှေတုံးရွှေခဲများမှာ ကျောက်တုံးကျောက်ခဲများကဲ့သို့ ပြန့် ကျဲလျက်ရှိကာ သူတို့တစ်သက်တာတွင် ထိုမျှများပြားလှသော ရွှေများကို မတွေ့ဖူး၊ မမြင်ဖူးကြပေ။ အချို့မှာ အရောင်တဝင်း ဝင်းနှင့်ရှိနေကြပြီး အချို့မှာတော့ ရေညှိပင်များပင်တက်နေ သည်။

ကျောက်တုံးကျောက်ခဲများနှင့် ရောနှောနေသော ကြောင့် ဘယ်ဟာကျောက်တုံး၊ ဘယ်ဟာရွှေတုံးရွှေခဲ ဆိုသည် ကိုပင် မသိကြတော့ပေ။

ထိုနေရာနှင့်မနီးမဝေးမှာ အလင်းရောင်ထွက်နေသော အိုးခေါင်းကြီးရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်ထွက်လာသောအခါ အပေါ်မှအလင်း ရောင်အချို့က ဂူအတွင်းသို့ တစ်စွန်းတစ်စ ဝင်ရောက်လာလေသည်။

အကယ်၍ မွန်းတည့်ချိန်ရောက်ပါက ထိုအရိုးခေါင်းကြီး အပေါ်တည့်တည့်သို့ နေရောင်ခြည်များ ကျလာနိုင်သည်။ ထိုနေရာမှကြည့်သောအခါ တွင်းပေါက်တစ်ခုရှိနေပြီး ထိုတွင်းပေါက်မှတစ်ဆင့် အပေါ်မှရှုခင်းများကို လှမ်းမြင်ရသည်။

အလင်းရောင်နှင့် သစ်ပင်များအပြင် မိုးကောင်းကင်ကိုပါ တွေ့ရသဖြင့် နီမောင်စိတ်ထဲမှာ အားရှိသွားလေသည်။ ထိုအပေါက်မှာ သိပ်မကျယ်လှဘဲ မတ်စောက်သောအနေအထား ရှိသည်။

အကယ်၍သာ ထိုအပေါက်ကို ထွက်ပေါက်အဖြစ် အသုံးချနိုင်ပါက အပြင်သို့ရောက်နိုင်မည်ဟုလည်း ခန့်မှန်းမိလေသည်။ နီမောင်တို့သည် ထိုနေရာတစ်ဝိုက်မှ အတော်ကြာအောင် လှည့်ကြည့်ကြပြီးမှ မူလစခန်းချနေသော စမ်းချောင်းတစ်ဖက်ကမ်းသို့ ပြန်ကူးခဲ့ကြလေသည်။

သူတို့အတွက် မျှော်လင့်ချက်တစ်ခုတော့ တွေ့ခဲ့ကြရပြီ ဖြစ်ပေတော့သည်။





# အခန်း (၁၅)

# သေမင်းကျောက်ကွင်း သက်ဆင်းကြရခြင်း

နီမောင်တို့ ထိုလိုဏ်ဂူအတွင်းသို့ ရောက်နေခဲ့သည်မှာ သုံးရက်ရှိပေပြီ။ ထိုအတောအတွင်း မည်သည့်အန္တရာယ် အနှောင့်အယှက်မှ မတွေ့ရဘဲ အေးချမ်းစွာနေကြရသည်။

ကြွက်များကလည်း သူတို့ဘာသာနေပြီး လူများကိုလာနှောက်၍ အန္တရာယ်ပေးခြင်းမရှိပေ။

ထို့ပြင် ဂူအတွင်းမှာပေါက်နေသော ကန်စွန်းဥများ



www.burmeseclassic.com

www.burmeseclassic.com



လည်းရနေရာ အစားအသောက်ကလည်း ရနေကြလေသည်။ သို့သော်လည်း နောက်မှ ဂေါ်ရခါးစစ်သားများ လိုက်မလာဘူး ဆိုပါက နောက်ထပ်တစ်ရက်နှစ်ရက်နေပြီး လူစုခွဲကာ မိမိတို့ နေရပ်သို့ပြန်ရန် တိုင်ပင်ထားကြလေသည်။ ထိုနေ့ညက ထူးထူး ခြားခြား ဂူကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

သို့သော်လည်း မည်သူမှ ထွေထွေထူးထူးမတွေးကြဘဲ စားမြဲတိုင်းစားသောက်ကာ အိပ်ချိန်ရောက်သောအခါ အသီးသီး အိပ်ရာဝင်ကြလေသည်။

သို့သော်လည်း ဂူထဲမှာ အလင်းရောင်ပျောက်သွား သောအခါ ကြောက်စရာကောင်းသော အန္တရာယ်ဆိုးကြီးက ၎င်းတို့ရှိသောနေရာသို့ ရောက်လာကြတော့သည်။ အားလုံးအိပ် ပျော်နေပြီဖြစ်သောကြောင့် . . ပထမတော့ ထိုအန္တရာယ်များ ရောက်နေသည်ကို မသိကြပေ။ နောက်မှ နားထဲမှာ ထူးထူးခြား ခြားအသံများကြောင့် လန့်နိုးလာကြသည်။

ထကြည့်သောအခါ ထိတ်လန့်ဖွယ်ရာမြင်ကွင်းကို တွေ့ မြင်ကြရလေသည်။ အခြားမဟုတ်ပေ။

သူတို့အားလုံးကို ကြွက်များ စက်ဝိုင်းသဏ္ဌာန် ပတ်ဝိုင်း ထားကြလေပြီ။ တစ်နေရာမှ ကွက်လပ်မရှိတော့ပေ။

နေရာအနှံ့ မည်းမည်းလှုပ်နေတော့သည်။

ကြွက်များရောက်နေသောနေရာမှာ သူတို့ရှိနေသော နေရာနှင့် မဝေးလှတော့ပေ။

အနီးဆုံးမှာ တစ်လံနှစ်လံထက် မပိုတော့ပေ။





ထိုအခြေအနေကိုမြင်တော့ အားလုံးမျက်လုံးပြူးသွား ကြသည်။ ထိတ်လန့်ကြောက်ရွံ့သွားကြသည်။

တချို့က ကြောက်လန့်တကြားနှင့် ထွက်ပြေးရန်ဟန် ပြင်လေရာ ဖာလာဟီးကပြောသည်။

"ဒီအခြေအနေရောက်တော့မှ မင်းတို့ထွက်ပြေးလည်း မလွတ်တော့ဘူး၊ ငါမေးတာမှန်မှန်သာပြောပေတော့ မင်းတို့အ ထဲမှာ အများဘယ်သူလုပ်ခဲ့သလဲ. . . ရွှေတုံးတွေကို ဘယ်သူယူ သာသလဲ"

ထိုသို့မေးသောအခါ တစ်ယောက်မှ အဖြေမပေးကြဘဲ မျက်လုံးအပြူးသားဖြင့် သူကြည့်ငါကြည့် ကြည့်နေကြသည်၊

ဖာလာဟီး က ဆက်ပြောသည်။

"ငါပြောတာကို သေသေချာချာနားထောင်ပါ။ ဒီကြွက် တွေက ရွှေတုံးတွေကို မယူတဲ့သူကို ဘာမှလုပ်မှာမဟုတ်ဘူး၊ ရွှေတုံးယူထားတဲ့သူကိုပဲ ရွေးပြီး တိုက်ခိုက်ကြမှာ"

ထိုစကားကြောင့် အော်လီတာနှင့် အခြားနာဂ တစ် ယောက်တို့မှာ မျက်စိပျက်မျက်နှာပျက်သွားပြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေသည်။

"မင်းတို့နှစ်ယောက် ရွှေတုံးတွေကို ခိုးထားသလား"

"ဟုတ်တယ်၊ ကျုပ်တို့မှားပါတယ်. . ဘယ်လိုလုပ်ရမ လဲ"

"အခုမှတော့ ဘာမှလုပ်မရတော့ဘူး. . . သူတို့က ယူ သွားလို့ တောင်းပန်လို့လည်းရမှာ မဟုတ်ဘူး၊ ဒီတော့ အသက်



www.burmeseclassic.com

www.burmeseclassic.com



စွန့်ပြီး ပြေးကြပေတော့. . လွတ်သွားတော့လည်း မင်းတို့ကံပဲ”

ဟုပြောလိုက်ရာ အော်လီတာတို့နှစ်ယောက်မှာ ဒီအတိုင်းတော့ အသေမခံဘဲ စွန့်စားကြရန် ဆုံးဖြတ်လိုက်ကြဟန် ရှိလေသည်။

သူတို့နှစ်ယောက်သည် မီးပုံထဲမှာမီးစွဲနေသော ထင်းချောင်းတစ်ချောင်းစီယူကာ ကြွက်များပေါ်မှ ကျော်ဖြတ်ပြေးကြလေသည်။

ထိုသို့ပြေးရင်း အနားကပ်လာသောကြွက်များကို မီးတုတ်ဖြင့် ရိုက်သွားကြသည်။

သို့သော်လည်း အကောင်အရေအတွက်များလှသော ကြွက်များက သူတို့ကိုယ်ပေါ်သို့တက်ကာ တွေ့သမျှကိုက်ဖြတ်ကြလေသည်။

တစ်ယောက်က ကြောက်လန့်တကြားဖြင့် ကျောက်တုံးကြီး တစ်တုံးပေါ်သို့ တက်သွားလေသည်။

ကြွက်များကလည်း နောက်မှထပ်ကြပ်မကွာ လိုက်သွားကြသည်။

ခဏကြာတော့ ပြေးစရာမရှိသော ကျောက်တုံးထိပ်ပေါ်မှာ မိသွားပြီး တလိမ့်ခေါက်ကွေး ပြုတ်ကျလာတော့သည်။ အောက်သို့ရောက်သောအခါ အခြားကြွက်များကပါ ဝိုင်းအုံလိုက်သောအခါ လူကိုမမြင်ရတော့ဘဲ မည်းမည်းအပုံကြီးသာ လှုပ်မြင်နေရတော့သည်။

ထိုနေရာမှာ နီမောင်တို့ရှိနေသောနေရာနှင့် မဝေး





တော့ အတိုင်းသားမြင်နေရပေရာ အားလုံးရင်တမမနှင့် ရှိနေကြသည်။

ခဏကြာတော့ ထိုနေရာမှ ကြွက်များက အခြားတစ်ယောက်ဆီသို့ လိုက်သွားကြရာ ထိုနေရာတွင် တစ်ကောင်မှ မကျန်ခဲ့တော့ပေ။

ကြွက်များရှင်းသွားသောအခါ ထိုနေရာ၌ ဖြူဖွေးနေသော အရိုးစုတစ်ခုနှင့် ရွှေတုံးရွှေခဲအချို့ ကျန်ခဲ့တော့သည်။

မီးရောင်ဖြင့် ရွှေတုံးရွှေခဲများမှာ အရောင်တလက်လက် တောက်ပနေလေတော့သည်။

ခဏလေးအချိန်အတွင်းမှာ အရိုးစုဘဝရောက်သွားသော နာဂလူရွှယ်ကတော့ ထိုရွှေတုံးများကို မက်မောနိုင်ခွင့် မရှိတော့ပေ။

အခြားတစ်ယောက်ကတော့ အော်လီတာ ဖြစ်သည်။

အော်လီတာကတော့ ကံကောင်းသည်ဟုဆိုရပေမည်။ ကြွက်များက အခြားတစ်ယောက်ကို မဲနေချိန်မှာ ထွက်ပေါက်ရောက်အောင် ပြေးနိုင်ခဲ့သည်။

သူသည် ထွက်ပေါက်ရောက်သော်လည်း သွေးရူးသွေးတန်း ဖြစ်နေသည်။

တစ်ညလုံး ပြေးမိပြေးရာ ပြေးနေတော့သည်။ တစ်ကိုယ်လုံးမှာလည်း သစ်ပင်သစ်ကိုင်း၊ ကျောက်များဖြင့် တိုက်မိသဖြင့် ဒဏ်ရာပေါင်းများစွာရနေပြီး သွေးအလိမ်းလိမ်းနှင့် ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ညိုသော်လည်း နောက်မှ လူသားစားကြွက်အုပ်ကြီး လိုက်လာနေသည်ထင်သဖြင့် မရပ်မနားဝံ့ဘဲပြေးမြဲပြေးလေရာ နောက်တစ်နေ့ နံနက်လင်းသည့်အချိန်မှာပင် ကျားရှေ့မှောက် လျက်လဲဆိုသော အဖြစ်မျိုးလို သူတို့ကိုတောနင်းလိုက်ရှာနေကြသော သံပချိုင်တို့နှင့် ပက်ပင်းတိုးမိလေတော့သည်။

“မင်း. . . ထွက်ပြေးသွားတဲ့အုပ်စုထဲမှာ ပါတယ်မဟုတ်လား”

“ဟုတ်. . . ဟုတ်ပါတယ်ဗျာ. . . ”

“မင်းတို့ရောဂါရတယ်ဆိုတာ တကယ်မဟုတ်ဘူး မဟုတ်လား”

“မဟုတ်ပါဘူးဗျာ. . . သူတို့လုပ်တာပါ”

“သူတို့ဆိုတာ ဘယ်သူတွေလဲ”

“သူတို့အထဲမှာ ဆေးဆရာတစ်ယောက်လည်းပါတယ်၊ သူလုပ်တာပါ. . . နောက်ပြီး ဟိုဆေးဆရာမလည်း အလိုတူအလိုပါ ပါပဲ. . . ”

“သူလည်း ပြေးတဲ့အထဲမှာ ပါသွားတယ်မဟုတ်လား၊ မင်းတို့ ဖမ်းခေါ်သွားတာလား”

“မဟုတ်ပါဘူး သူ့ဘာသာလိုက်လာတာပါ၊ သူနဲ့ နီမောင်က ဘာလိုလိုဖြစ်နေကြတာပါ. . . ”

ထိုစကားကြောင့် သံပချိုင်က အံကြိတ်ထားလိုက်သည်။

“အခု ဘာကြောင့် ထွက်ပြေးလာတာလဲ”

“ကျွန်တော့်နောက်က ကြွက်တွေလိုက်လာလို့ပါ”





“ဟင်. . . ဘယ်မှာလဲ”

သံပချိုင်တို့က အလန့်တကြားဖြင့် ပတ်ဝန်းကျင်ကို ကြည့်ကြသော်လည်း ဘာမှထူးထူးခြားခြား မတွေ့ရပေ။

“ကြွက်လိုက်တာပဲ ဒီလောက်သေချာရှင်ပြေး ပြေးရသလား”

“ကြွက်တွေက နည်းတာမှမဟုတ်တာ၊ လူတစ်ယောက်ကို ချက်ချင်းအရိုးကျအောင် စားပစ်နိုင်တယ်”

“ဟင်. . . ဒီလောက်များသလား”

“များတယ်. . . ”

“အခုထွက်ပြေးတဲ့သူတွေရော ဘယ်မှာလဲ”

“အဲဒီကြွက်တွေနေတဲ့ ဂူထဲမှာရောက်နေကြတယ်၊ နောက်ပြီး အဲဒီဂူထဲမှာ ရွှေတုံးတွေလည်း အများကြီးရှိနေတယ်”

“ဟင်. . . တကယ်ရောဟုတ်ရဲ့လား”

“ဟုတ်ပါတယ်. . . ဒီမှာကြည့်ပါလား”

အော်လီတာက သူယူလာသော ရွှေတုံးအချို့ကို ထုတ်ပြရာ သံပချိုင်က ယူကြည့်လေသည်။

အရည်အသွေးကောင်းသော ရွှေတုံးတွေမှန်းသိရသောအခါ မျက်စွာဝမ်းသာသွားလေသည်။

“သူတို့ရှိတဲ့နေရာကို မင်းသိသလား”

“သိပါတယ်”

“ဒါဖြင့်. . . လမ်းပြပေတော့ သွားကြရအောင်”

“မဖြစ်ဘူးထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်မဖြစ်ရမှာလဲ"

"ကြွက်တွေနဲ့တွေ့ရင် အားလုံးသေကုန်ကြလိမ့်မယ်"

သံပချိုင်နှင့်ဂေါ်ရခါးစစ်သားအချို့က သဘောကျစွာ ရယ်လိုက်ကြသည်။

"သိပ်မကြောက်ပါနဲ့ကွာ. . . ငါတို့မှာ သေနတ်တွေပါ ပါတယ်၊ သေနတ်နဲ့တွေ့ရင် ကြွက်မပြောနဲ့ ဆင်တောင်မခံနိုင်ပါ ဘူး၊ နောက်ပြီးအရေးအကြောင်းရှိရင် သုံးဖို့လက်ပစ်ဗုံးတွေ လည်း ပါလာသေးတယ်၊ ဘာမှ ကြောက်စရာမလိုပါဘူး"

ဟု ပြောပြီး လမ်းပြခေါ်ခိုင်းတော့မှ အော်လီတာလည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ခေါ်သွားလေသည်။

တကယ်တော့ သူ့စိတ်ထဲမှာ ကောင်းစွာမမှတ်မိတော့ ပေ။ ညအချိန်လည်းဖြစ် ကြောက်လန့်တကြားပြေးခဲ့ရသော ကြောင့် လမ်းမမှတ်မိခြင်းလည်း ဖြစ်သည်။

သို့ကြောင့် တလည်လည်နှင့်ရှိနေရာမှ နေဝင်ချိန်နီးလာ ချေသည်။

သံပချိုင်ခေါင်းဆောင်လာသော အဖွဲ့မှာ ဂေါ်ရခါးစစ် သားများ အပါအဝင် အားလုံး (၁၅)ယောက်ခန့်ရှိသည်။

သေနတ်၊ ကျည်ဆံနှင့် အခြားလက်နက်ကိရိယာများ လည်း ပါလာကြသည်။

သို့ကြောင့် အတန်အသင့် အားရှိစရာဖြစ်သည်။ နေဝင် ချိန်နီးလာသောအခါမှ ထိုဂူပေါက်ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်ရောက်သွားကြလေသည်။





"မင်းပြောတဲ့ကြွက်တွေက ဘယ်မှာလဲ"

"ဒီဂူထဲမှာ. . ."

"ဒါဖြင့် အထဲကိုဝင်ကြမယ်"

"မ. . . မဖြစ်ဘူး ထင်တယ်. . ."

"ဘာကြောင့်မဖြစ်ရမှာလဲ၊ ပြေးသွားတဲ့လူတွေလည်း ဒီဂူထဲမှာရှိတယ်မဟုတ်လား"

"ရှိ. . . ရှိတယ်"

"မင်း ပြောတဲ့ ရွှေတွေရော ဒီအထဲမှာပဲမဟုတ်လား"

"ဟုတ်တယ်. . ."

"ဒါဖြင့် အချိန်ရှိတုန်းအထဲဝင်ကြမယ်၊ လက်နက်တွေ အဆင်သင့်ပြင်ကြဟေ့. . . အကြောင်းရှိရင်တော့ လက်မနှေး ကြစေနဲ့"

ဟုပြောဆိုကာ လက်နက်များ၊ လက်နှိပ်မီးများကို အ သုံးပြုပြီး အဆင်သင့်ပြင်ဆင်ကာ အတွင်းသို့ဝင်ကြလေသည်။

အတွင်းရောက်တော့ အလင်းရောင်အချို့ကိုတွေ့နေ ရသည်။

"ဘယ်ကအလင်းရောင်လဲ"

"ကျောက်တုံးတစ်တုံးက မီးလင်းနေတာလို့ပြောတယ်"

"ဟင်"

သံပချိုင်မှာ များစွာစိတ်ဝင်စားသွားလေသည်။

သူ့စိတ်ထဲမှာ တန်ဖိုးရှိသော ကျောက်တုံးတစ်တုံးဖြစ်နိုင် သည်ဟု ခန့်မှန်းမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရောက်တော့ ကြမ်းပြင်ပေါ်မှာ လူအရိုးစုများကို တွေ့ရသည်။

အချို့နေရာများမှာ လူအရိုးစုပုံသဏ္ဍာန် ကျောက်တုံးများကိုတွေ့ရပြီး တစ်နေရာမှာတော့ မျက်လုံးပေါက်နှစ်ခုမှ အလင်းရောင် များဖြာထွက်နေသည့် အရိုးခေါင်းတစ်လုံးကို တွေ့ကြရသည်။

ထိုနေရာတစ်ဝိုက်မှာတော့ ကျောက်နံရံများ၊ ကျောက်တုံးများကြားတွင် အပေါက်ပေါင်းများစွာ ရှိလေသည်။

"မင်းပြောတဲ့ကြွက်တွေက ဘယ်မှာလဲ"

ထိုသို့ပြောနေစဉ်မှာ မျက်လုံးပေါက်မှ ဖြာထွက်နေသော အလင်းရောင်များက တဖြည်းဖြည်းနှင့် မှေးမှိန်လာပြီးနောက် အတန်ကြာတော့ မှောင်ကျသွားတော့သည်။

သံပချိုင်တို့မှာ ပြောင်းလဲသွားသော အခြေအနေကို ကြည့်ပြီး အံ့သြနေကြသည်။

သေနတ်များကိုသာ အဆင်သင့်ကိုင်ထားကြသော်လည်း ဘာလုပ်ရမှန်းမသိအောင် ဖြစ်နေကြသည်။

ဂူထဲမှာ မှောင်ကျသွားသောအခါ အသံအချို့ကြားလာရသည်။ အသံများက ဘယ်နေရာကလာမှန်းမသိကြသော်လည်း တဖြည်းဖြည်းနှင့် နီးလာသလိုရှိသည်။

လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်တော့လည်း ဘာမှ မတွေ့ရပေ။

လက်နှိပ်မီးရောင် ပြန်မှိတ်လိုက်သောအခါ အသံများ





ကို ထပ်ကြားရပြီး ပိုနီးလာသည်။

ထိုအခါ အော်လီတာထံမှ တုန်တုန်ယင်ယင်ဖြင့် စကားသံထွက်လာသည်။

"သူတို့ရောက်လာကြပြီ"

ထိုအသံကြားရသဖြင့် လက်နှိပ်မီးရောင်များဖြင့် နောက်တစ်ကြိမ် ထိုးကြည့်သောအခါ ဂူကြမ်းပြင်ပေါ်မှာရှိနေသော ကျောက်တုံးကျောက်ခဲများနှင့် အရိုးစုများပျောက်နေပြီး အမည်းရောင်ပြောင်းနေချေပြီ။

"ဟင်. . ."

အထိတ်တလန့်ဖြင့် အသေအချာကြည့်သောအခါ အကောင်အရေအတွက် မြောက်မြားလှသော ကြွက်များက သူတို့ကို စက်ဝိုင်းသဏ္ဍာန် ပတ်ဝိုင်းထားကြလေပြီ။

စောစောက မမြင်ရပါဘဲ ယခုဘယ်နေရာမှ ထွက်လာမှန်းမသိသော်လည်း အကောင်အရေအတွက်က မရေမတွက်နိုင်အောင် ရှိတော့သည်။

"ပစ်. . . ပစ်ကြ. . ."

ဟု အမိန့်ပေးလိုက်သည်နှင့် ဂေါ်ရခါးစစ်သားများက သေနတ်များဖြင့်ပစ်ကြရာ ဂူအတွင်းမှာ သေနတ်သံများ ဆူညံသွားတော့သည်။

ပဲ့တင်သံများကြောင့် နားကွဲလုမတတ် ဖြစ်သွားလေသည်။ သို့သော်လည်း အကောင်အရေအတွက်များလှသော ကြွက်များက ရှေ့သို့တိုးမြဲတိုးလာကြကာ သေနတ်ဖြင့်ပစ်နေသူ



www.burmeseclassic.com

www.burmeseclassic.com



များ ကိုယ်ပေါ်သို့ ဝိုင်းတက်ကြလေတော့သည်။ ထိုအခါ စော ဆောကပေါ်ထွက်နေသော သေနတ်သံများရပ်သွားပြီး အော်ဟစ် ညည်းညူသံများ ပေါ်ထွက်လာလေတော့သည်။

ကြွက်များက သေနတ်ပစ်နေသူများကိုယ်ပေါ်သို့ ဝိုင်း အုံတက်လာပြီး ဦးစွာ ဝတ်ထားသောအဝတ်များကို ချွန်ထက် သည့် သွားများဖြင့် ကိုက်ဖြတ်ပစ်ကြသည်။

ကိုယ်ပေါ်မှ အဝတ်များမရှိတော့သည့်အခါ အသား များကို အတစ်လိုက်၊ အကွင်းလိုက် ဝိုင်းကိုက်ကြရာ နောက်ဆုံး သွေးကြောများပြတ်ကာ မလှုပ်နိုင်တော့ဘဲ ပုံလဲကျသွားတော့ သည်။

ထိုသို့လဲကျသွားသည်နှင့် ရာပေါင်းများစွာသော ကြွက် အုပ်များက ချက်ချင်း ကိုယ်ပေါ်သို့ ဝိုင်းအုံတက်လာကြပြီး ကိုက် ဖြတ်စားသောက်ကြရာ မိနစ်ပိုင်းအတွင်း အရိုးစုဘဝ ရောက် သွားရတော့သည်။

ထိုအခါမှ အုပ်စုလိုက်ကြီး အခြားနေရာရွှေ့ပြောင်း သွားကြလေသည်။

ဂူအတွင်းသို့ ဝင်လာမိကြသော သံပချိုင်တို့ ကံကြမ္မာ ကား မတွေးဝံ့စရာပင် ဖြစ်ပေတော့သည်။





# အခန်း (၁၆)

# မရဏာလမ်းမှ လက်မတင်လွတ်ကြခြင်း

သံပချိုင်တို့ကံကြမ္မာကား ပြောမပြတတ်အောင်ပင် အ ကြီးအနေဆိုးဝါးကြသည်။

ဂူအတွင်းဝင်သွားစဉ်က အော်လီတာ အပါအဝင် ဆယ့် ခြောက်ယောက်ရှိသော်လည်း ယခုအပြင်ရောက်အောင် ပြန် ထွက်လာနိုင်သည်က ငါးယောက်သာကျန်တော့သည်။

ထိုအထဲတွင် အော်လီတာမပါတော့ဘဲ သံပချိုင်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ဂေါ်ရခါးစစ်သားလေးယောက်တို့သာ ဖြစ်သည်။

သူတို့ငါးယောက်မှာလည်း အကောင်းပကတိအတိုင်း ပြန်ထွက်လာနိုင်ခြင်းတော့ မဟုတ်ကြပေ။

ဝတ်ထားသော အဝတ်အစားများက အစိတ်စိတ် အမြွာမြွာ စုတ်ပြတ်နေသည့်အပြင် တစ်ကိုယ်လုံးမှာလည်း အသားများမှာ အကွင်းလိုက် အကွက်လိုက် ပြတ်ထွက်နေကြသည်။

ထိုနေရာများမှ သွေးများ မရပ်မနားထွက်နေသဖြင့် ရှိသမျှအဝတ်အစားများ ဆုတ်ဖြဲကာ စည်းထားကြရသည်။ ဒဏ်ရာများက နာကျင်လှသောကြောင့် အော်ဟစ်ညည်းညူနေကြလေသည်။

၎င်းတို့ရောက်နေသောနေရာမှာ ဂူပေါက်ဝနှင့် မဝေးလှပေ။

သို့သော်လည်း ယခုအချိန်မှာတော့ အလင်းရောင်ကောင်းစွာရနေပြီဖြစ်ရာ မည်သည့်အန္တရာယ်မှ မတွေ့ရတော့ပေ။

“ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ”

“ငါတို့မှာ ဒဏ်ရာတွေရထားတာဆိုတော့ စခန်းရောက်အောင် ပြန်ဖို့မဖြစ်နိုင်တော့ဘူး၊ နောက်ကအဖွဲ့တွေသိအောင် သေနတ်ဖောက်ပြီး အချက်ပေးရတော့မှာပဲ”

ဟုပြောပြီး ၎င်းတို့ချင်းနားလည်သောပုံစံဖြင့် သေနတ်ဖောက်ပြီး အချက်ပေးကြသည်။

အချိန်အတော်ကြာတော့မှ အတော်ဝေးသောနေရာမှ





သေနတ်သံများကြားရသည်။

သို့သော်လည်း သူတို့ရှိရာသို့ ချက်ချင်းရောက်မလာနိုင်ဘဲ နေဝင်ခါနီးအချိန်ရောက်တော့မှ ဂေါ်ရခါးစစ်သားအချို့ ရောက်လာသည်။

သူတို့ရောက်လာတော့မှ ဒဏ်ရာရနေသူများအား ဆေးကုပေးကြရသည်။

“ဘယ်လိုဖြစ်ကြတာလဲ၊ တရားခံတွေရှာတွေ့ပြီလား”

နောက်မှရောက်လာသောတပ်ကို ဦးဆောင်လာသော တပ်ကြပ်ကြီးကမေးသည်။

“တွေ့ပြီ. . . သူတို့ဒီဂူထဲမှာရှိတယ်”

“ဘာကြောင့် ဝင်မဖမ်းတာလဲ၊ ခင်ဗျားတို့ရောဘယ်လိုဖြစ်တာလဲ. . . ဂျပန်တွေနဲ့တွေ့လို့လား”

“ကျုပ်တို့တွေ့ရတဲ့ရန်သူက. . ဂျပန်တွေထက်ပိုပြီး ကြောက်ဖို့ကောင်းတာပေါ့၊ သူတို့လက်ချက်ကြောင့် ကျန်တဲ့လူတွေလည်း သေကုန်ကြပြီ”

သံပချိုင်က ၎င်းတို့ကြုံတွေ့ရသော အဖြစ်အပျက်များကို ပြန်ပြောပြလိုက်သည်။

ထိုတပ်ကြပ်ကြီးက မယုံကြည်နိုင်သောအမူအရာဖြင့် ကြည့်နေသည်။

“ခင်ဗျားပြောတဲ့ ကြွက်တွေက ဘယ်လောက်များလို့လဲ”

“ရာပေါင်းများစွာရှိတယ်. . ခင်ဗျားတို့ဝင်ရင်လည်း [illegible]နဲ့တွေ့ရင် သေမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ပြောပုံအရဆိုရင် အရမ်းဝင်လို့ ဘယ်ဖြစ်ပါ မလဲ စစ်တိုက်တယ်ဆိုတာ ဉာဏ်နဲ့တိုက်မှ အနိုင်ရမယ်"

"ဘယ်လိုတိုက်မှာလဲ"

"ဘယ်လေဖက်များတဲ့ တိရစ္ဆာန်ဖြစ်ပေစေ မီးကိုတော့ ကြောက်တယ်၊ မီးအပူဒဏ်ကို မခံနိုင်ကြဘူး၊ သေနတ်ကျည်ဆံနဲ့ တိုက်လို့မရတဲ့ သတ္တဝါတွေကို မီးတိုက်ပစ်ရမယ်"

လူမည်းတပ်ကြပ်ကြီးကတော့ အတွေ့အကြုံများသူဖြစ် ရာ သူတပည့်များအား ဂူအတွင်းသို့ ဝါးပင်ခြောက်များ၊ သစ်ပင် ခြောက်များ ရသမျှ ထည့်ခိုင်းလေသည်။

လူအင်အားဖြင့် လုပ်သောအခါ ညနေစောင်းအချိန် တွင် ဂူပေါက်ဝမှ အရိုးခေါင်းများရှိသောနေရာအထိ ဝါးပင် ခြောက် သစ်ပင်ခြောက်များ ပြည့်သွားလေတော့သည်။

သူတို့က တစ်နေရာမှ အခြေအနေစောင့်ကြည့်နေကြ သည်။

ဂူထဲမှာ အလင်းရောင်ပျောက်သွားသောအချိန်တွင် တွင်းများထဲမှ ကြွက်များထွက်လာကြသည်။

ကြွက်များက တွေ့သမျှ ဝါးပင်ခြောက်၊ သစ်ပင်ခြောက် များကို ကိုက်ဖြတ်ရာ အသံများဆူညံနေတော့သည်။

ထိုအခါမှ ဂူပေါက်မှာရှိသော ဝါးကိုင်းခြောက်များကို မီးရှို့ကြလေတော့သည်။

ဝါးကိုင်းခြောက်၊ သစ်ကိုင်းခြောက်များမှာ နွေရာသီ ခြောက်သွေ့နေလေရာ မီးရှို့လိုက်သည်နှင့် မီးတောက်ကြီးများ





ချက်ချင်းထလာလေတော့သည်။

မီးတောက်များက ဂူအတွင်းပိုင်းသို့ တောက်လျှောက် လောင်သွားလေတော့သည်။

ထိုအခြေအနေကို ဂူထဲရောက်နေကြသည့် နီမောင်တို့ က သိကြလေသည်။

"သူတို့ ဂူပေါက်ဝကနေ မီးတွေနဲ့တိုက်နေတယ်. . . မီးတောက်တွေက ဂူထဲရောက်လာရင် ကြွက်တွေအထဲမှာ နေ နိုင်ကြမှာမဟုတ်ဘူး၊ ဒီအခါ အတွင်းဝင်လာကြလိမ့်မယ်"

"အတွင်းဝင်လာရင် ကျွန်တော်တို့နဲ့တိုးမှာပေါ့"

"အန္တရာယ်ကြောင့် ပြေးလာရင်တော့ ရန်သူမိတ်ဆွေ သိနိုင်တော့မယ်မထင်ဘူး. . တွေ့သမျှကိုက်မှာ သေချာတယ်၊ ဘယ်လိုလုပ်ကြမလဲ"

"ဒီနေရာက အမြန်သွားမှဖြစ်မှာပေါ့"

"အပြင်မှာ မီးတောက်တွေ ပိတ်နေတာ ဘယ်လိုထွက် မှာလဲ ဒီအခါမှထွက်ရင် လမ်းမှာတင် ကြွက်တွေနဲ့တိုးမှာပေါ့"

ဟု အချင်းချင်းတိုင်ပင်နေကြသည်။

နောက်မှ နီမောင်ကပြောသည်။

"ဟိုတစ်နေ့က အလင်းရောင်ထွက်တဲ့ အရိုးခေါင်းနေ ရာ သွားကြည့်တုန်းက အပြင်ထွက်လို့ရတဲ့အပေါက် ရှိနေတာ တွေ့ရတယ်၊ အဲ့ဒီအပေါက်ကထွက်ရင် ရမယ်ထင်တာပဲ"

"ကိုင်း. . ဒါဖြင့်. . ကြွက်တွေရောက်မလာခင် အဲဒီနေ ရာကို သွားကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောဆိုတိုင်ပင်ကာ ချောင်းတစ်ဖက်သို့ ဖြတ်ကူး သွားကြလေသည်။

သူတို့အဖွဲ့မှာ ဆယ့်ငါးယောက်မှ အော်လီတာတို့နှစ်ယောက်လျော့သွားသောကြောင့် ဆယ့်သုံးယောက်သာ ကျန်တော့သည်။ ရွှေတုံးများရှိသောနေရာသို့ ရောက်သောအခါ ဇာလာဟီးက ပြောသည်။

"ငါတို့ ဒီဂူထဲက အပြင်ထွက်နိုင်ရင် အသက်ရှင်မယ်။ မထွက်နိုင်ရင်တော့ အားလုံးသေမှာပဲ. . . သေမြေကြီး၊ ရှင်ရွှေထီး ဆိုတဲ့အတိုင်း ဖြစ်နေပြီဆိုတော့ ကြုံတုန်းရွှေတုံးတွေကို ရသလောက်သာ ယူခဲ့ကြပေတော့"

ဟုပြောသဖြင့် အားလုံးကိုယ်စီကိုယ်ငှ ရွှေတုံးများကို ရသလောက်၊ နိုင်သလောက် သယ်ယူကြလေသည်။

ထိုနေရာရောက်သောအခါ ဂူပေါက်ဝဘက်မှ ပေါက်ကွဲသံကြီးများ ပေါ်ထွက်လာသည်။

နောက်မှရောက်လာသော စစ်သားများက အကောင်အရေအတွက်များပြားလှသော ကြွက်များရှိရာသို့ လက်ပစ်ဗုံးများ ပစ်သွင်းပြီး နှိမ်နင်းနေကြလေသည်။ လက်ပစ်ဗုံးများ ပေါက်ကွဲမှုကြောင့် ဂူပေါက်ဝမှ ကျောက်တုံးများ၊ ကျောက်နံရံများပင် ပြိုကျစပြုလာလေပြီ။

မီးတောက်များ အရှိန်ကြောင့်သော်လည်းကောင်း၊ ပေါက်ကွဲမှုများကြောင့်သော်လည်းကောင်း ဂူအတွင်းမှာရှိနေကြသောကြွက်များက အပြင်သို့မထွက်သာတော့ဘဲ ဂူအတွင်းပိုင်း





သို့ ဆူဆူညံညံအသံများဖြင့် ပြေးဝင်လာကြလေသည်။

ထိုအခြေအနေကို ရိပ်မိကြသော နီမောင်တို့မှာ ရွှေတုံးများကိုမြင်နေရသော်လည်း မက်မောမနေငံ့ကြဘဲ ရသမျှလေးသာ ကောက်ယူပြီး အလင်းရောင်ရှိနေသော ကျောက်အရိုးခေါင်းကြီးရှိရာသို့ ပြေးတက်သွားကြသည်။

ထိုနေရာနှင့်တည့်တည့်နေရာတွင် အပေါ်သို့ဘောက်လျှောက်ပေါက်နေသော အပေါက်ကြီးကိုတွေ့ကြရသည်။

အပေါက်မှာ သိပ်တော့မကျယ်လှပေ။

လူတစ်ယောက် ဝင်သာရုံသာရှိသည်။

ထို့ပြင် အဖုအထစ်သိပ်မရှိဘဲ ခေါင်းတိုင်တစ်ခုသဖွယ် ပြောင်ချောနေပြီး အပေါ်ပိုင်းနေရာမှာ အတော်ကျဉ်းမြောင်းဟန်ရှိသည်။

"အပေါ်ရောက်အောင်တက်ဖို့ လွယ်ပါ့မလား"

"ရအောင်တက်ရမှာပဲ၊ အပေါ်ကိုတစ်ယောက် ရောက်သွားရင်. . နွယ်ကြိုးတစ်ချောင်း ချပေးလိုက်ရင် ကျန်တဲ့သူတွေ တက်ရလွယ်မယ်"

"ဒါဖြင့် အမြန်လုပ်ရမှာပဲ၊ ဘယ်သူတက်မလဲ"

"ငါတက်မယ်"

နီမောင်ကပြောလိုက်သည်။

ကျောက်ခေါင်းပေါက်မှ ပေသုံးဆယ်ခန့် နက်သဖြင့် အတော်ကြိုးစားတက်ရမည် ဖြစ်သည်။

သို့သော်လည်း အချိန်ဆွဲနေ၍မရတော့ဘဲ စတက်ရန်



www.burmeseclassic.com

www.burmeseclassic.com



မြင်လေသည်။

စောထီး၊ ငမဲအောင်တို့က ပခုံးဖြင့်ထမ်းပြီး အပေါ်ရောက်အောင် တင်ပေးလိုက်သဖြင့် ချက်ချင်းကျောက်အခေါင်းပေါက်အတွင်း ရောက်သွားသည်။

ကျောက်လိုဏ်ခေါင်းမှာ အဖုအထစ်သိပ်မရှိပေ။

သို့ကြောင့် နံရံကို ခြေထောက်နှစ်ဖက်ဖြင့် ကန်ကာတစ်ဆင့်ချင်း တက်ရလေသည်။

အဖုအထစ်များရှိသောနေရာရောက်လျှင် ရပ်ပြီး ခဏနားသည်။

ပြီးလျှင် ဆက်တက်ပြန်သည်။

နောက်ဆုံးတော့ အပေါ်ပိုင်းသို့ရောက်သွားလေသည်။

ထိုနေရာရောက်တော့မှ အခက်အခဲတွေ့ရတော့သည်။ ထိုနေရာက ကျဉ်းသောကြောင့် လူတစ်ကိုယ်မဝင်သာအောင် ကြပ်သွားသည်။

ရှေ့တက်မရ၊ အောက်ဆင်းမရ ဖြစ်သွားသည်။

အကယ်၍ ထိုနေရာကိုဖြတ်ကျော်နိုင်လျှင် အကျယ်ရှိသော နေရာရောက်နိုင်လေသည်။

အခက်အခဲက တစ်ခုတည်းမဟုတ်ပေ။

လိုဏ်ခေါင်းပေါက်က ကျဉ်းရသည့်အထဲ ကိုင်စရာအဖုအထစ်မရှိဘဲ ပြောင်ချောနေသည်။

အပေါ်တက်ဖို့ကလည်း ပခုံးနှင့်လက်နှစ်ဖက်က ညှပ်နေသောကြောင့် မရပေ။





"ဆင်ပြောင်ကြီး အမြီးကျမှတစ်သလိုတော့ ဖြစ်နေပြီ. . . ငါမအောင်မြင်ရင် အောက်မှာကျန်ခဲ့တဲ့လူတွေအားလုံးသေမှာပဲ. . ငါရအောင်ကြိုးစားမှဖြစ်မယ်. . ."

ဟုတွေးမိကာ ဆက်ပြီးကြိုးစားပြန်လေသည်။

ဦးစွာ ခြေထောက်နှစ်ဖက်ကို မြဲအောင်ကန်ထားပြီး လက်နှစ်ဖက်ကို ဖြုတ်ချလိုက်သည်။

လက်နှစ်ဖက် အောက်ရောက်သွားတော့ ပခုံးဘာ ကျုံ့သွားလေသည်။

ထိုအခါ နည်းစနစ်ပြောင်းပြီး လက်နှစ်ဖက်တည်း အပေါ်ရောက်အောင် ထိုးတင်လိုက်ရာ အောင်မြင်သွားလေသည်။

ထိုလက်ဖြင့် ကိုင်စရာရှာကြည့်တော့ ကျောက်စွန်းတစ်ခုကို စမ်းမိသဖြင့် လှမ်းဆွဲသည်။

လက်မြဲသွားတော့ ဆွဲပြီး ခေါင်းရအောင်တိုးဝင်သည်။

ခေါင်းဝင်ပြီး ပခုံးပါသွင်းယူနိုင်သောအခါ သူတစ်ကိုယ်လုံး အပေါ်ရောက်ရန် မခဲယဉ်းတော့ပေ။

"ငါအောင်မြင်ပြီ. . ."

ထိုသို့အားတင်းပြီး အပေါ်သို့ဆက်တက်သွားရာ. . နောက်ဆုံးမှာ တွင်းအပေါ်သို့ ရောက်သွားလေသည်။

အပေါ်သို့ရောက်ပြီးနောက် အသက်ဝအောင်ရှူပြီး ထိုနေရာတစ်ဝိုက် နွယ်ကြိုးရှည်ရှည်တစ်ချောင်းကို ခုတ်ယူပြီး ချပေးလိုက်ရာ တစ်ယောက်ပြီးတစ်ယောက် အပေါ်သို့ရောက်အောင် တက်လာနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကျန်ခဲ့သူမှာ စောထီးဖြစ်သည်။

သူအပေါ်မတက်ရသေးခင်မှာ ပေါက်ကွဲမှုများကြောင့် ဥအတွင်းသို့ ပြန်လှည့်ပြေးလာကြသော မြောက်မြားလှသော ကြွက်များက မနီးမဝေးရောက်လာတော့သည်။

သူနှင့်မနီးမဝေးရောက်သောအချိန်မှာပင် နွယ်ကြိုးကို လှမ်းဆွဲပြီး ခုန်တက်လိုက်နိုင်သဖြင့် လက်မတင်လေး လွတ်မြောက်သွားသည်။

နည်းနည်းနောက်ကျပါက မတွေးဝံ့စရာပင်။

ဒါတောင် အချို့အကောင်များက နောက်မှတက်လိုက်လာကြသဖြင့်. . . ခြေထောက်ဖြင့်ကန်၊ လက်ဖြင့်ပုတ်ချရသေးသည်။

သူအပေါ်ရောက်သွားပြီးနောက်တွင် နွယ်ကြိုးကိုဖြတ်ချလိုက်ကာ အပေါက်ကိုကျောက်တုံးတစ်တုံးဖြင့် ပိတ်ဆို့ထားလိုက်ကြသည်။

ထိုအချိန်မှာ ပေါက်ကွဲမှုများကြောင့် ကျောက်တုံးကြီးများ ပြိုကျလာကာ ဝင်ပေါက်လည်း ပိတ်သွားခဲ့လေပြီ။

အထဲရောက်နေသော သံပချိုင်တို့ကံကြမ္မာကတော့ မည်သို့မည်ပုံရှိကြလေမည် မသိနိုင်တော့ပါချေ။





# အခန်း (၁၈)

# သွေးရောင်လမ်းမှ မေတ္တာဝန်း

မြန်မာနိုင်ငံအတွင်း၌ လူ့အသက်ပေါင်းများစွာတို့ကို စတေးပြီး ဖောက်လုပ်ခဲ့ရသော သေမင်းတမန်လမ်းမကြီး နှစ်သွယ်ရှိပါသည်။

အရှေ့တောင်ဘက်တွင် မြန်မာ-ယိုးဒယား မီးရထားလမ်းဟု လူသိများခဲ့သော သေမင်းတမန်လမ်းမကြီးနှင့်. . . အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံလီဒိုမှ မြန်မာနိုင်ငံအတွင်းဖြတ်ကာ အရှေ့ဘက် တရုတ်ပြည် ပေါက်သည်အထိ. .



www.burmeseclassic.com

www.burmeseclassic.com



ဖောက်လုပ်ခဲ့ကြသော 'လီဒိုလမ်းမကြီး'တို့ပင် ဖြစ်ကြလေသည်။

ဂျပန်တို့သည် မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ချွေးတပ်သားပေါင်း (၁၇၀၀၀၀)တစ်သိန်းခုနစ်သောင်း အသုံးပြုကာ (၁၉၄၂)ခုနှစ်တွင် ယိုးဒယားနိုင်ငံ ဘန်ပေါင်ဘူတာ(□□□ □□□□)မှ မြန်မာနိုင်ငံ သံဖြူဇရပ်ဘူတာအထိ (၁၇၅)မိုင် ရှည်လျားသော မီးရထားလမ်းကို ဖောက်ခဲ့ရာ (၁၉၄၅)ခုနှစ်တွင် ပြီးစီးခဲ့သည်။

ဗြိတိသျှနိုင်ငံ စစ်ကော်မရှင်က ထုတ်ပြန်ကြေညာရာမှာတော့ ချွေးတပ်သားပေါင်း (၈၀၀၀၀)ကျော် (၉၀၀၀၀)ခန့်အထိ သေကျေပျက်စီးခဲ့ကြောင်း ဖော်ပြထားသည်။

လီဒိုလမ်းမကြီးကိုတော့ (၁၉၄၂)ခုနှစ်တွင် အစပြုကာ (၁၉၄၃)ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖောက်လုပ်ခဲ့ကြသည်။

လီဒိုလမ်းမှာ အနောက်ဘက်အိန္ဒိယနိုင်ငံ လီဒိုမှ မြန်မာနိုင်ငံအတွင်းရှိ ပတ်ကိုင်တောင်တန်း၊ ရှင်ဗွေယံ၊ တနိုင်း၊ ဟူးကောင်း၊ မိုးကောင်း၊ မြစ်ကြီးနားမှ ရေဝတီကိုဖြတ်ကာ ဗန်းမော်လားရှိုး စသည်တို့ကို ဖြတ်ကာ အရှေ့ဘက်တရုတ်ပြည် မာကိုပိုလို လမ်းမကြီးနှင့် ဆက်မိသည်အထိ ဖောက်လုပ်ခဲ့ကြခြင်းဖြစ်၏။

(၁၉၄၃)ခုနှစ်မှ စတင်ဖောက်လုပ်ခဲ့ကြပြီး သုံးနှစ်ကြာအောင် ဖောက်လုပ်ခဲ့ကြရသည်။

(၁၉၄၅)ခုနှစ်တွင် ပြီးမြောက်အောင်မြင်သွားခဲ့ကြသည်။





ခရီးမိုင်ပေါင်း (၁၄၀၀)အရှည်ရှိသည်။

ထိုလမ်းဖောက်လုပ်ခဲ့စဉ်က အခြားမှခေါ်လာသော ချွေးတပ်သားများအပြင် မြန်မာနိုင်ငံမှ တိုင်းရင်းသားများဖြစ်ကြသော ကချင်၊ ချင်း၊ နာဂ၊ ကဒူးကနန်း၊ လီဆူ၊ ရခိုင်၊ ရှမ်း၊ မြန်မာစသော ချွေးတပ်သားများကို ခေါ်ဆောင်ကာ ဖောက်လုပ်ခဲ့ကြရာ ငှက်ဖျားရောဂါ၊ ဝမ်းရောဂါ၊ ကူးစက်ရောဂါများကြောင့်သော်လည်းကောင်း၊ သားရဲတိရစ္ဆာန်များ၏ ဘေးအန္တရာယ်များကြောင့်သော်လည်းကောင်း၊ အခြားသဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း သေဆုံးခဲ့ရသူ မြောက်မြားစွာရှိခဲ့သည်။

သုံးနှစ်တာကာလအတွင်း ရာပေါင်းများစွာ၊ ထောင်ပေါင်းများစွာသော ဒေသခံတို့ အသက်ပေးခဲ့ရသည်။

(၁၉၄၂)ခုနှစ်မှ စတင်ကာ (၁၉၄၃)ခုနှစ်တွင်ဖောက်လုပ်ခဲ့သော မဟာလီဒိုလမ်းမကြီးမှာ (၁၉၄၅)ခုနှစ် ဇန်နဝါရီလ (၂၇)ရက်တွင် တရုတ်ပြည်မှ မာကိုပိုလိုလမ်းမကြီးနှင့် ဆက်မိသွားခဲ့လေသည်။

အမေရိကန်တို့လည်း အိန္ဒိယမှာရှိသော စက်လက်နက်ပစ္စည်းများကို လီဒိုမှတစ်ဆင့် လော်လီကားပေါင်းမြောက်မြားစွာဖြင့် တရုတ်ပြည်ရောက်သည်အထိ သယ်ယူနိုင်ခဲ့ကြလေပြီ။

ထိုအခါမှပင် လမ်းဖောက်သောလုပ်ငန်းလည်း အဆုံးသတ်သွားခဲ့လေတော့သည်။

အလုပ်ပြီးသွားသောအခါ အသက်မသေဘဲ ကျန်နေသူ



www.burmeseclassic.com

www.burmeseclassic.com



များကို မိမိတို့နေရပ်သို့ ပြန်ခွင့်ပေးလိုက်လေသည်။

ချွေးတပ်သားများမှာ ထိုအခါမှပင် လွတ်လပ်ခွင့်ရသွားကြလေတော့သည်။

ထိုအထဲတွင် နီမောင်တို့တစ်တွေလည်း ပါဝင်ကြလေသည်။

သူတို့ကတော့ ချွေးတပ်စခန်းမှ ထွက်ပြေးခဲ့ကြရာ ကံကောင်းထောက်မစွာဖြင့် အသက်မသေဘဲကျန်ခဲ့ရာမှ ချွေးတပ်သားများ လွတ်လပ်ခွင့်ရသွားသောအခါတွင် မိမိတို့နေရပ်သို့ပြန်ကာ အခြေတကျနေကြလေသည်။

သူတို့သည် ကြွက်များရှိသောဂူအတွင်းမှ ရွှေတုံးအချို့ရလာကြရာ ထိုရွှေများကို အရင်းအနှီးပြုပြီး ပျော်ရွှင်စွာ နေကြလေသည်။

သူတို့အားလုံး ပျော်ရွှင်နေကြရလေပြီ. . .။

အားလုံးတို့ထက် ပိုပျော်ရွှင်ဖွယ်ကောင်းသူနှစ်ဦးကတော့ နီမောင်နှင့်မာရီယာတို့ပင် ဖြစ်ကြလေသည်။

အားလုံးလွတ်လပ်ခွင့်ရသွားပြီဖြစ်သော်လည်း မာရီယာတစ်ယောက်ကတော့ အိန္ဒိယသို့ မပြန်နိုင်ရှာတော့ပေ။

အဘယ့်ကြောင့်ဆိုသော်. . .

နီမောင်နှင့် လက်ထပ်ပြီး ဘဝတစ်ခုထူထောင်လိုက်သောကြောင့်ဖြစ်သည်။

နောက်ထပ်ထူထောင်သော ရွာသစ်တွင် လက်ဖက်စိုက်ခင်းအသစ်များ ထပ်မံထူထောင်ကြပြီး မာရီယာကလည်း





ငင်းတတ်ကျွမ်းသော ဆေးပညာဖြင့် ဒေသခံများ၏ ရောဂါဝေဒနာများကို ကုသပေးလျက်ရှိသည်။

"ကိုယ်တော့ မမျှော်လင့်ဘဲ မာရီယာနဲ့တွေ့ပြီး အခုလိုဆုံစည်းခွင့်ရတာ သိပ်ပြီး ဝမ်းသာတာပဲ၊ ကိုယ်တို့နှစ်ယောက်ရဲ့ ဖူးစာက အတော်ကလေး ဆန်းကြယ်တာပဲနော်"

"ကျွန်မလည်း ပျော်ပါတယ် ကိုမောင်ရယ်"

"မြို့မှာနေတဲ့လူတစ်ယောက်က အခုလို လူသူမနီးတဲ့တောတောင်တွေထဲမှာနေရတော့ ပျော်မှပျော်ပါ့မလား. . . နေမှနေနိုင်ပါ့မလားလို့ စိုးရိမ်နေမိတာ ခုမှပဲ စိတ်အေးရတော့တယ်"

"မြို့ကြီးပြကြီးမှာပဲနေနေ. . တောထဲတောင်ထဲမှာပဲနေနေ စိတ်ချမ်းသာဖို့ပဲအရေးကြီးတယ် မဟုတ်လား၊ ရွှေနန်းတော်ထဲမှာ နေရပေမယ့် စိတ်မချမ်းသာပဲ နေရမယ်ဆိုရင် ဘယ်သူ့ နေချင်မှာမဟုတ်ပါဘူး၊ တောထဲမှာနေရပေမယ့် စိတ်ချမ်းသာတဲ့ နေရာမျိုးဆိုရင် ပျော်ရွှင်စရာတွေနဲ့ တွေ့ရမှာပါ၊ မဟုတ်ဘူးလားဟင်. . ."

"ဟုတ်ပါတယ်ဗျာ"

"ကျွန်မ နားလည်ထားတာကတော့ အချစ်မရှိတဲ့နေရာဆိုရင် ဘယ်နေရာမှ ပျော်စရာကောင်းမှာမဟုတ်ပါဘူး၊ အချစ်ရှိတဲ့နေရာဆိုရင် ဘယ်နေရာမဆို ပျော်စရာကောင်းနေမှာပါပဲ"

ဟု အပြုံးလေးဖြင့် ပြောလိုက်ရာ. . နီမောင် ခင်မျာချစ်သူဘဲမှ ထိုကဲ့သို့သော စကားမျိုးကြားရသောကြောင့် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ချုန်းသော မှု ဖြစ်သွားကာ မာရီယာ၏ကိုယ်လေးကို ကြင်နာစွာဖြင့် ထွေးဖက်ထားလိုက်လေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော(သိင်္ဂါရွှေရည် နှင့် ဏီကျော့ကွင်း)အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောန္တု သုခီအတ္တာနံ ပရိဟရန္တု။

BURMESE CLASSIC .com

# တြိစက္ခု (၁)

စာပြီးချိန်။ ။(၂၀၁၂)ခုနှစ်၊မတ်လ(၂၅)ရက်၊တနင်္ဂနွေနေ့၊နံနက်(၉:၀၀)နာရီ

☺ အောင်မြင်စာပေ ☺

